# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်  ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ အင်္ဂါနေ့  အတွဲ [၅၄]၊ အမှတ် [၂၉၆]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပီရူးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော်  ဇူလိုင်  ၂၈

၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ကျရောက်သည့် ပီရူးသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပီရူးသမ္မတနိုင်ငံသမ္မတ မစ္စတာ အိုလန်တာမို့ဆက်စ် ဟူမာလာတက်ဆို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်

နေပြည်တော်  ဇူလိုင်  ၂၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၁၅ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ဦးဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းလှူဒါန်းစဉ်။**

(သတင်းစဉ်)

■ **နိုင်ငံတကာရေးရာသုံးသပ်ချက်**

## အာရှနိုင်ငံများ၌ အိမ်ထောင်ပြုမှု လျော့ကျနေသည့် အခြေအနေ

စာမျက်နှာ ❖ ၅

■ **ပြည်တွင်း**

## အမြန်လမ်းခရီးသွားများ အခမဲ့အိပ်စက်အနားယူနိုင်သည့် သက်တော်စောင့်(ပရဟိတ)တည်းခိုရေးစခန်းဖွင့်

စာမျက်နှာ ❖ ၇

■ **ဆောင်းပါး**

## ချောင်းရေ၌ မျောပါလာသော ဆင်မငယ်လေးအား မိခင်ဆင်မကြီးထံပြန်ပို့

စာမျက်နှာ ❖ ၁၃




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း

ဘွဲ့ရကျောင်းပြီးသည်နှင့် ကျောင်းသား ကျောင်းသူအများစုသည် လုပ်ငန်းခွင်တစ်ခုခုသို့ ဝင်ရောက်နိုင်ရန် မိမိနှင့် သင့်တော်ရာအလုပ်အကိုင်များကို ရှာဖွေကြရပါသည်။ အစိုးရအလုပ်ကို လုပ်ကိုင်ကြသူများရှိသလို ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သူများရှိပါသည်။ အချို့မှာ မိဘဆွေမျိုးများ၏ စီးပွားရေးလုပ်ငန်းတွင်လည်း ဝင်ရောက် လုပ်ကိုင်သူများလည်းရှိပါသည်။

သို့ရာတွင် အလုပ်အကိုင်ပေးလိုသူများ၊ တစ်နည်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းနေရာများနှင့် အလုပ်လုပ်လိုသူများအကြား တိုက်ရိုက်ထိတွေ့ ပေါင်းစပ်နိုင်ခြင်းမရှိခြင်းကြောင့် ဘွဲ့ရပြီးသော်လည်း အလုပ်အကိုင်မရှိသောလူငယ်အများအပြားပင်ရှိပါသည်။ ဘွဲ့ရပြီးဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေသော လူငယ်များစွာရှိပါသည်။ အချို့မှာ တွေဝေငေးမောရင်း တန်ဖိုးရှိလှသောအချိန်များ ကုန်ဆုံးကာ အသက်ကြီးကုန်ကြပါသည်။

လွန်ခဲ့သောနှစ်များက အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ မြန်မာနိုင်ငံတွင် စတင်ပေါ်ပေါက်လာပါသည်။ အလုပ်အကိုင်ပြပွဲဟူသည် အလုပ်အကိုင်ပေးလိုသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အလုပ်အကိုင်လိုအပ်သော လူငယ်များအကြား တိုက်ရိုက်ထိတွေ့လျှောက်ထားပြီး အလုပ်အကိုင်များ ခန့်ထားပေး ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် အလုပ်အကိုင်ပြပွဲများသည် အလုပ်ပေးလိုသူများနှင့် အလုပ်လုပ်လိုသူလူငယ်များအကြား ပေါင်းကူးပေးလိုက်ခြင်းဖြစ်ပါသည်။

ဤပေါင်းကူးတံတားသည် အလုပ်အကိုင် ဖန်တီးပေးရာတွင် အလွန်ထိရောက်သော အစီအစဉ်ပင်ဖြစ်ပါသည်။ ယခုအခါ ဘွဲ့ရလူငယ်များအား အလုပ်အကိုင်ဖန်တီးပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တက္ကသိုလ်များ ပူးပေါင်းကာ အလုပ်အကိုင်ပြပွဲများ မကြာ ခဏ ပြုလုပ်လာသည်ကို တွေ့ရပေသည်။ လူငယ်များအား အလုပ်အကိုင်ဖန်တီးပေးမှုအတွက် အလွန်ထိရောက်မှုရှိသော အစီအမံပင်ဖြစ်ပါသည်။ အလုပ်အကိုင်အမျိုးမျိုးတွင် အချိန်ပြည့်၊ အချိန်ပိုင်းဝင်ရောက်လုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။ အချိန်ပိုင်းအလုပ်များသည် ကျောင်းသား ကျောင်းသူများအတွက် ပညာရှာရင်း အလုပ်လုပ်နိုင်မည့် အခွင့်အလမ်းပင်ဖြစ်ပါသည်။

ဤသို့အချိန်ပိုင်း အလုပ်အကိုင်နေရာများပေါ်ထွန်းများပြားလာစေရန် ကုန်ထုတ်လုပ်ငန်းများသည် ၂၄ နာရီ လည်ပတ်လုပ်ကိုင်သော လုပ်ငန်းများအဖြစ်သို့ ပြောင်းလဲလုပ်ကိုင်လာနိုင်ရမည်ဖြစ်ပါသည်။ နေ့အချိန်သာမကဘဲ ညပိုင်းလုပ်ငန်းခွင်များပါ ပေါ်ပေါက်လာရမည်ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးသောနိုင်ငံများတွင် ဤကဲ့သို့ နေ့ဆိုင်း၊ ညဆိုင်း လည်ပတ်လုပ်ကိုင်ကြခြင်းဖြင့် ကုန်ထုတ်စွမ်းအားများကို မြှင့်တင်လုပ်ကိုင်နေကြသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးရာရောက်ပါသည်။ ကုန်ထုတ်စွမ်းအားတိုးတက်လာခြင်းဖြင့် နိုင်ငံစီးပွားတိုးတက်လာမည် ဖြစ်ပါသည်။

သို့ဖြစ်၍ လူငယ်လူရွယ်များအား အလုပ်အကိုင်အခွင့်အလမ်းများကို စနစ်တကျ ဖန်တီးပေးနိုင်ရေး အစီအမံများ တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။ အလုပ်အကိုင်များ ဖန်တီးပေးခြင်းသည် လူသားအရင်းအမြစ်များကို စနစ်တကျအသုံးပြုနိုင်ခြင်းလည်းဖြစ်ပါသည်။ လူသားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုနိုင်ခြင်းဖြင့် လူတစ်ဦးချင်းဝင်ငွေတိုးတက်လာမည့်အပြင် နိုင်ငံတော်၏စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# မြန်မာနိုင်ငံဆေးကောင်စီအသစ် ပြန်လည်ဖွဲ့စည်းမည်

**ရန်ကုန် ဇူလိုင် ၂၇**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် ဇူလိုင် ၂၆ ရက် နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ မြန်မာနိုင်ငံဆေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံဆေးကောင်စီ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၅ ခုနှစ် ဧပြီ ၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းလိုက်သော မြန်မာနိုင်ငံဆေးကောင်စီဥပဒေသစ်အရ မြန်မာနိုင်ငံဆေးကောင်စီကို အသစ်ပြန်လည်ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ဖွဲ့စည်းမည့် မြန်မာနိုင်ငံဆေးကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် အားလျော်စွာ ကောင်စီ၏လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများ ပိုမိုလာမည် ဖြစ်ပါကြောင်း၊ အသစ်ဖွဲ့စည်းမည့် မြန်မာနိုင်ငံဆေးကောင်စီတွင် ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) တို့မှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းမဟုတ်သော ဆရာဝန်များ၏ ကိုယ်စားလှယ်များ ပါဝင်ရမည်ဖြစ်ပါကြောင်း၊ ဤကဲ့သို့ အချိုးညီပါဝင်ကြမည်ဖြစ်၍ တစ်စုတစ်စည်းတည်း အတူတကွ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံဆရာဝန်လောက တစ်ခုလုံးအတွက် အကျိုးရှိမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ဆေးတက္ကသိုလ်အသီးသီးမှ ဝါရင့်ဆေးပညာရှင် ပါမောက္ခကြီးများ၊ ဝန်ထမ်းမဟုတ်သော ဆရာဝန်ကိုယ်စားလှယ်ကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ညီလာခံ မန္တလေး၌ကျင်းပ

**မန္တလေး ဇူလိုင် ၂၇**

အထက်မြန်မာပြည် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ညီလာခံကို ဇူလိုင် ၂၅ ရက် နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၂၇ လမ်းနှင့် ၆၄ လမ်းထောင့်ရှိ Oriental House မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာတို့မှ တာဝန်ရှိသူခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးသန်းစိုးမြင့်၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်၊ မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ သီဟသုခမ္မ မဏိဇောတဓရ ဦးကျော်ဝင်းတို့က အမှာစကား ပြောကြားရာတွင် ဘာသာတရားတိုင်းသည် နှစ်သက်မြတ်နိုးစရာကောင်းကြောင်း၊ တစ်ဘာသာနှင့် တစ်ဘာသာ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ရန်လိုကြောင်း အမုန်းစကား မပြောကြားရန်နှင့် ငြိမ်းချမ်းခြင်းသည် အအောင်မြင်ဆုံးဖြစ်ကြောင်း ပြောကြားသည်။

နံနက်ပိုင်း၊ မွန်းလွဲပိုင်းတို့တွင် စာတမ်းဖတ်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၃၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀-၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၂.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၀၇ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀.၃၆ |

ခင်ရတနာ-စုစည်းသည်။

၂၀-၇-၂၀၁၅မှ ၂၄-၇-၂၀၁၅ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၈၇ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၉၇ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

◆ ရှေ့ဖုံးမှ

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဒုတိယသမ္မတများနှင့် ၎င်းတို့၏ဇနီးများနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် ဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မုံရွာမြို့ ဓမ္မပါရဂူ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအရိယာ လင်္ကာရဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များသည် ဆရာတော်၊ သံဃာတော်များအားနေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်စဉ်။

# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဇူလိုင် ၂၇ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးတို့ တင်သွင်းခဲ့သည်။

ဇူလိုင်၂၀ ရက်မှ ၂၇ ရက်အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၆ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၁၀ ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀ နှင့် တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂ ဦး စုစုပေါင်း ၆၈ ဦး ရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၁၁ ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၈ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရသည်။ အမည်စာရင်းတင်သွင်းမှု အသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org ၌ ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပီရူးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်နေ့တွင်ကျရောက်သည့် ပီရူးသမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပီရူးသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ အန်နာ မာရီယာ ဆန်းချက်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၅ ရွေးချယ်ခြင်းခံရသည့် ဘက်စုံထူးချွန်သူများ စာရင်းပြင်ဆင်ထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၂၇**

မြန်မာ-ဂျပန်အသင်း၏ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၅)အတွက်၊ ရွေးချယ်ခြင်းခံရသည့် **"ဘက်စုံထူးချွန်သူ ၂၀ ဦး"** ၏အမည်စာရင်းအား ဇူလိုင် ၂၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ထုတ်ပြန်ခဲ့သူများအနက်မှ အောက်ဖော်ပြပါ ကျောင်းသား ကျောင်းသူငါးဦးမှာ ပညာရေးဝန်ကြီးဌာနမှ **"Japan-Asia Youth Exchange Program in Science"** အစီအစဉ်အတွက် ဂျပန်နိုင်ငံသို့စေလွှတ်ရန် ရွေးချယ် ထားသည့် အမည်စာရင်းတွင်ပါရှိနေကြောင်းသိရှိရသည့်အပြင် ခရီးစဉ်နှစ်ခုမှာ အလွန်နီးကပ်နေပါသဖြင့် အသင်း၏ ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးကော်မတီသည် အသင်း၏ချမှတ်ထားသည့် **"ထူးချွန်ကျောင်းသားများရွေးချယ်ရေးအခြေခံမူများ"** နှင့်အညီ ပြန်လည်စည်းဝေး၍ မူလရွေးချယ်ထားသည့် ဘက်စုံထူးချွန်သူ ၂၀ ဦး၏အမည်စာရင်းမှ ကောက်နုတ်ပယ်ဖျက်လိုက်ပါသည်။

| | | |
|---|---|---|
| (၁) မမော်သိုးမြာ | အထက(၁)၊ လွိုင်ကော်မြို့ | ကယားပြည်နယ် |
| (၂) မောင်သျှမ်းပုမ် | အထက(၂)၊ ဖလမ်းမြို့ | ချင်းပြည်နယ် |
| (၃) မဝန်းရတီ | အထက(၁)၊ မုဒုံမြို့ | မွန်ပြည်နယ် |
| (၄) မောင်ထက်လင်းအောင် | အထက်က(၃)၊ ပဲခူးမြို့ | ပဲခူးတိုင်းဒေသကြီး |
| (၅) မမေဆုမွန်ချို | စီအေအီး(ကပက)၊ ဥတ္တရသီရိ | နေပြည်တော် |

အထက်ပါကောက်နုတ်ပယ်ဖျက်ခဲ့သည့် ကျောင်းသား/သူငါးဦးအစား အောက်ဖော်ပြပါ ကျောင်းသား/သူငါးဦးအား ပြင်ဆင်အတည်ပြုရွေးချယ်ခဲ့ကြောင်း မြန်မာ-ဂျပန်အသင်းက သတင်းထုတ်ပြန်ထားသည်။

| | | |
|---|---|---|
| (၁) မဘီယားထရစ်ငြိမ်းငြိမ်းသူ | အထက(၂)၊ လွိုင်ကော် | ကယားပြည်နယ် |
| (၂) မဗန်ရွှေအီယာန်း | အထက(၃)၊ ဟားခါး | ချင်းပြည်နယ် |
| (၃) မအိမ့်သက်မှူး | အထက(၆)၊ မော်လမြိုင် | မွန်ပြည်နယ် |
| (၄) မောင်လူမော်ဟိန်း | အထက(၁)၊ ပြည် | ပဲခူးတိုင်းဒေသကြီး |
| (၅) မောင်ရဲထက်စိုး | စီအေအီး(ကပက)၊ ဥတ္တရသီရိ | နေပြည်တော် |

**(သတင်းစဉ်)**

# စစ်ကိုင်းမြို့တည်၊ နန်းတည် နှစ် (၇၀၀) ပြည့် အထိမ်းအမှတ်ပြခန်းများဖွင့်လှစ်

**စစ်ကိုင်း ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့တည်၊ နန်းတည် နှစ် (၇၀၀) ပြည့် အထိမ်းအမှတ် ပြခန်းများဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ နှစ် (၇၀၀) ပြည့် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

နှစ် (၇၀၀)ပြည့် စစ်ကိုင်းမြို့တည်၊ နန်းတည်အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၂၆ ရက်မှ ၂၈ရက်အထိ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဖျော်ဖြေရေးအစီစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပွဲတော်လာပရိသတ်များအား စတုဒိသာများဖြင့် ညနေ ၅ နာရီအထိ ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

# ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

**ရန်ကုန် ဇူလိုင် ၂၇**

၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁ ပေခန့်မှ ၂၁ ဒသမ ၅၂ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ယခင် ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့် ထိတက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားအပ်ပါသည်။

**(သတင်းစဉ်)**

**ထစ်ချုန်းမိုး**

**ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။** **(မိုး/ဇလ)**

# ပါကစ္စတန်နယ်စပ်ဖြတ်ကျော်တိုက်ခိုက် အိန္ဒိယဘက်မှ လုံခြုံရေးတင်းကျပ်

**နယူးဒေလီ ဇူလိုင် ၂၇**

လက်နက်ကိုင်များသည် ပန်ဂျပ်ပြည်နယ်မြောက်ပိုင်း ရှေ့တန်းစစ်မျက်နှာရှိ ရဲစခန်းတစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူခြောက်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားပြီးနောက် အိန္ဒိယအစိုးရက ဇူလိုင် ၂၇ ရက်တွင် ပါကစ္စတန်နယ်စပ်၌ လုံခြုံရေးများကို တင်းကျပ်လိုက်သည်။

ပါကစ္စတန်နယ်စပ်အနီး ဂါဒါစပါပြည်နယ်ရှိရဲစခန်းတွင် သေနတ်သမားများနှင့် ရဲတပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေးအဖွဲ့များက အခင်းဖြစ်ပွားခြင်းကို စုံစမ်းနေကြကြောင်း အစိုးရက ပြောသည်။

လုံခြုံရေးတပ်ဖွဲ့များသည် နှစ်နိုင်ငံနယ်စပ်မှ ၁၂ မိုင်အကွာရှိ ဒီရှာနဂါမြို့၏ အဆောက်အအုံများကို ဝန်းရံထားစဉ် သေနတ်ပစ်သံများကို ကြားရကြောင်း ရုပ်မြင်သံကြားတွင် သတင်းဖော်ပြသည်။

ပါကစ္စတန်ဘက်မှ အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ နယ်စပ်ဖြတ်ကျော်၍ ပဋိပက္ခဖြစ်ပွားရာ ဂျမ်မူးနှင့်ကက်ရှ်မီးယားဒေသများသို့ လွန်ခဲ့သည့်နှစ်ရက်က သေနတ်သမားများ ဝင်ရောက်ခဲ့ကြောင်း ရဲဘက်ဆိုင်ရာသတင်းရပ်ကွက်က ဖော်ပြခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ်ရုံးမှ အငယ်တန်းဝန်ကြီး ဂျီတန်ဒရာဆင်းက လက်ရှိဖြစ်ပွားနေသော အခြေအနေတွင် ပါကစ္စတန်၏ပါဝင်မှုကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း ပြောခဲ့သည်။ ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံလုံးသည် ၁၉၄၇ ခုနှစ် လွတ်လပ်ရေးရရှိပြီးကတည်းက ပါကစ္စတန်သည် အိန္ဒိယနှင့် စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့သည်။ ပါကစ္စတန်အစိုးရက ပန်ဂျပ်၊ ဂျမ်မူးနှင့် ကက်ရှ်မီးယားဒေသ မငြိမ်သက်မှုဖြစ်စဉ်များတွင် ပါဝင်မှုမရှိကြောင်း ငြင်းဆိုခဲ့သည်။

ပြည်ထဲရေးဝန်ကြီးက အိန္ဒိယနယ်စပ်ကာကွယ်ရေးတပ်ဖွဲ့များအား အခြေအနေကို သတိဖြင့်စောင့်ကြည့်ရမည်ဖြစ်ကြောင်း ယခုအခါတွင် အခြေအနေများကို ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**



# ပါကစ္စတန်ရေကြီးမှု ၅၁ ဦး သေဆုံးပြီး ကျေးရွာ ၄၅၁ ရွာ ရေကြီးနစ်မြုပ်

**အစ္စလမ္မာဘတ် ဇူလိုင် ၂၇**

ပါကစ္စတန်နိုင်ငံဒေသအချို့၌ လွန်ခဲ့သော ၁၂ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများကြောင့် အနည်းဆုံး လူ ၅၁ဦး သေဆုံးပြီး ၂၁ ဦး ဒဏ်ရာရရှိကာ လူပေါင်း ၂၅၈၉၂၀ ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ)က တနင်္လာနေ့တွင် ပြောသည်။

ဇူလိုင် ၁၅ ရက်ကစပြီး နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် နေအိမ်ပေါင်း ၁၆၄၈ လုံး မျောပါပျက်စီးခဲ့ပြီး ကျေးရွာ ၄၅၁ ရွာ ရေကြီးနစ်မြုပ်ခဲ့ကာ စိုက်ပျိုးမြေ ၂၃၃၆၈၈ ဧက ပျက်စီးသွားခဲ့ကြောင်း အင်န်ဒီအမ်အေပြောရေးဆိုခွင့်ရှိသူ ရီမာဇူဘာရီက ဆင်ဟွာသို့ ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ကွာပြည်နယ် ချစ်ထရယ်ခရိုင်သည် အဆိုးရွားဆုံးဖြစ်ပြီး အနည်းဆုံးလူ ၂၆ ဦးသေဆုံးကာ နေအိမ် ၃၅၀ ပျက်စီးသွားခဲ့သည်။

အဆိုပါ ခရိုင်နှင့်ပြည်နယ်မှ အခြားပြည်နယ်သို့ ဆက်သွယ်ထားသောတံတားအစင်းပေါင်း ၄၀ နှင့် အဓိကလမ်းမကြီးလေးခု ပျက်စီးသွားခဲ့သည်။ ယင်းရေကြီးမှုကြောင့် စိုက်ပျိုးရေးမြောင်းလက်တံ ၁၁ ခုနှင့် ရေပေးဝေရေးစီမံကိန်း ၆၀ လည်း ပျက်စီးသွားခဲ့သည်ဟု ဆိုသည်။ ပါကစ္စတန်ထိန်းချုပ်ကက်ရှ်မီးယားဒေသ၌ အဆိုပါရေကြီးမှုကြောင့် ၁၃ ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရကာ၊ အိမ်ခြေ ၁၀၀ ခန့် ပျက်စီးသွားခဲ့သည်။ ဘလူချီစတန်နှင့်ပန်ဂျပ်ပြည်နယ်တို့တွင်လည်း သေကျေပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

**(ဆင်ဟွာ)**

# ဆိုမာလီဟိုတယ်၌ တိုက်ခိုက်မှုဖြစ် ၁၃ ဦးထက်မနည်းသေဆုံး



**မိုဂါဒစ်ရှူး ဇူလိုင် ၂၇**

တနင်္ဂနွေနေ့က ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူး ဟိုတယ်တစ်ခု၌ အယ်လ်ရှာဘတ် စစ်သွေးကြွများက ဟိုတယ်ဝင်ပေါက်တစ်လျှောက် ကားဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အနည်းဆုံး လူ ၁၃ ဦး သေဆုံးခဲ့ကြောင်း ထိပ်တန်းပြန်ကြားရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည့် ဂျာဇီရာဟိုတယ် အနီးတစ်ဝိုက်တွင် သွေးအိုင်များနှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို တွေ့ရှိရကြောင်း၊ ကားအပျက်အစီး လေးစီးကိုလည်း တွေ့ရကြောင်း ရိုက်တာသတင်းထောက်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့ဟာ သေဆုံးသူ ၁၃ ဦးရဲ့အလောင်းတွေနဲ့ ဒဏ်ရာရသူ ၂၀ ဦးကို သယ်ဆောင်ခဲ့ကြပါတယ်"ဟု လူနာတင်ယာဉ်မောင်း အဗ္ဗဒီကာဒါအဗ္ဗဒီရာမန်က ရိုက်တာသတင်းဌာနသို့ပြောသည်။

ဟိုတယ်၌ သံတမန်ရေးရာကိစ္စနှင့် လုံခြုံရေးဆောင်ရွက်နေသော တရုတ် နိုင်ငံသားတစ်ဦး သေဆုံးသွားခဲ့ပြီး အခြားသုံးဦးဒဏ်ရာရရှိသွားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

**(ရိုက်တာ)**

# အီရတ်ရှိ ကာ့ဒ်စခန်းများကို တူရကီတိုက်ပွဲဆင်နွှဲ

**အစ္စတန်ဘူလ် ဇူလိုင် ၂၇**

တူရကီ ဂျက်တိုက်လေယာဉ်များက အီရတ်နိုင်ငံအတွင်းရှိ ကာ့ဒ်အကြမ်းဖက်စခန်းများကို ပစ်မှတ်ထား၍ တနင်္ဂနွေနေ့ညက ဒုတိယအကြိမ် ညတိုက်ပွဲဆင်နွှဲ တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုသည် ကာဒစ္စတန်အလုပ်သမားပါတီ (ပီကေကေ) နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကို အဆုံးသတ်သွားနိုင်ကြောင်း လုံခြုံရေး သတင်းရပ်ကွက်များက ပြောသည်။

ပီကေကေတို့၏ တိုက်ခိုက်မှုကြောင့် တူရကီတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကာ အခြားလေးဦး ဒဏ်ရာရရှိပြီးနောက် အန်ကာရာအစိုးရက အင်္ဂါနေ့တွင် နေတိုးအထူးအစည်းအဝေးတစ်ရပ် ကျင်းပသွားရန်တိုက်တွန်းလိုက်သည်။

အိုင်အက်စ်တို့အား တိုက်ခိုက်နေသည့် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့တွင်ပါဝင်ရန် ကာလအတန်ကြာ မဝံ့မရဲဖြစ်နေသော တူရကီက ယခုသီတင်းပတ်အတွင်း ဆီးရီးယားနှင့် အီရတ်တို့ရှိ ကာ့ဒ်စခန်းများကို ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် အမေရိကန်ဦးဆောင်သော အိုင်အက်စ် တိုက်ခိုက်ရေးတွင် ပါဝင်လာသည်။

ဆီးရီးယားသို့ မြေပြင်တိုက်ခိုက်ရေးတပ်များစေလွှတ်ရန် အစီအစဉ်မရှိကြောင်း၊ လေကြောင်းမှတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူက ပြောကြားသည်ကို ဟာရီယက်သတင်းစာက ကိုးကားဖော်ပြသည်။

**(ရိုက်တာ)**

# လက်ထပ်ပွဲ၌ ပစ်ခတ်မှုဖြစ်ပွား ၂၁ ဦးသေ၊ ၁၀ ဦးဒဏ်ရာရ

**ကဘူးလ် ဇူလိုင် ၂၇**

အာဖဂန်နစ္စတန်မြောက်ပိုင်းတွင် မင်္ဂလာလက်ထပ်ပွဲတစ်ခု၌ပစ်ခတ်မှုဖြစ်ပွားရာ လူ ၂၁ ဦးသေဆုံးပြီး၊ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာကပြောသည်။ ပြီးခဲ့သည့် ညပိုင်းက အန်ဒါရက်ခရိုင်၌ မင်္ဂလာလက်ထပ်ပွဲကို တက်ရောက်လာကြသော အုပ်စုနှစ်စုကြား သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း ဘဂ္ဂလန်နယ် ပြောခွင့်ရပုဂ္ဂိုလ် ဂျာဝိဘရှာရက်က ပြောသည်။ သေဆုံးသူအများစုမှာအသက် ၁၄ နှစ်မှ ၆၀ ကြားအရွယ် ဧည့်ခံပွဲသို့တက်ရောက်လာကြသော ဧည့်သည်များဖြစ်သည်ဟု ၎င်းကပြောသည်။

ဘဂ္ဂလန်နှင့် အခြားမြောက်ပိုင်းပြည်နယ်များသည် ၂၀၀၁ ခုနှစ်က အမေရိကန်ဦးဆောင်အဖွဲ့များက တာလီဘန်များကို ဝင်ရောက်ချေမှုန်းစဉ်ကတည်းက သူပုန်များဝင်ရောက်တိုက်ခိုက်ခြင်းဒဏ်ကို ခံစားနေကြရသည်။ အုပ်စုနှစ်စုကြား ရန်လိုမှုများသည် နှစ်ပေါင်းများစွာ ပစ်ခတ်တိုက်ခိုက်မှုများကို ဖြစ်ပေါ်စေသည်ဟု အန်ဒါရက်ပြည်နယ်ရဲမှူးကြီး ဂါလီစတန်ကာနီက ပြောသည်။ မင်္ဂလာအခမ်းအနားကျင်းပစဉ်အတွင်း နယ်မြေရဲအရာရှိတစ်စုကိုလုပ်ကြံခြင်းဖြစ်ကြောင်း၊ မူဆလင်ဘာသာရေးခေါင်းဆောင်တစ်ဦး၏သား ကျင်းပသော မင်္ဂလာအိမ်၌ လူပေါင်း ၄၀၀ စုပေါင်းရောက်ရှိနေကြောင်း ၎င်းကပြောသည်။ သေဆုံးသူအလောင်းများတွင် ပစ်ခတ်သူများနှင့် ပစ်ခတ်သူမဟုတ်သူများကို ခွဲခြားရန် ခက်ခဲကြောင်း၊ အဘယ်ကြောင့်ဆိုသော် မည်သည့်လက်နက်မျှ မတွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**(ပီတီအိုင်)**

# ယီမင်ငါးရက်ကြာ အပစ်အခတ်ရပ်စဲ

**ဆာနား ဇူလိုင် ၂၇**

ယီမင်မြို့တော် ဆာနား၌ တနင်္လာနေ့တွင် လေးလကြာတိုက်ပွဲဖြစ်ပွားပြီးနောက် ယာယီအပစ်အခတ်ရပ်စဲသွားမည်ဖြစ်ကြောင်း သိရသည်။ သို့သော် တနင်္လာနေ့ နံနက်အစောပိုင်းက တောင်ပိုင်းပြည်နယ်များဖြစ်သော မာရစ်နှင့်တိုင်ဇ်တို့တွင် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ဟူသီတပ်ဖွဲ့ဝင်များကို ဆန့်ကျင်သည့်စစ်သွေးကြွများထံမှ သိရသည်။ အသေးစိတ်အချက်အလက်ကိုမူ မရရှိခဲ့ကြပေ။

အီရန်မဟာမိတ် ဟူသီစစ်သွေးကြွများကို တိုက်ခိုက်နေသော အာရပ်ညွန့်ပေါင်းအဖွဲ့က တနင်္ဂနွေနေ့ ည ၁၁ နာရီ ၅၉ မိနစ်ခန့်က ငါးရက်ကြာအပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့သည်။ အဆိုပါကာလအတွင်း လူသားချင်းအကူအညီပေးရေးအဖွဲ့များက လောင်စာ၊ အစားအစာနှင့် ဆေးဝါးပြတ်လပ်မှုများအတွက် သယ်ယူပို့ဆောင်ပေးသည်။

အာရေဗျကျွန်းဆွယ်နိုင်ငံများတွင် လေးလကြာ လေကြောင်းတိုက်ခိုက်မှုများနှင့် မြေပြင်တိုက်ပွဲများအတွင်း လူပေါင်း ၃၅၀၀ ခန့်သေဆုံးခဲ့ကြောင်း၊ သေဆုံးသူများတွင် ကလေး ၃၆၅ ဦး ပါဝင်ကြောင်း ကုလသမဂ္ဂကလေးများအဖွဲ့အစည်း (ယူနီဆက်ဖ်)က ပြောသည်။ အေဒင်မြို့နှင့် အခြားတောင်ပိုင်းပြည်နယ်များသို့ ကုလသမဂ္ဂမှ အစားအစာများ အကူအညီပေးရေးကို နှောင့်ယှက်ခြင်းခံရသဖြင့် လူဦးရေ၏ထက်ဝက် ၁၃ သန်းခန့်မှာ အစားအစာပြတ်လပ်မှုဒဏ်ကို အလူးအလဲခံစားနေကြရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အပစ်အခတ်ရပ်စဲရေးကို ကြိုဆိုထောက်ခံကြောင်း ပြောကြားခဲ့ပြီး အဖွဲ့အစည်းများအားလုံး ရပ်စဲရေးကာလအတွင်း နယ်မြေသိမ်းပိုက်မှုများနှင့် စစ်ဆင်ရေးများကို ရှောင်ရှားရမည်ဖြစ်ကြောင်း တိုက်တွန်းပြောဆိုခဲ့သည်။

**(ရိုက်တာ)**



# အာရှနိုင်ငံများ၌ အိမ်ထောင်ပြုမှု လျော့ကျနေသည့်အခြေအနေ

ထွန်းတောက်

အာရှတိုက်သားတို့သည် အိမ်ထောင်ပြု၍ ပျော်ရွှင်ချမ်းမြေ့ဖွယ်မိသားစုဘဝကို တည်ဆောက်တတ်သည့် စံတန်ဖိုးများကို အလေးထားသည့်နေရာတွင် အမေရိကနှင့် ဥရောပသားတို့ထက်သာလွန်သည်ဟု သုတေသီပညာရှင်တို့က ပြောဆိုကြသည်။

စင်ကာပူအမျိုးသားခေါင်းဆောင် လီကွမ်ယုကလည်း ၎င်းအာရှတန်ဖိုးများကို အလေးထား၍ ထောက်ခံပြောဆိုခဲ့သည်။ အထူးသဖြင့် တရုတ်မိသားစုများသည် သားသမီးများ အဆင့်မြင့်ပညာသင်ကြားမှု၊ အလုပ်ကြိုးစားလုပ်ကိုင်မှု၊ ငွေကြေးအသုံးစွဲ ကျစ်လျစ်မှု၊ အနာဂတ်အောင်မြင်ကြီးပွားရန် လက်ရှိ၌ အပျော်အပါးကိုစွန့်လွှတ်မှု စသည့် အာရှစံတန်ဖိုးများကိုအားပေးထောက်ခံမှုပြုလေ့ရှိကြသည်ဟု လီကွမ်ယုက ဝေဖန်ပြောဆိုခဲ့သည်။

လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း၌ အာရှတိုက်သားအများစုသည် တရားဝင်လက်ထပ်ထိမ်းမြားမှု ပြုခဲ့ကြပြီး ယောကျာ်းနှင့်မိန်းမ တရားမဝင်အတူနေထိုင်မှုမှာ မရှိသလောက်ပင်နည်းပါးသည်ဟု ပညာရှင်တို့က ဆိုသည်။

အနောက်တိုင်း၌ အိမ်ထောင်ပြုမှု၏ တစ်ဝက်ကျော်မှာ ကွာရှင်းခြင်းဖြင့် အဆုံးသတ်လေ့ရှိပြီး ကလေးအရေအတွက်တစ်ဝက်ကျော်မှာ တရားမဝင်အတူနေခြင်းမှ မွေးဖွားလာခြင်းဖြစ်သည်ဟု ပညာရှင်များကဆိုသည်။ အနောက်တိုင်းနှင့်အာရှဒေသဆိုင်ရာ အိမ်ထောင်ပြုမှု အခြေအနေများကို သုတေသီပညာရှင်များက ထိုသို့ နှိုင်းယှဉ်ပြကြသည်။

### လျင်မြန်စွာပြောင်းလဲနေ

သို့သော် ယခုပစ္စုပ္ပန်ကာလ၌ အာရှဒေသတွင် လက်ထပ်ထိမ်းမြားမှုဆိုင်ရာ အခြေအနေများမှာ လျင်မြန်စွာ ပြောင်းလဲနေပြီဖြစ်သည်။

အနောက်ကမ္ဘာတွင် အိမ်ထောင်ပြုကွဲမှု၊ အိမ်ထောင်ရေး ကွာရှင်းမှုများမြင့်တက်နေမှုနှင့် နှိုင်းယှဉ်ကြည့်လျှင် အာရှတိုက်၌ အိမ်ထောင်ရေးကွာရှင်းမှုများမှာ အလွန်နည်းပါးလှသည်။ သို့သော်အာရှတိုက်တွင် ယနေ့အချိန်၌ အိမ်ထောင်ပြုမှုများသိသာစွာ လျော့ကျနေသည်ကို တွေ့ရှိနေရသည်ဟု ပညာရှင် သုတေသီတို့ဆိုသည်။

ထိုသို့အိမ်ထောင်ပြုမှုလျော့ကျရခြင်း၏ အကြောင်းတစ်ချက်မှာ အိမ်ထောင်ရေးအနှောင်အဖွဲ့အတွင်း၌ တာဝန်၏အကျဉ်းသားအဖြစ် မနေလို၍ ဖြစ်သည်ဟု စစ်တမ်းတစ်ခုတွင်ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် အိမ်ထောင်ပြုနိုင်သည့် အသက်အရွယ်ရှိသောလူငယ်များ အလွန်များပြား မြင့်တက်နေရာ၊ အာရှတိုက်တွင် ပိုမိုများပြားသည်။ အနောက်ကမ္ဘာနှင့်နှိုင်းစာလျှင် အရှေ့တိုင်း၌ အသက်အရွယ် အတော်ကြီးလာမှ တစ်နည်းအားဖြင့် လူပျိုကြီး၊ အပျိုကြီးများဖြစ်မှ အိမ်ထောင်ပြုလေ့ရှိသည်ကို တွေ့ရှိရသည်။ ဂျပန်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ ဟောင်ကောင်စသည့် စီးပွားရေးအဆင်ပြေသော နိုင်ငံများတွင် အမျိုးသမီးဆိုလျှင် များသောအားဖြင့် အသက် ၂၉-၃၀ အရွယ်များတွင်လည်းကောင်း၊ အမျိုးသားဆိုလျှင် အသက် ၃၁-၃၃ အရွယ်များတွင် လည်းကောင်း အိမ်ထောင်ပြုကြသည်ကို တွေ့ရှိရသည်။

အာရှတိုက်သားအများစုမှာ အသက် ၃၀ ကျော်လာပြီဆိုလျှင် အိမ်ထောင်မပြုကြတော့ဘဲ လူပျိုကြီး၊ အပျိုကြီးအဖြစ်နှင့်သာ ဘဝခရီးဆက်ကြသည်။

ဂျပန်နိုင်ငံ၌ အသက် ၃၀ ဝန်းကျင်အရွယ်အမျိုးသမီးစုစုပေါင်း၏သုံးချိုးတစ်ချိုးမှာ အိမ်ထောင်မပြုသည်ကို တွေ့ရှိရသည်။ ထိုင်ဝမ်တွင် အသက် ၃၀ ဝန်းကျင် အရွယ်အမျိုးသမီးစုစုပေါင်း၏ ငါးပုံတစ်ပုံမှာ အိမ်ထောင်မပြုကြပေ။

ဗန်ကောက်တွင် အသက် ၄၀ မှ ၄၄ နှစ်အရွယ်အမျိုးသမီးများ၏ ၂၀ ရာခိုင်နှုန်းနှင့် တိုကျိုတွင် ထိုအသက်အရွယ်အမျိုးသမီးများ၏ ၂၁ ရာခိုင်နှုန်းမှာ အိမ်ထောင်မပြုကြပေ။

စင်ကာပူနိုင်ငံတွင် အသက် ၄၀ ဝန်းကျင်ပညာတတ်ဘွဲ့ရအမျိုးသမီးများ၏ ၂၇ ရာခိုင်နှုန်းမှာ အိမ်ထောင်မပြုကြပေ။

သို့သော် အာရှတိုက်တွင် နိုင်ငံကြီးနှစ်ခုဖြစ်သည့် တရုတ်နှင့် အိန္ဒိယတွင်ထိုကဲ့သို့သော အစဉ်အလာမျိုးလိုက်ပါမှုမျိုးမရှိသေးဘဲ အိမ်ထောင်ပြုနိုင်သည့်အရွယ်တွင် လူငယ်များအိမ်ထောင်ပြုနေသည်ကို တွေ့ရှိနေရ သည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတွင် စီးပွားရေးဂယက်ရိုက်မှုဖြစ်ပေါ်ခဲ့လျှင် အိမ်ထောင်ပြု နှုန်းလျော့ကျနိုင်ပါသည်ဟု ပညာရှင်များကဆိုသည်။ တရုတ်နှင့်အိန္ဒိယတွင် ဆယ်စုနှစ်များစွာ ကိုင်စွဲထားသည့် အစဉ်အလာအရ မိသားစုများသည် သမီးမိန်းကလေးများကို အလိုမရှိဘဲ သားယောကျာ်းလေးကိုသာ အလိုရှိကြသည့်အတွက် ယင်းနိုင်ငံများတွင် ၂၀၅၀ ပြည့်နှစ်ခန့်တွင် ကိုယ်ဝန်ဖျက်ချမှုများမြင့်တက်လာနိုင်သည်ဟု ပညာရှင်များက ဝေဖန်ပြောဆိုသည်။

ပညာရှင်သုတေသီများ၏ လေ့လာမှုစစ်တမ်းအရ ၂၀၅၀ ပြည့်နှစ်ခန့်တွင် တရုတ်နှင့်အိန္ဒိယနိုင်ငံများတွင် အိမ်ထောင်ပြုနိုင်သည့်အရွယ် ယောကျာ်းလေးအရေအတွက်သည် မိန်းကလေးအရေအတွက်ထက် သန်း ၆၀ မျှပိုမိုများပြားမည်ဟု သိရှိရသည်။

### တစ်ကိုယ်တည်းဘဝလွတ်လပ်ပျော်ရွှင်မှု

အာရှဒေသတွင် အမျိုးသမီးများသည် အလုပ်တစ်ဖက် အိမ်ထောင်တာဝန်တစ်ဖက်စသည်ဖြင့် ပင်ပန်းခက်ခဲမှုများကို သိမြင်ထားသည့်အတွက် အိမ်ထောင်မပြုကြဘဲ အလုပ်တွင် အောင်မြင်မှုရရှိရန်ကိုသာ ကြိုးပမ်းကြခြင်းဖြစ်သည်။

အာရှဒေသ၌ အိမ်ထောင်ရှင်အမျိုးသမီးများသည် လုပ်ငန်းခွင်၌ အချိန်ပြည့် တာဝန်ကိုထမ်းဆောင်ရသည့်အပြင် အိမ်တွင်ခင်ပွန်းသည်၊ သားသမီးများနှင့် သက်ကြီးရွယ်အိုမိဘများကိုလည်း ဂရုတစိုက်ပြုစုမှုပေးရသည့် တာဝန်များမှာ ပင်ပန်းကြီးလေးလှသည်။

ဂျပန်အိမ်ထောင်ရှင်မများသည် တစ်ပတ်လျှင်နာရီ ၄၀ မျှလုပ်ငန်းခွင်၌ အလုပ်လုပ်ရပြီး အိမ်မှုကိစ္စအတွက် တစ်ပတ်လျှင် နာရီ ၃၀ မျှဆောင်ရွက်ရသည်။ ဂျပန်အိမ်ထောင်ရှင်အမျိုးသားများသည် အိမ်မှုကိစ္စကိုတစ်ပတ်လျှင် ပျမ်းမျှသုံးနာရီသာ ဆောင်ရွက်ရသည်။

အာရှအိမ်ထောင်ရှင်အမျိုးသမီးများသည် သားသမီးများကို ပြုစုစောင့်ရှောက်ရန်အတွက် အလုပ်မှ နုတ်ထွက်ခဲ့ပြီး သားသမီးများအရွယ်ရောက်လာသောအခါ ဝင်ငွေပြန်ရှာရန် အလုပ်ပြန်လုပ်ချင်သော်လည်း အလုပ်ပြန်ရရန် မလွယ်ကူသည်ကို တွေ့ကြုံခံစားရရှာသည်။ ထို့ကြောင့်ပင် အာရှအမျိုးသမီးများသည် အိမ်ထောင်ပြုမှုကို အဆိုးမြင်၍ ရှောင်ရှားကြခြင်းဖြစ်သည်။

မကြာမီကကောက်ယူခဲ့သည့်စစ်တမ်းအရ ဂျပန်အမျိုးသားများ၊ အမေရိကန်အမျိုးသား၊ အမျိုးသမီးများသည် အိမ်ထောင်ပြုမှုကို အပြုသဘော၊ အကောင်းသဘောရှုမြင်ကြပြီး ဂျပန်အမျိုးသမီးအများစုသည် အိမ်ထောင်ပြုမှုကိုအနုတ်လက္ခဏာသဘောမြင်ကြသည်ဟုသိရသည်။

အာရှအမျိုးသမီးအများစုသည် အိမ်ထောင်မပြုဘဲ အလုပ်တာဝန်ကိုသာ ဆောင်ရွက်ခြင်းအားဖြင့် စားဝတ်နေရေး၊ စီးပွားရေး၊ ငွေကြေးနယ်ပယ်တွင် သူတစ်ပါးအပေါ် အားကိုးစရာမလိုဘဲ ကိုယ်ပိုင်ရပ်တည်နိုင်မှုကောင်းကျိုးများကို ရရှိပေသည်။ ပညာတတ်ဘွဲ့ရအမျိုးသမီးများပြားမှုသည် အိမ်ထောင်ပြုမှုလျော့ကျလာခြင်း၏ အကြောင်းရင်း တစ်ရပ်ဖြစ်နေသည်။ အာရှဒေသတွင် ပညာတတ် အမျိုးသမီးအများစုသည် အိမ်ထောင်ပြုရန် စိတ်မပါကြပေ။ ယနေ့အချိန်၌ အာရှတိုက်တွင် ပညာတတ်အမျိုးသမီးများ ပိုမိုများပြားလာလျက်ရှိသည်။

ယနေ့အချိန်၌ အာရှအမျိုးသမီးများ ပျော်ပျော်ရွှင်ရွှင်ဖြင့် ဘဝမှာခံစားလိုသောအချက်မှာ အပူအပင်ကင်းကင်းဖြင့် ကြီးကျယ်ခမ်းနားသည့် လွတ်လပ်မှုပင်ဖြစ်သည်။

ထိုသို့လွတ်လွတ်လပ်လပ်နေထိုင်လိုသည့် ဘဝပုံစံသည်ပင် လူမှုရေးပြဿနာများကို ဖြစ်ပေါ်စေသည့်အကြောင်းတစ်ရပ်ဖြစ်နေသည်ဟု ပညာရှင်များကဆိုသည်။

လူမှုရေးပြဿနာများကို လေ့လာကြည့်လျှင် အနောက်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက အာရှနိုင်ငံများတွင် သက်ကြီးရွယ်အိုများအတွက် အိုစာမင်းစာထောက်ပံ့ကြေးရန်ပုံငွေများ ထူထောင်ထားမှုအလွန်နည်းပါးသည်ကို တွေ့ရှိရသည်။

အာရှနိုင်ငံများတွင် သက်ကြီးရွယ်အို မိဘဘိုးဘွားများ၊ ဆွေမျိုးသားချင်းများကို မိသားစုများက ကြည့်ရှုစောင့်ရှောက်ကြမည်ဟု ယူဆထားချက်မှာ လက်တွေ့တွင် ၎င်းယူဆချက်မမှန်ကန်ကြောင်း တွေ့ရှိနေရသည်။

ထို့ပြင် အိမ်ထောင်ပြုမှုလျော့ကျသည့်အတွက် ကလေးမွေးဖွားနှုန်းလည်း ကျဆင်းလျက်ရှိသည်။ စစ်တမ်းကောက်ယူချက်အရ ၁၉၆၀ ပြည့်နှစ်တွင် အာရှအမျိုးသမီးတစ်ဦး၏ ကလေးမွေးဖွားနှုန်းမှာ ကလေးဦးရေ ၃ ဒသမ ၆ ရှိခဲ့သော်လည်း ယနေ့အချိန်တွင် ကလေးဦးရေ ၁ ဒသမ ၆ သာရှိတော့သည်။ အိမ်ထောင်ပြုမှုအနည်းဆုံး အာရှနိုင်ငံများတွင် အမျိုးသမီးတစ်ဦးကလေးရယူနှုန်းမှာ တစ်ဦးသာရှိတော့သည်။ ဖွားသေနှုန်းမညီမျှမှု ပြဿနာမှာ ယခုအချိန်၌ အကြီးအကျယ်ဖြစ်နေပေပြီ။

အခြားပြဿနာတစ်ခုမှာ အိမ်ထောင်ပြုမှုကြောင့် ယောကျာ်းဟော်မုန်း (Testosterome) ကို လျော့ချနိုင်သည်။ အမျိုးသားများအဖို့ ပြည့်တန်ဆာများနှင့် ပျော်ပါးကာ ထွက်လမ်းရှာမှုကြောင့် ရောဂါအမျိုးမျိုးရရှိနိုင်သလို မုဒိမ်းကျင့်မှုစသည့် ရာဇဝတ်မှုများလည်း ဖြစ်ပေါ်နိုင်သည်။

အာရှဒေသ၌ အိမ်ထောင်ပြုမှုပြန်လည်မြင့်တက်စေရန်အတွက် အစိုးရများအနေဖြင့် ဥပဒေပြဋ္ဌာန်း၍ အတင်းအကျပ် ပြုလုပ်ခိုင်း၍မရပေ။

အာရှအစိုးရများအနေဖြင့် အိမ်ထောင်ကွာရှင်းမှုဥပဒေများကို ဖြေလျှော့ပေးခြင်းအားဖြင့် အမျိုးသမီးများအနေဖြင့် အိမ်ထောင်ရေးအဆင်မပြေပါက လွယ်ကူစွာကွာရှင်းခွင့်ရရှိခြင်း၊ ကွာရှင်းခံရသော အမျိုးသမီးများအနေဖြင့် အိမ်ထောင်၏ ခနဉစ္စာပစ္စည်းခွဲဝေမှု၌ ပိုမိုပိုင်ဆိုင်ရရှိခွင့်ရှိခြင်း စသည့်ကောင်းကျိုးများကြောင့် အမျိုးသမီးများ အိမ်ထောင်ပြုရန် စိတ်ပါလာစေနိုင်သည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် ဝန်ထမ်းအမျိုးသမီးများကို မီးဖွားခွင့်ပေးရာတွင် ဝန်ထမ်း ခင်ပွန်းဖြစ်သူကို မီးဖွားသောဇနီးဖြစ်သူအား ကူညီစောင့်ရှောက်နိုင်ရန် ပူးတွဲ၍ ခွင့်ပေးသင့်သည်။ ကုမ္ပဏီများအနေဖြင့် ဝန်ထမ်းဇနီးမောင်နှံ၏ သားသမီးများကိုလည်း ထောက်ပံ့ကူညီငွေများ ပေးအပ်သင့်သည်။ ဝန်ထမ်းမိသားစုများ၏ သက်ကြီးရွယ်အို မိဘများ၊ ဘိုးဘွားများကိုလည်း ကူညီစောင့်ရှောက်မှု ပေးသင့်သည်။

အာရှနိုင်ငံများမှ အစိုးရများသည် အိမ်ထောင်ပြုမှုလျော့ကျလာသည့် အခြေအနေများနှင့် အကျိုးဆက်များကို ဟန့်တားနိုင်ရန်အတွက် အလေးထားဆောင်ရွက်ရန်အချိန်ကျရောက်နေပြီဟု ပညာရှင်များက အကြံပေးတိုက်တွန်းလျက်ရှိသည်။ Ref;Economist,May

**တရုတ်နှင့်အိန္ဒိယတွင် ဆယ်စုနှစ်များစွာ ကိုင်စွဲထားသည့် အစဉ်အလာအရ မိသားစုများသည် သမီးမိန်းကလေးများကို အလိုမရှိဘဲ သားယောကျာ်းလေးကိုသာ အလိုရှိကြသည့်အတွက် ယင်းနိုင်ငံများတွင် ၂၀၅၀ ပြည့်နှစ်ခန့်တွင် ကိုယ်ဝန်ဖျက်ချမှုများ မြင့်တက်လာနိုင်သည်ဟု ပညာရှင်များက ဝေဖန်ပြောဆို . . .**

# ရွေးကောက်ပွဲကာလ နိုင်ငံရေးသတင်းများ မျှတပွင့်လင်းစွာတင်ဆက်နိုင်ရေး အလုပ်ရုံဆွေးနွေး

**သတင်း – ခင်ရတနာ**
**ဓာတ်ပုံ – သတင်းစဉ်**




**နေပြည်တော် ဇူလိုင် ၂၇**

"ယုံကြည်မှုကို ဘာနဲ့မှ ဖုံးကွယ်မထားပါနဲ့။ နိုင်ငံရေးနဲ့ ပတ်သက်လာရင် လူတွေရဲ့ နေ့စဉ်ဘဝဟာလည်း နိုင်ငံရေးဖြစ်ပါတယ်။ သူတို့ရင်ဆိုင်နေရတဲ့အခက်အခဲနဲ့ ပြဿနာတွေ၊ ဖြစ်စဉ်တွေကို ကိုယ်တိုင်ရေးသားဖော်ပြရင်း ကိုယ်နဲ့ ကိုယ်လုပ်ကိုင်တဲ့ မီဒီယာအပေါ်မှာ ယုံကြည်ကိုးစားမှုကို တည်ဆောက်နိုင်ပါလိမ့်မယ်" ဟု DW Akademie, MRTV consultant ဖြစ်သူ Mr. Per Oesterlund က မီဒီယာများ ရွေးကောက်ပွဲသတင်းရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက်၌ ကျင်းပရာတွင် နိုင်ငံသားတိုင်း ပါဝင်မဲပေးခွင့်ရရှိရန်အတွက် မီဒီယာများက မှန်ကန်သည့် သတင်းအချက်အလက်များနှင့် မဲပေးမှုဆိုင်ရာ အသိပညာများ ဖြန့်ဖြူးနိုင်ရေးသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ခြင်းကြောင့် ယနေ့နံနက် ၉ နာရီ က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန၊ DW Akademie၊ BBC Media Action၊ ABC နှင့် Internews တို့ ပူးပေါင်း၍ နိုင်ငံပိုင်မီဒီယာများ ရွေးကောက်ပွဲ သတင်းရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသည်။

"မကြာခင် ကျင်းပတော့မယ့် ရွေးကောက်ပွဲကာလမှာ သတင်းရယူရေးသားထုတ်လုပ်ကြသူတွေအနေနဲ့ ရွေးကောက်ပွဲကော်မရှင်က စည်းမျဉ်းစည်းကမ်းတွေကိုသိရှိထားပြီး နိုင်ငံတကာရွေးကောက်ပွဲတွေရဲ့ သတင်းထုတ်ပြန်တဲ့စည်းမျဉ်းတွေကို လိုက်နာပြီး ဆောင်ရွက်နိုင်ဖို့ အလုပ်ရုံဆွေးနွေးပွဲကနေ ဖြည့်ဆည်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက အယ်ဒီတာတွေ၊ ပရိုဂျူဆာတွေနဲ့ သတင်းထောက်တွေအတွက် ဘက်မလိုက်ဘဲ တရားမျှတတဲ့သတင်းတွေကို လူထုဆီချပြနိုင်မယ်လို့ယုံကြည်ပါတယ်" ဟု ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အလုပ်ရုံဆွေးနွေးပွဲ၌ ထည့်သွင်းပြောကြားသည်။

နိုင်ငံတကာ၌ ရွေးကောက်ပွဲကာလများတွင် ရှုံးနိမ့်သူများဘက်မှလည်း မီဒီယာများကို အပြစ်တင်တတ်ကြပြီး အနိုင်ရသူများကလည်း မီဒီယာများကြောင့် မဟုတ်ပါက ယခုထက် ပိုအောင်မြင်နိုင်မည်ဟု ဝေဖန်ပြစ်တင်တတ်ကြကြောင်း၊ ထို့အပြင် ထိရှလွယ်သည့် ရွေးကောက်ပွဲကာလ သတင်းတင်ဆက်မှုသည် နိုင်ငံ့အကျိုးစီးပွားအတွက် အလွန်အရေးကြီးသည်ဟု ယူဆကာ တာဝန်ယူမှုနှင့် ပြည်သူတစ်ရပ်လုံး၏ ယုံကြည်မှုကို တည်ဆောက်ရန် လိုအပ်ကြောင်း Mr. Per Oesterlund က ပြောကြားသည်။

" MRTV နဲ့ DW Akademie လက်တွဲလာတာကြာပါပြီ။ MRTV ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို အားလုံးသိမြင်နိုင်မှာပါ။ ကျွန်မတို့ DW အနေနဲ့ ရွေးကောက်ပွဲသတင်းရယူမှုနဲ့ ပတ်သက်ပြီး သင်တန်းတွေကို ကမ္ဘာအနှံ့မှာ ပေးအပ်နေပါတယ်။ Election နဲ့ပတ်သက်ပြီး မီဒီယာတွေအနေနဲ့ အချိန်နဲ့တစ်ပြေးညီ တင်ဆက်နိုင်မှုအပြင် မှန်ကန်တဲ့ ရွေးချယ်မှုကို ပြည်သူတွေကိုယ်တိုင် စဉ်းစားဆုံးဖြတ်နိုင်အောင် မီးမောင်းထိုးဆောင်ရွက်နိုင်ဖို့ မီဒီယာမှာ တာဝန်ရှိတယ်လို့ထင်တယ်" ဟု DW Akademie မှ Country Representative, Ms. Isabella Kurkowski က ဆိုသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) မှ ဦးသီဟစောက မြန်မာမီဒီယာများအတွက် ဆောင်ရန်၊ ရှောင်ရန်များနှင့် Voter Education ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်သူများသိရှိလိုသည့် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များနှင့် ပါတီတစ်ခုချင်းစီ၏ Activity များကိုလည်း လေ့လာစူးစမ်းမေးမြန်းရန်အတွက် အကြံပြုပြောကြားသည်။

"ရွေးကောက်ပွဲဆိုင်ရာ မီဒီယာလမ်းညွှန်ကို စာနယ်ဇင်းကောင်စီ (ယာယီ)နဲ့ ကော်မရှင်တို့ပူးပေါင်း ရေးဆွဲထားပါတယ်။ ဒါ့အပြင် နိုင်ငံရေးပါတီများနဲ့ကိုယ်စားလှယ်လောင်းတွေ ကျင့်ဝတ်ကိုလည်း ရေးဆွဲထားပါတယ်။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ရော၊ နိုင်ငံပိုင်မီဒီယာ၊ ပြင်ပမီဒီယာတွေအနေနဲ့ရော၊ ပြည်သူတွေရော၊ ပါတီတွေရော အားလုံးဟာ ရွေးကောက်ပွဲနဲ့ ပတ်သက်လာရင် ထိတွေ့မှု အားနည်းနေပါသေးတယ်။ မဲပေးခြင်းသည် နိုင်ငံသားတိုင်း၏ ရပိုင်ခွင့်နှင့် အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ယင်းကို ယုံကြည်ကိုးစားသည့် ပုဂ္ဂိုလ်များထံ အပ်နှင်းသည့်ပွဲသည် ရွေးကောက်ပွဲပင်ဖြစ်ပါတယ်" ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက အလုပ်ရုံဆွေးနွေးပွဲအတွင်း မီဒီယာများ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

"မဲဆွယ်တဲ့ကာလကနေ လွှတ်တော်အသီးသီးကို အမတ်တွေအဖြစ်ရောက်တဲ့အချိန်ထိ ရေးစရာတွေ၊ တင်ပြစရာတွေ အများကြီးရှိပါတယ်။ အချက်အလက်တွေကို အခုကတည်းက စုဆောင်းထားသင့်ပါတယ်။ Monitor လုပ်တဲ့ အဖွဲ့အစည်းတွေနဲ့ချိတ်ဆက်တာ၊ Issue တွေကို ဘယ်လို Focus လုပ်မလဲနဲ့ ပြည်သူတွေရဲ့အရေးကြီးကဏ္ဍ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနဲ့ စစ်ဘေးသင့်ဒေသခံတွေ၊ လူငယ်တွေ၊ ကလေးတွေအတွက် ဘယ်ကိုယ်စားလှယ်က ဘယ်လောက်လုပ်ပေးနိုင်မလဲဆိုတာတွေကို ဘက်မလိုက်ဘဲ မျှတစွာတင်ဆက်နိုင်ဖို့အရေး ပြင်ဆင်ထားသင့်သလို ယခုလိုအချိန်ဟာ Public Service Media ကို ဦးတည်ဆောင်ရွက်နေတဲ့ နိုင်ငံပိုင်မီဒီယာတွေအတွက် လူထုယုံကြည်မှုနဲ့ အသိအမှတ်ပြုမှု အားကောင်းလာဖို့အတွက် မျှတတဲ့ Reporting ဖြစ်သင့်ပါတယ်" ဟု မဇ္ဈိမမီဒီယာမှ ဦးစိုးမြင့်က ဆွေးနွေးပြောကြားသည်။

နိုင်ငံရေးသတင်းထောက်နှင့် တင်ဆက်ထုတ်ဖော်သူများအနေဖြင့် အချက်အလက်များ၊ သုတေသနအချက်အလက်များ၊ ကိန်းဂဏန်းများနှင့် ဆက်သွယ်ရမည့် ပုဂ္ဂိုလ်နှင့် ပါတီများ၊ CSO များအားလုံးနှင့် ချိတ်ဆက်မှုများ ကြိုတင်ဆောင်ရွက်ကြရန် အကြံပြုဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနများနှင့် ပူးတွဲလုပ်ဆောင်လျက်ရှိသော သတင်းဌာနများမှ သတင်းထောက်များ၊ အယ်ဒီတာများ၊ ပရိုဂျူဆာများနှင့် ရုပ်သံလိုင်းအချို့မှ တာဝန်ရှိသူ ၃၀ ခန့် တက်ရောက်ခဲ့ကြပြီး ဇူလိုင် ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ကန့်ဘလူ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်း



**ကန့်ဘလူ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ရေဘေးကယ်ဆယ်ရေးပစ္စည်း အလှူလက်ခံဌာန ပိတောက်သီဂီခန်းမသို့ ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်းမြို့နယ်များမှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသည်။ **(ယာပုံ)**

ယခုလ ၂၆ ရက်အထိ စားသုံးကုန်၊ ဆန်၊ ဆီ၊ ဆား၊ ရေသန့်နှင့် လူ၊ တိရစ္ဆာန်များအတွက် ဆေးဝါးပစ္စည်းမျိုးစုံ အမျိုးသမီးဝတ်၊ အမျိုးသားဝတ်၊ ကလေးဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ ဆိုလာပြားအစုံ၊ ပန်းကန်များ၊ မြွေဆိပ်ဖြေဆေး၊ တိရစ္ဆာန်အစားအစာမျိုးစုံ ၈၅ မျိုး၏ တန်ဖိုးငွေကျပ် ၁၄၈၁၇၀၇၆၇ နှင့် ငွေသားကျပ် ၃၅၆၀၀၀၀ စုစုပေါင်းငွေကျပ် ၁၅၁၇၃၀၇၆၇ ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုမှ ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ ဘိလပ်မြေအိတ် ၅၀၀ နှင့် ငွေကျပ် ၁၅ သိန်း တန်ဖိုးရှိ မိလ္လာခွက် ၅၀၀ လာရောက်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီး ကျွန်းလှမြို့နယ်၊ ကောလင်းမြို့နယ်များသို့ ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

❒ *ကျောဖုံးမှ*

သဲအိတ်ထည့်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး အဆိုပါရထားလမ်းပိုင်းအား အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပင်ဝဲနှင့် မော်လူးဘူတာကြား မိုင်တိုင်အမှတ်(၆၀၂/၆-၇) သံလမ်းအနောက်ဘက်ခြမ်းတွင် အလျားပေ ၄၀၊ အနံလေးပေခွဲ ၊ အမြင့် ၂၅ ပေရှိ တာပေါင်ရေတိုက်စားမှုကို ဖားထပ်ခွေခြင်းလုပ်ငန်းဆောင်ရွက်ပြီး ကျောက်ကြီးနှင့် သဲအိတ်ထည့်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကာ ထပ်မံလိုအပ်သော သဲအိတ် ၄၀၀ နှင့် မျှောတိုင် ၁၀၀ ကို 96-RGC ရထားဖြင့် သယ်ယူပို့ဆောင်ပေးခဲ့ပြီး ပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ အဆိုပါလမ်းပိုင်းကို အမြန်ဆုံး ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်သူလယ်သမားများသို့ မိုးလေဝသအန္တရာယ်ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ယခု ဇူလိုင်လပထမပတ်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအထက်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ အချို့ဆည်တာတမံများတွင် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ပြီး တောင်သူလယ်သမားများ ပင်ပင်ပန်းပန်းစိုက်ပျိုးထားရှိသော လယ်မြေများရေနစ်မြုပ်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ခံစားနေရသည်ကို အချိန်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံအထက်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်နေသကဲ့သို့ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်လည်း ဒေသအလိုက် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်းကို မျှော်မှန်းရပါ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံနှင့်အဝန်းရှိ တောင်သူလယ်သမားများ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုများမရှိစေရန် ကြိုတင်ကာကွယ်ခြင်း၊ ရေကြီးနစ်မြုပ်နေသည့်စိုက်ခင်းများကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် အရန်မျိုးများ ပျိုး ထောင်ခြင်း၊ အချိန်မီ ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကိုဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အဆင့်ဆင့်သောဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီရိုင်းပင်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

သတင်းအချက်အလက်များ သိရှိဖို့
1883
MOI Call Center
သို့ ဆက်သွယ်စို့

# လေပြင်းတိုက်ခတ်မှုကြောင့် အလယ်တန်းကျောင်း အမိုးများပျက်စီး

**သထုံ ဇူလိုင် ၂၇**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ပင်လယ်ကမ်းနားနီးသော အောက်ကွင်းကျေးရွာဖြစ်သည့် ထိန်ပင်ကျေးရွာတွင် ဇူလိုင် ၂၇ ရက် နံနက်က ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း အမိုးသွပ်ပြားများ အချပ် ၂၀ ခန့်နှင့် မျက်နှာကြက် ပေ ၆၀ ခန့် လွင့်ပါပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းမှာ ၂၀၁၅ ခုနှစ် မတ်လအတွင်းက Max Myanmar Co.,Ltd. မှ ဆောက်လုပ်လှူဒါန်းခဲ့သောကျောင်းဖြစ်ပြီး ယခုလေပြင်းတိုက်ခတ်မှုကြောင့် ငွေကျပ်လေးသိန်းဖိုးခန့် ဆုံးရှုံးခဲ့သည်။ လေပြင်းတိုက်ခတ်မှု အခြေအနေများအား သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုကဲ့သို့ ကျောင်းတွင် ပျက်စီးဆုံးရှုံးမှုများရှိသော်လည်း ကျေးရွာအတွင်းရှိ လူနေအိမ်များ၊ လူနှင့် အခြားတိရစ္ဆာန်များ ထိခိုက်မှုမရှိဘဲ ကျောင်းသားကျောင်းသူများ ပုံမှန်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**



## မုတ်သုံလေ ဆက်လက်အားကောင်း

**နေပြည်တော် ဇူလိုင် ၂၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

**(မိုး/ဇလ)**

# သရက်မြို့ ကမ်းနားလမ်းမြေထိန်းနံရံပြိုကျ၊ အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိ

**သရက် ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ဈေးရပ်ကွက် ကမ်းနားလမ်းရှိ ကျောက်စီမြေထိန်းနံရံသည် ဇူလိုင် ၂၃ ရက် ညနေက ပေ ၄၀ ခန့် ပြိုကျပျက်စီးခဲ့သဖြင့် ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ကမ်းနားလမ်း ကျောက်စီမြေထိန်းနံရံသည် ၂၀၁၅-၂၀၁၆ ခုနှစ် သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းဖြစ်သည်။

မြေထိန်းနံရံတည်ဆောက်အပြီး တစ်လခွဲခန့်အကြာတွင် ရာသီဥတုမိုးရေဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းစတင်တည်ဆောက်ခဲ့စဉ်က အောက်ခြေ (ဖောင်ဒေးရှင်း)အား၊ အမာခံမြေသားအထိ တူးဖော်ဆောင်ရွက်မှုမရှိခြင်း၊ ဖို့မြေများပေါ်တွင် အလွယ်တကူ တည်ဆောက်ခဲ့ခြင်း၊ တာဝန်ရှိသူများ လုပ်ငန်းကြီးကြပ်မှု အားနည်းခြင်း၊ စံချိန်စံညွှန်းကိုက်ညီမှုမရှိခြင်း၊ ခိုင်ခံ့မှုမရှိခြင်းတို့ကြောင့် ပျက်စီးကာ ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုဖြစ်ရကြောင်း ဒေသခံများက ဝေဖန်ပြောဆိုနေကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး နယ်လှည့်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၂၇**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | တနိုင်း၊ ဖားကန့်၊ ကာမိုင်း |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ရွှေကျင်၊ အုတ်ဖို |
| ၅။ | မကွေးတိုင်းဒေသကြီး | ရေစကြို၊ စေတုတ္တရာ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | မြစ်သား၊ တောင်သာ၊ ငါန်းဇွန် |
| ၇။ | မွန်ပြည်နယ် | ဘီးလင်း |
| ၈။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး |
| ၁၀။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ နောင်ကား၊ နမ့်စန်၊နမ့်ဆန်၊ တာလေ |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ငပုတော၊ ကျိုက်လတ်၊ မြန်အောင်၊ ကြံခင်း |

**(မြန်မာ့အလင်း)**

# ထီးချိုင့်မြို့နယ် ကက္ကုရွာတွင် လူသတ်မှုဖြစ်

**ထီးချိုင့် ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကက္ကုရွာတွင် ဇူလိုင် ၂၅ ရက်က လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့က ထီးချိုင့်မြို့နယ် ကက္ကုကျေးရွာနေ အောင်နိုင်ထွန်းသည် နေအိမ်အောက်ထပ်သို့ဆင်းသွားပြီး နာရီဝက်ခန့်အကြာ အစ်ကိုဖြစ်သူ နေအောင်သည် အိမ်ဝင်းအတွင်း ဓားမြှောင်ကိုင်ဆောင်လျက် ဝင်လာပြီးနောက် အသင့်ပါလာသော ဓားမြှောင်ဖြင့်ထိုးလိုက်ရာ အောင်နိုင်ထွန်း၏ လည်ပင်း၌ ထိုးသွင်းဒဏ်ရာတစ်ချက် ရရှိသွားသည်။ မြတောင်တိုက်နယ်ဆေးရုံသို့ ပို့၍ ဆေးဝါးကုသမှုခံယူနေစဉ် အောင်နိုင်ထွန်းသည် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားသဖြင့် ဓားဖြင့်ထိုးသူ နေအောင်ကို ဥပဒေ အရ အရေးယူပေးပါရန် မမြတ်လင်းက တရားလိုပြုလုပ် တိုင်ကြား၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အမြန်လမ်းခရီးသွားများ အခမဲ့အိပ်စက်အနားယူနိုင်သည့် သက်တော်စောင့်(ပရဟိတ) တည်းခိုရေးစခန်းဖွင့်

**ရေတာရှည် ဇူလိုင် ၂၇**

ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ယာဉ်မတော်တဆမှုများစွာ ဖြစ်ပွားခဲ့ရာ၌ ယာဉ်မောင်းများ အိပ်ငိုက်ခြင်းကြောင့်လည်း ပါဝင်သည်ကို တွေ့ရှိရသည်။ ခရီးဝေးမောင်းနှင်ကြသည့်အခါ ယာဉ်မောင်းများပင်ပန်းနွမ်းနယ်ခြင်း၊ အနားယူရန်လိုအပ်ခြင်းကြောင့် သက်တော်စောင့်(ပရဟိတ) အိပ်စက်အနားယူနိုင်သည့်စခန်းများကို ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက်တွင် မိုင်တိုင် (၁၆၆/၃)၊ (၁၆၇/၅)၊ (၁၆၈/၀) ၊ (၁၈၁/၁) ၊ (၁၆၇/၇) နေရာများ၌ အရေးပေါ်ယာဉ်သုံးစီး၊ ဆိုင်ကယ်နှစ်စီး၊ အရေးပေါ်ဆေးဝါးများ ဖြည့်စွက်ကာ ဖွင့်လှစ်ထားကြောင်း သိရသည်။

"ကျွန်တော်တို့စဖွင့်တဲ့ မတ် ၂၃ ရက်ကနေ ဒီကနေ့အထိ ခရီးသွားပေါင်း သုံးရာကျော်လောက် တည်းခိုခဲ့ကြပါတယ်။ များသောအားဖြင့် ဘုရားဖူးသွားတဲ့ ဧည့်သည်က ပိုများတယ်"ဟု သက်တော်စောင့်(ပရဟိတ) ဖွင့်လှစ်သူ ဦးဝင်းအောင်(နယ်စပ်)ကပြောသည်။ ယခုကဲ့သို့ ပရဟိတနားနေစခန်းများကို ကော့သောင်း၊ မြိတ်၊ မောတောင်၊ နမ့်စန်၊ နေပြည်တော်တို့တွင် ဖွင့်လှစ်ထားပြီး လူအင်အားနှင့် ငွေကြေးအလှူငွေများ လိုအပ်လျက်ရှိကြောင်း သိရသည်။

"ခရီးသွားရင်း ငွေကြေးအခက်အခဲရှိသူတွေအတွက် ထမင်းနဲ့ကော်ဖီပါတိုက်တယ်။ နောက်ကားဘီးပေါက်တာတွေကိုလည်း ကျွန်တော်တို့ ကူညီဆောင်ရွက်ပေးပါတယ်"ဟု ဦးဝင်းအောင်က ဆက်လက်၍ ပြောသည်။

**ကိုလွင်(ဆွာ)**



# ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ) ရေလမ်းကြောင်း ပြောင်းလဲမည်

**နေပြည်တော် ဇူလိုင် ၂၇**

ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃)အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့်(၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၃၆ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

ရေယာဉ်များအနေဖြင့် ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်ဖြစ်သည်။ အစုန်ရေယာဉ်အား ဦးစားပေးရန်နှင့် ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော်(လေ) လေယာဉ်ထုတ်လုပ်ရေးစက်ရုံများလေ့လာကြည့်ရှု

နေပြည်တော် ဇူလိုင် ၂၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပူးတွဲစစ်ဦးစီးချုပ်နှင့် အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal Arup Raha. PVSM , AVSM, VM၏ ဖိတ်ကြားချက်အရ ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ၁၁ နာရီ ၁၀ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ ဘန်ဂလိုမြို့လေဆိပ်သို့ ရောက်ရှိသည်။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ဂိုအာမြို့သို့ ရောက်ရှိရာ ကြိုဆိုကြသူများနှင့်အတူ တွေ့ရစဉ်။ (မြဝတီ)

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သော အဖွဲ့အား အိန္ဒိယတပ်မတော်(လေ) ဘန်ဂလို အခြေစိုက် လေတပ် လေ့ကျင့်ရေး ဌာနချုပ်၊ ဌာနချုပ်မှူးနှင့်ဇနီး၊ လေယာဉ်စနစ်နှင့် စမ်းသပ်ပျံသန်းရေးဌာန တပ်မှူးနှင့် ဇနီး၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ခင်စိုးနှင့် ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး ဆန်းညွန့်ဦးနှင့် ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်တော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Hindustan Aeronautics Limited ဌာနချုပ်သို့ သွားရောက်လေ့လာရာ Hindustan Aeronautics Limited မှ Chairman and Chief of Managing Director Mr. T Subara Raju နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး လေယာဉ်ထုတ်လုပ်ရေး စက်ရုံများအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Light Combat Helicopter Manufacturing (LCH) နှင့် HAWK Final Assembly တို့သို့ သွားရောက်လေ့လာကြသည်။ ယင်းနောက် ခင်းကျင်းပြသထားသော ယာဉ်များ၊ စက်ပစ္စည်းများနှင့် Electronic ပစ္စည်းများကို လေ့လာကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် AKASH Conference Hall သို့ရောက်ရှိရာ တာဝန်ရှိသူများက Power Point များဖြင့် ရှင်းလင်းတင်ပြကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ဘန်ဂလိုလေဆိပ်မှ ဆက်လက်ထွက်ခွာရာ အိန္ဒိယသမ္မတနိုင်ငံ ဂိုအာမြို့သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ခေတ္တတည်းခိုမည့် Park Hyatt Goa ဟိုတယ်သို့ ရောက်ရှိကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယတပ်မတော်(လေ)မှ တာဝန်ရှိသူများ HAWK Final Assembly ၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် Goa Naval Area ရှိ Venue Officer Mess တွင် ကျင်းပသည့် Fieet Officer , Goa Commanding Area Rear Admiral Ravneet Sirgh တည်းခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်ကြသည်။

ဂိုအာမြို့သည် အိန္ဒိယနိုင်ငံ အနောက်ဘက်ကမ်းခြေ၌ တည်ရှိပြီး လူဦးရေ တစ်သန်းခန့်နေထိုင်သည်။ သံရိုင်း၊ သီဟိုဠ်စေ့နှင့် ဟင်းခတ် အမွှေးအကြိုင်များ အဓိကထွက်ရှိပြီး ဂိုအာမြို့ရှိကမ်းခြေများ၊ ဘုရားဝတ်ပြုဆုတောင်းသည့် နေရာများသို့ နိုင်ငံတကာနှင့် ပြည်တွင်းခရီးသွားဧည့်သည် အများအပြားလာရောက် လည်ပတ်လေ့ရှိကြောင်း သိရှိရသည်။

**(မြဝတီ)**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပိုက်ကျော်ခြင်းပြိုင်

**နေပြည်တော် ဇူလိုင် ၂၇**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် အတန်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အဆိုပါ တက္ကသိုလ်အားကစားခန်းမ၌ ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီက ကျင်းပသည်။

"အခုလိုပြိုင်ပွဲတွေ ကျင်းပပေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျောင်းသားတွေ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုရှိအောင်၊ အဖွဲ့အစည်းနဲ့ကစားရတဲ့အတွက် စည်းလုံးညီညွတ်မှုသဘောကိုနားလည်အောင်၊ ကျောင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေရအောင် စတဲ့ရည်ရွယ်ချက်တွေနဲ့ ကျင်းပပေးရခြင်းဖြစ်ပါတယ်။ အားကစားအမျိုးအစားအလိုက် လစဉ် ကျင်းပပေးနေပါတယ်။ အားကစားအမျိုးအစားတွေအနေနဲ့ကတော့ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ စစ်တုရင် စတဲ့အားကစားနည်းတွေကို ကျင်းပပေးပါတယ်။ ကျောင်းမှာ အားကစားကို မေဂျာတစ်ခုလို ပုံမှန်ပြုလုပ်ပေးပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်ကပြောသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ လာရောက်အားပေးခဲ့ကြသည်။

ပြိုင်ပွဲများကို ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မေမိုးသဲ**

**ဓာတ်ပုံ - အိမ့်ထက်မှူး**



# ရေသန့်စက်နှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကျင်းပ

**လောက်ကိုင် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်အုပ်ချုပ်ရေးဒေသ၊ ဒေသခံပြည်သူများက ရေသန့်စက်နှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက အမှတ် (၁၄) တပ်မတော်ဆေးရုံ ခုတင် (၁၀၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်အုပ်ချုပ်ရေးဒေသမှူး ဗိုလ်မှူးကြီးစောမြင့်ဦးက အမှာစကားပြောကြားပြီး ဒေသခံ မြို့မိမြို့ဖ ဦးအိုက်ကောက ရေသန့်စက်နှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရေသန့်စက်နှင့် ဆေးရုံသုံးပစ္စည်းများကို ကိုးကန့်ဒေသခံပြည်သူများက ပေးအပ်လှူဒါန်းရာ အမှတ် (၁၄) တပ်မတော်ဆေးရုံ ခုတင် (၁၀၀) တပ်နယ်မှူး ဗိုလ်မှူး သက်အောင်လင်းက လက်ခံယူခဲ့ကြောင်း သိရသည်။

**မိုခမ်း(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ဂျပန်ကုမ္ပဏီနှင့် လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၂၇**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် ဂျပန်နိုင်ငံမှ West Corporation တို့အကြား ရန်ကုန်မြို့ ကမ်းနားလမ်း လျှပ်စစ်ရထား (TRAM) ပြေးဆွဲရေးစီမံကိန်းအတွက် စာချုပ်များလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးချန်မောင်နှင့် ဦးမြင့်သိန်း၊ အမြဲတမ်းအတွင်းဝန် ဦးဇော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ West Corporation မှ ဒုတိယဥက္ကဋ္ဌ Miss Hoshino နှင့် ဒါရိုက်တာ ဦးစိုးဝင်းထွန်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့ ကမ်းနားလမ်း လျှပ်စစ်ရထား(TRAM) ပြေးဆွဲနိုင်ရေး စီမံကိန်းအတွက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့် West Corporation မှ ဒါရိုက်တာ ဦးစိုးဝင်းထွန်းတို့က ပြည်ထောင်စု ဝန်ကြီး ဦးသန်းငွေ၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး **(ယာပုံ)** စာချုပ်များအား အပြန်အလှန် လဲလှယ်ကြသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ရထား ပြေးဆွဲရေးစီမံကိန်း ပထမအဆင့် အနေဖြင့်ဆောင်ရွက်ရမည့် လမ်းပိုင်း အခြေအနေအရ ရထားလမ်းခုံးကျော်တံတားများ လွတ်ကင်းမည့် နယ်မြေဖြစ်သည့် ထော်လီကွေ့မှ ပန်းဆိုးတန်းအထိ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်ခန့်တွင် ပြေးဆွဲနိုင်ရန်နှင့်ဒုတိယအဆင့်ကို ပန်းဆိုးတန်းမှ လင်းစဒေါင်းအထိ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကုန်ခန့်တွင် ပြေးဆွဲနိုင်ရန် ရည်မှန်းထားရှိသည်။

ထိုသို့ ပြေးဆွဲနိုင်ရန်အတွက် ရထားလမ်းပိုင်းများကို Dual Guage အဖြစ် ပြုပြင်ပြောင်းလဲလမ်းခင်းခြင်းနှင့် လျှပ်စစ်ဓာတ်တိုင်များသွယ်တန်းရေးကို အဓိကဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့ ကမ်းနားလမ်း၌ မြန်မာ့မီးရထားမှ လျှပ်စစ်ရထား (TRAM) ပြေးဆွဲခြင်းဖြင့် ရန်ကုန်မြို့နေ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချနိုင်ခြင်းအပြင် မြန်မာနိုင်ငံ၌ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်ကို ပိုမိုတွင်ကျယ်စေရန် အထောက်အပံ့ ပေးနိုင်မည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**




# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့် မိသားစုများနှင့် ကယ်ဆယ်ရေးစခန်းများသို့ အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံသည် တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ထောက်အဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များသည် ဇူလိုင် ၂၆ ရက်က အသက်ဆုံးရှုံးမှု၊ အိုးအိမ်ပျက်စီးဆုံးရှုံးမှုတို့အတွက် ငွေကြေးထောက်ပံ့မှု၊ ရေဘေးသင့် အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းလေးမျိုး၊ ရေဆူဆေးပြား၊ ရေပုံး၊ ရေစစ်များ၊ ထောက်ပံ့ငွေ တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၈၅၀၀၀၀ကို ကယ်ဆယ်ရေးစခန်းများ အသီးသီးသို့ ထောက်ပံ့ပေးခဲ့ပြီး ရေဘေးသင့် မိသားစုများကို အားပေး စကားပြောကြားခဲ့သည်။

ထို့ပြင် တွင်းငယ်၊ ရှားတော၊ ကျောက်ဖြူ တောလယ်ကျေးရွာများသို့ အဝတ်အထည်၊ ထမင်း၊ ရေသန့်ဘူးများ၊ စားသောက်ဖွယ်ရာနှင့်ဆေးဝါးပစ္စည်းများကို သွားရောက်၍ လှူဒါန်းခဲ့ကာ ကျန်ရှိသော ကယ်ဆယ်ရေးပစ္စည်း ငါးမျိုးကိုလည်း ဆက်လက်ထောက်ပံ့ပေးရန် စီစဉ်ထားရှိပြီး ရှားတောတံတားပြုပြင်နေမှုများကိုလည်း ကြည့်ရှုစစ်ဆေးသည်။

လမ်းတံတားပျက်စီးမှုများအနက် မန္တလေး-တကောင်း-ဗန်းမော် ကားလမ်းပေါ်ရှိ ရှားတောတံတား ကမ်းကပ်ခုံပြန်လည်မြေဖို့လျက်ရှိပြီး ယခုအခါ ယာဉ်များဖြတ်သန်းနိုင်ပြီဖြစ်သည်။ တွင်းငယ်-မိုးမိတ်လမ်း သပြေချောင်းတံတား ကမ်းကပ်ခုံ ပျက်စီးမှုကို တံတား အထူးအဖွဲ့(၄)မှ ပြုပြင်မြေဖို့လျက်ရှိရာ ယခုအခါ ယာဉ်ငယ်များ ဖြတ်သန်းနိုင်ပြီဖြစ်သည်။ လမ်းတံတားပျက်စီးမှုများကို တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက် လုပ်ကိုင်ပေးလျက်ရှိသည်။ ရေဘေးသင့်ပြည်သူများအား (၇)မိုင် အုပ်စုနှင့် အုန်းဇုန်းအုပ်စု လူမှုရေး အသင်းအဖွဲ့များမှ ထမင်းထုပ်များ၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိသည်။


သပိတ်ကျင်းမြို့နယ် လမ်းတံတားများပျက်စီးမှုကို တာဝန်ရှိသူများ စစ်ဆေးစဉ်။

ဇူလိုင် ၂၅ ရက်က သပိတ်ကျင်းမြို့နယ် ကျောက်ဖြူကျေးရွာအုပ်စု တောင်လယ်ကျေးရွာနှင့် တွင်းငယ်ကျေးရွာအုပ်စုတို့တွင် အိမ်ထောင်စု ၅၇ စုမှ လူဦးရေ ၂၇၂ ဦး အိုးမဲ့အိမ်မဲ့နှင့် လူရှစ်ဦး သေဆုံးကာ ကျွဲနွား ၃၁ ကောင် ဆုံးရှုံးမှုတို့ကြောင့် တွင်းငယ်ကျေးရွာအုပ်စု ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၂၂၁ သိန်းနှင့် ကျောက်ဖြူကျေးရွာအုပ်စုတွင် စုစုပေါင်း ငွေကျပ် ၄၃၁ သိန်း ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုး၊ မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဘငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် မိုးကုတ်မြို့နယ်တွင် ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်တို့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများတိုက်စားခြင်း၊ တောင်ကမ်းပါးယံပြိုကျမှုများကြောင့် နေအိမ်အဆောက်အအုံနှင့် လမ်းတံတားပျက်စီးမှုများကို ဇူလိုင် ၂၆ ရက်က လိုက်လံကြည့်ရှုသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးသည့် နေရာများတွင် ကူညီဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပါဝင်သည့်အဖွဲ့များ၏ ပူးပေါင်းကူညီ ကယ်ဆယ်ရှင်းလင်းရေး ဆောင်ရွက်နေမှုများကို ကြီးကြပ်၍ မိုးကုတ်မြို့နယ် အင်းချောက်ကျေးရွာ၌ တောင်ကျရေများ စီးဆင်းမှုကြောင့် နေအိမ်ပျက်စီးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိသည့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံအားပေးခဲ့ပြီး ၎င်းမိသားစုများအတွက် ထောက်ပံ့ငွေများနှင့်အတူ စားသောက်ကုန်နှင့် မိသားစု အသုံးအဆောင်ပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် ဆေးပေးခန်းတွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် လာရောက် ဆေးကုသမှုခံယူနေသည့် ကျေးရွာပြည်သူများအား အားပေးကြည့်ရှုခဲ့ပြီးနောက် မိုးကုတ်မြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် ကျပ်ပြင်တိုက်နယ်ဆေးရုံတို့တွင် မိုးရွာသွန်းမှုကြောင့် ထိခိုက်ဒဏ်ရာရရှိကာ တက်ရောက်ဆေးကုသမှု ခံယူနေသည့် ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ကျိုးကျပျက်စီးသွားသော သီပေါ နမ့်ပေါ့ချောင်းတံတား သွားလာမှုလွယ်ကူစေရန် ယာယီဘေလီတံတားတည်ဆောက်

**သီပေါ ဇူလိုင် ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် ဇူလိုင် ၂၅ ရက်က ဒုဋ္ဌဝတီမြစ်ရေနှင့် နမ့်ပေါ့ချောင်း ရေလျှံကာ နမ့်ပေါ့ချောင်းတံတားကြီး ကျိုးကျပျက်စီးသွား၍ လူငါးဦးသေဆုံးပြီး သီပေါနှင့် နမ့်ဆန်၊ နမ္မတူ၊ မန်တုံမြို့နယ်များသို့ ဆက်သွယ်မှုရပ်ဆိုင်းသွားသည်။

ထို့ကြောင့် လမ်းပန်းဆက်သွယ်မှု ပြန်လည်ချောမွေ့ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း၊ ညွှန်ကြားရေးမှူးချုပ်(လမ်းဦးစီး)ဦးဝင်းဖေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(တံတားဦးစီး) ဦးရွှေလေး၊ အင်ဂျင်နီယာချုပ် (လမ်းဦးစီး) ဦးစိုင်းကျော်မိုး၊ ပြည်နယ်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၇ ရက်က သီပေါမြို့သို့ရောက်ရှိပြီး နမ့်ပေါ့ချောင်းတံတားကြီး ကျိုးကျပျက်စီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က ရှင်းပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးတင့်သည် သီပေါပြည်သူ့ဆောက်လုပ်ရေးရုံးခန်းမ၌ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ဆက်သွယ်သွားလာမှု ပြန်လည်ကောင်းမွန်ရေးအတွက် ပေ ၁၈၀ အရှည်ရှိ နှစ်လွှာတစ်ထပ်(ယာယီ) ဘေလီတံတားကို အမြန်ဆုံးပြီးစီးအောင် သုံးရက်အတွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ငွေကျပ်သန်း ၁၅၀ ကုန်ကျမည့် သံကူကွန်ကရစ်တံတားကြီးကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက လမ်း၊ တံတားဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး နမ့်ပေါ့တံတား ကျိုးကျမှုကြောင့် သေဆုံးဒဏ်ရာရရှိသူများကို အိမ်တိုင်ရာရောက်သွားရောက်ကြည့်ရှုအားပေးပြီး ကူညီထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

မန္တလေး၊ လားရှိုးမီးရထားခရီးစဉ်အနေဖြင့်လည်း သီပေါ နမ့်ပေါ့ချောင်းကူးရထားလမ်းမှာ ရေတိုက်စားနေသဖြင့် တံတားရေလယ်တိုင် တိမ်းစောင်းသွား၍ မန္တလေး-လားရှိုး အစုန်အဆန် ရထားများ ရပ်နားထားရကြောင်း သိရသည်။

**စိုင်း(သီပေါ)**

*✱ ကျောဖုံးမှ*

အအောင်မြင်ဆုံး အသင်းမှာ အမေရိကန်အသင်းဖြစ်ပြီး ဖလားငါးကြိမ် ရရှိထားသည်။ ယခုပြိုင်ပွဲ၏ ရွှေဖိနပ်ဆုကို အမေရိကန်အသင်းမှ ကလင့်ဒမ်ဆေးကရရှိကာ ရွှေဘောလုံးဆုကို မက္ကဆီကိုအသင်းမှ အန်းထရက်စ်ဂွါဒါဒိုက ရရှိခဲ့သည်။

လူငယ် ကစားသမား ဆုကို မက္ကဆီကိုအသင်းမှ ဂျီးဆပ်ကော်ရိုနာ၊ ဂိုးသမားဆုကို အမေရိကန်မှ ဘရတ်ဂူဇန်က ရရှိခဲ့သည်။ အသန့်ရှင်းဆုံး အသင်းအဖြစ် ဂျမေကာကို ရွေးချယ်ခဲ့သည်။

တတိယနေရာလုပွဲကို တနင်္ဂနွေ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားရာ ပနားမားက အမေရိကန်ကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် အမျိုးသားအဆင့် မဟာဗျူဟာ(မူကြမ်း) အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၇**

သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် အမျိုးသားအဆင့် မဟာဗျူဟာ(မူကြမ်း) ရေးဆွဲရေးအသိပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် အမရဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်၊ လူရွယ်များအားလုံး ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေး၊ ရပ်ကွက်၊ ကျေးရွာအခြေပြု လူမှုစောင့်ရှောက်ရေး၊ လူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ စီမံကိန်းတို့ကို ၂၀၁၄ ခုနှစ် မေမှစတင်၍ သင်ထောက်ကူပစ္စည်းများ အပါအဝင် နေ့တွက်စရိတ်၊ ခရီးစရိတ်များကို ဝန်ကြီးဌာန ဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အချိန်ထိ နည်းပြသင်တန်းများ၊ ဆင့်ပွားသင်တန်းများနှင့် မွမ်းမံသင်တန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ကျေးရွာစုစုပေါင်း ၁၀၀၀ ကျော်မှ လူငယ်၊ မောင်မယ်စုစုပေါင်း ၁၀၀၀၀ ကျော်ကို သင်ကြားပို့ချခဲ့ပြီး ဖြစ်ပါကြောင်း၊ ထူးချွန်ကြိုးစားသည့် လူငယ်များကို ရွေးချယ်ပြီး ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များကိုလည်း စေလွှတ်ပေးလျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် **"သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်း"** ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်ကာ နိုင်ငံတော်က ကုန်ကျစရိတ်ငွေကျပ်သန်းပေါင်း ၁၁၇၇ ဒသမ ၃၄ သန်း အကုန်အကျခံကာ တည်ဆောက်လျက်ရှိပြီး ၉၀ ရာခိုင်နှုန်းကျော်ခန့် တည်ဆောက်ပြီးစီးပြီဖြစ်၍ လာမည့်စက်တင်ဘာလအတွင်း စတင်ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် အမျိုးသားအဆင့် မဟာဗျူဟာ(မူကြမ်း) ရေးဆွဲနိုင်ရေးကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် United Nation Volunteer မှ Country Manager ဖြစ်သူ Mr. Juan Miguel Sanchez Marin က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဟားခါးနှင့် ဖလမ်းတွင် မိုးရေချိန် စံချိန်သစ်တင်

၂၀၁၅ ခုနှစ် ဇူလိုင် ၂၇ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ အောက်ဖော်ပြပါ စခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များကို တိုင်းထွာရရှိခဲ့သည်။

**မိုးရေချိန်စံချိန်သစ်များ**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ဟားခါး | ၁၈၂ | ၇. ၁၆ | ၈၆ | ၃. ၃၉ | ၃၀-၇-၂၀၀၆ | ၂၆ |
| ၂။ | ဖလမ်း | ၁၄၃ | ၅. ၆၃ | ၁၃၅ | ၅. ၃၁ | ၃၀-၇-၁၉၈၉ | ၅၁ |

# ဇူလိုင် ၂၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၅၅၀၀ |
| ၂ | ဧရာ/ငည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၃၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၁၈၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၄၀၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၇၀၀၀ မှ ၁၁၂၀၀၀ |
| ၁၀ | နှမ်းနက် | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၆၅၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၅ မှ ၈၆၅ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၂၆၀၀ |
| ၁၄ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀ မှ ၈၁၀ |
| ၁၅ | ကွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၅၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ မှ ၂၁၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၃၀၀၀ |
| ၁၈ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၆၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။



ရေကြီးနစ်မြုပ်သော လယ်မြေများအတွက် မျိုးစပါးများအား ကျေးရွာအရောက်ဖြန့်ဖြူးပေးနေစဉ်။

# ရေကြီးနစ်မြုပ်တောင်သူများအား မျိုးစပါးများထောက်ပံ့ပေးပြီး လယ်ယာမြေများ အခမဲ့ထွန်ယက်ပေးလျက်ရှိ

**ကောလင်း ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်၌ တောင်သူ ၇၈၀၉ ဦး၏ မိုးစပါးစိုက်ပြီးဧက ၃၄၆၁၇ ဧက ရေနစ်မြုပ်ခဲ့ပြီး ဇူလိုင် ၂၆ ရက်အထိ ပျက်စီးဧက ၂၈၁၄ ဧကရှိခဲ့ရာ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် တစ်ဧကလျှင် မျိုးစပါးတစ်တင်းနှုန်းဖြင့် နိုင်ငံတော်အစိုးရက အခမဲ့ထောက်ပံ့ပေးလျက်ရှိသည်။ လယ်မြေများကိုလည်း အခမဲ့ပြန်လည်ထွန်ယက်ပေးလျက်ရှိရာ ကျွဲ၊ နွား မရှိသူများ၊ စက်ကိရိယာနှင့် ကျွဲ၊ နွား မလုံလောက်သူများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ပေးမည်ဖြစ်ပြီး တောင်သူများ၏ ရေနစ်မြုပ်ခဲ့သော လယ်ယာသုံးစက်ကိရိယာများကိုလည်း အခမဲ့ပြုပြင်ပေးလျက်ရှိသည်။

ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကျေးရွာများအရောက်သွားရောက်ပြီး စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများ၊ အဝတ်အထည်များနှင့် အခြားထောက်ပံ့ပစ္စည်းများ ထောက်ပံ့ဖြန့်ဝေပေးလျက်ရှိပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ တပ်မတော် နယ်လှည့်ဆေးကုသမှုအဖွဲ့များက ရေတွင်းရေကန်များကို ဆေးခတ်ခြင်း၊ ဆေးကုသပေးခြင်း၊ မြွေအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ရေသန့်ဆေးများဖြန့်ဝေပြီး ရေသန့်ပြုလုပ်နည်းများ ပြသခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ကောလင်းမြို့နယ် မြို့ပေါ်၌ ရေဘေးကယ်ဆယ်ရေးစခန်း နှစ်ခုကျန်ရှိ၍ လူဦးရေ ၁၆၄ ဦးရှိပြီး ကျေးရွာ ၁၀ ရွာရှိ ကယ်ဆယ်ရေးစခန်းများ၌ ၂၈၃၅ ဦးရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေလွှမ်းမိုးမှုမတိုင်မီ
မိုးလေဝသ သတင်းကို
အမြဲမပြတ်နားထောင်ပါ

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**သံဖြူဇရပ် ဇူလိုင် ၂၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သော လက်သမား၊ ပန်းရန်၊ စွပ်ကျယ်တံဆိပ်ရိုက်နည်း၊ ဆပ်ပြာနှင့် ခေါင်းလျှော်ရည်ချက်လုပ်နည်း၊ ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်နည်း၊ မွေးမြူရေးအစားအစာ၊ ဖြစ်ပွားတတ်သောရောဂါနှင့်ကာကွယ်ဆေးအကြောင်း စသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကို ဇူလိုင် ၁၆ ရက်မှ ၂၃ ရက်အထိ ရှစ်ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းအထောက်အကူပြုပစ္စည်းများနှင့် လက်သမား၊ ပန်းရန်သုံးပစ္စည်းများကို ပေးအပ်ပြီး သင်တန်းသားများ၏ လက်တွေ့ဆပ်ပြာချက်လုပ်နည်း ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့သည်။ **(မော်လမြိုင်ကိုယ်ပွား)**

# တိုင်းဒေသကြီး/ ပြည်နယ်အချို့ မိုးကြီးနိုင် မြစ်ရေ ရုတ်တရက်မြင့်တက်ပြီး ရေကြီးနိုင်ကြောင်း သတိပြုရန်နှိုးဆော်

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းတို့ကြောင့်လည်းကောင်း၊ ယနေ့မွန်းလွဲမှ နောက်သုံးရက်အတွင်း အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နေရာကွက်၍ မိုးကြီးနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန်သုံးလက်မ (၇၇-မီလီမီတာ)နှင့်အထက် ရွာသွန်းနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် တစ်လက်မခွဲ(၃၈-မီလီမီတာ)နှင့်အထက် ရွာသွန်းနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေရုတ်တရက်မြင့်တက်လာနိုင်ပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် နှိုးဆော်ထားသည်။ **(မိုး/ဇလ)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီးရေလှောင်တမံကြီး ၁၇ ခုတွင် သတ်မှတ်ရေလှောင် ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိကြောင်းနှင့် တာတမံများ ကျိုးပေါက်မှုမရှိကြောင်း သိရသည်။

အဆိုပါ ရေလှောင်တမံကြီး ၁၇ ခုမှာ ရေဘုတ်ရေလှောင်တမံ၊ လိုင်ဗား ရေလှောင်တမံ၊ ကင်းတပ်ရေလှောင်တမံ၊ ပေကြီးရေလှောင်တမံ၊ လင်ပန်းရေလှောင် တမံ၊ ရာဇဂြိုဟ်ရေလှောင်တမံ၊ မင်းမြင်ရေလှောင်တမံ၊ သိန်ရင်ရေလှောင်တမံ၊ မင်းရဲချောင်းရေလှောင်တမံ၊ တောင်နဝင်းရေထိန်းတမံ၊ မုန်းချောင်းရေလှောင်တမံ၊ မန်းရေလှောင်တမံ၊ ကြီးအုံကြီးဝ ရေလှောင်တမံ၊ ပြိုင်းချောင်းရေလှောင်တမံ၊ ဘန့်ဘွေးကုန်းရေလှောင်တမံ၊ နန်ကသူရေလှောင်တမံနှင့် ကညင် ရေလှောင်တမံတို့ဖြစ်သည်။

ထို့ပြင် ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၅ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးဘဲ အဆိုပါရေလှောင်တမံများရှိ ရေပမာဏမှာ ကင်းသာရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၆၃ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁ ဒသမ ၂၀၊ မုန်းချောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၄၆၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၀ ဒသမ ၈၀၊ ဆင်သေရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၂၅၆၄၁ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၂၉ ဒသမ ၇၀၊ မြို့လှ(တပ်ကုန်း)ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၇၀၂၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု ပေ ၁၂ ဒသမ ၈၀၊ ရေဆင်းဆည်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၁၆၃၀၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၃၀ ဒသမ ၂၀၊ ပေါင်းလောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၄၆၇၁၂၈ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု ၂၁ ဒသမ ၃၃ ပေ၊ ငလိုက်ဆည်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၃၈၇၃၅ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၁ ဒသမ ၇၀၊ တောက်ပြိုရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၁၆၂၄ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု ၆ ဒသမ ၆၄ ပေ၊ ချောင်းမငယ်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၆၃၀၀၆ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၀ ဒသမ ၇၀၊ သဲဖြူ ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၄၉၉၁ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု ပေ ၇ ဒသမ ၆၀၊ မဒန်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၁၆၃၂၂ ဧကပေဖြစ်၍ ရေပိုလွှဲမှရေကျော်ရန်လိုအပ်မှု ၂၂ ဒသမ ၆၅ ပေ၊ ဖောင်းလောင်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၈၇၁၈ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု ၅ ဒသမ ၈၅ ပေ၊ လွိုင်နန်းဖရေထိန်းတမံတွင် ရေလှောင်ပမာဏမှာ ၅၉၁ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၅ ဒသမ ၀၀၊ သဖန်းဆိပ် ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၂၈၆၃၅၅၄ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ၀ ဒသမ ၁၅ ပေ၊ ခပေါင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၄၀၂၇၁၇ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ၄၁ ဒသမ ၇၅ ပေ၊ ကိုဒူကွဲရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၅၈၁၅၄ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၉ ဒသမ ၁၀၊ ရွှေလောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ပေ ၂၂၁၆၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၂၈ ဒသမ ၉၀၊ စလူရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ပေ ၄၂၈၈၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၄ ဒသမ ၃၀၊ စလင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၅၃၀၈၃ ပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၆၁ ဒသမ ၀၀၊ ဆည်တော်ကြီးရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၂၉၁၄၃၅ ပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၀ ဒသမ ၂၀၊ ကင်းတားဆည်ရေလှောင်တမံတွင် ရေလှောင် ပမာဏမှာ ပေ ၁၆၂၄၈၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ၉၅ ဒသမ ၄၂ ပေ၊ ငမိုးရိပ်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ပေ ၁၃၅၀၀၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၄ ဒသမ ၅၀၊ ဇော်ဂျီရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၇၃၆၄၄ ပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၆၂ ဒသမ ၀၀၊ ကွန်းချောင်း ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၈၅၂၁၂ ပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၇ ဒသမ ၇၀၊ မမြေရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၄၇၆၈၁ ပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၂၀ ဒသမ ၉၀ ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားသည့် ဒေသများတွင် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်စားသောက်ဖွယ်ရာပစ္စည်းများ လှူဒါန်း

**မိုးကောင်း ဇူလိုင် ၂၇**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်က ငွေကျပ်သိန်း ၅၀၊ Ooredoo က ယခင်လှူဒါန်းထားသည့် ဆန်အိတ် ၂၀၀ တန်ဖိုးအပါအဝင် ငွေကျပ်သိန်း ၁၀၀၊ မြစ်ကြီးနားမြို့မှ အလှူရှင်များက ဆန်လေးအိတ်၊ ဆီ ၁၀ ပိဿာနှင့် အခြားစားသောက်ဖွယ်ရာပစ္စည်းများကို ဇူလိုင် ၂၆ ရက်က မိုးကောင်းမြို့ နန့်ကောင်းဆည့်ရိပ်သာခန်းမ၌ လာရောက်လှူဒါန်းကြသည်။

ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်က ငွေကျပ်နှစ်သိန်း၊ Township Basic First Aid Training Kit တစ်လုံးနှင့် First Aid Kit ငါးလုံး၊ ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ငွေကျပ်တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**မော်လူး**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိရေဘေးသင့်အိမ်ထောင်စုခုနစ်စုအား ဇူလိုင် ၂၅ ရက်က မော်လူးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အင်းတော်မြို့နယ်တာဝန်ရှိသူများက အလှူငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ၊ ရေသန့်ဘူးကြီး/ဘူးသေး၊ ဆန်အိတ်ခုနစ်အိတ်၊ အလှူငွေကျပ်ခုနစ်သိန်းကို အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဦးတင်မြင့်၊ အင်းတော်မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်တို့က လှူဒါန်းခဲ့ပြီး မော်လူးဒေသ အုပ်ချုပ်ရေးမှူးက ငွေကျပ် ၉၀၀၀၀၊ နယ်မြေခံတပ်မှ ဗိုလ်မှူးပြည့်ခိုင်(ယာယီတပ်ရင်းမှူး)နှင့်အဖွဲ့က ဆန်နှစ်အိတ်၊ ကုလားပဲ ၁၀ ပိဿာ၊ ကိုဝင်းနိုင်-မခင်မာကြူ (စက်သုံးဆီရောင်းဝယ်ရေး)မိသားစုက ငွေကျပ် ၇၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဝင်းအောင်၊ ခင်မောင်ဆွေ(မော်လူး)**

# ရွှေလီမြစ်ရေကြီး၍ မဘိမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့နှင့် လမ်းတံတားများတွင် ရေကြီးရေလျှံမှုဖြစ်ပွား

**မဘိမ်း ဇူလိုင် ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မဘိမ်းမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရွှေလီမြစ်ရေကြီးမှုကြောင့် ရပ်ကွက်အချို့၌ မြစ်ကမ်းတစ်လျှောက်ကျေးရွာများသို့ ရေဝင်ရောက်ခြင်း၊ ကားလမ်းရေကျော်ခြင်းများ ဖြစ်ပွားခဲ့သည်။

မဘိမ်းမြို့ပေါ်ရှိ မြို့မရပ်ကွက်နှင့် တိုက်ကုန်းရပ်ကွက်အတွင်း ရေဝင်ရောက်မှုကြောင့် တိုက်ကုန်းရပ်ကွက်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ရေလေးပေခန့်ဝင်ရောက်ပြီး ကျောင်းကြမ်းခင်း၏အပေါ်တွင် ရေတစ်ပေခန့်အထိရှိနေကြောင်း၊ မလှိုင်ကုန်း၊ ဘဲဟဲ၊ မအူကုန်း၊ အင်ကြင်းပင်၊ ခိုတာ၊ ဝိုင်းလုံ၊ ဒိုးချောင်း၊ ငါးအိုးနှင့် ဉယျာဉ်ပုရွာတွင် ရေအမြင့်တစ်ပေခွဲခန့်မှ ခြောက်ပေခန့်အထိ ရေဝင်ရောက်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် မိုးမိတ်၊ မဘိမ်းလမ်းကြောင်းရှိ ကားလမ်းတွင် မိုင်တိုင်အမှတ်(၅၆/၁)နှင့်(၅၆/၇)အကြား အရှည်ပေ ၂၀၀ ခန့် ရေကျော်ခြင်း၊ မိုင်တိုင်(၅၆/၃)နှင့်(၅၆/၄)ရှိ သစ်သားတံတားနှစ်စင်း ရေနစ်မြုပ်ခြင်းများ ဖြစ်ပွားလျက်ရှိသည်။

သို့ဖြစ်၍ မြို့နယ်ကော်မတီ(၃)ရပ်၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး ရေဘေးကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး၊ ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန် ရွှေ့ပြောင်းရေးနှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ခြင်းနှင့် ယနေ့နံနက် ၉ နာရီမှစ၍ ရေများကျဆင်းလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ဧကများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုနှင့် သီးနှံများ ထိခိုက်ပျက်စီးမှုအခြေအနေမှာ ကချင် ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၁၉၄၇၄ ဧကအနက် ၁၉၄၅၂ ဧကပြန်ပေါ်ခဲ့သော်လည်း ၈၂၃၅ ဧက ထိခိုက်ပြီး ခုနစ်ဧက ပျက်စီးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၂၉၁၅ ဧကအနက် ၂၉၁၅ ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၁၇၁ ဧက ထိခိုက်ပြီး ဧက ၁၄၄၀ ပျက်စီးခဲ့ကြောင်း၊ ရှမ်းပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၈၉၀၆ ဧကအနက် ၁၅၁ ဧက ပြန်ပေါ်ခဲ့သော်လည်း ၃၄ ဧက ထိခိုက်ပြီး ခုနစ်ဧကပျက်စီးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၇၀၁၈ ဧက အနက် ၇၃၄၈၆ ဧက ပြန်ပေါ်ခဲ့သော်လည်း ၄၄၂၈၈ ဧက ထိခိုက်ပြီး ၁၁၄၅၂ ဧက ပျက်စီးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၁၃၅၅ ဧကအနက် ၁၃၂၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၃၂၇ ဧက ထိခိုက်ပြီး ဧက ၃၆၀ ပျက်စီးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၃၆၉၂ ဧကအနက် ၈၄၉ ဧက ပြန်ပေါ်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၄၆၇ ဧက အနက် ၄၀၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ဧက ၆၀ ထိခိုက်မှုရှိခဲ့ကြောင်းနှင့် နေပြည်တော်တွင် ရေကြီးနစ်မြုပ်မှု ၂၃ ဧကရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အရာတော်မြို့နယ် ကျေးရွာအချို့အတွင်း မူးမြစ်ရေများဝင်ရောက်

**အရာတော် ဇူလိုင် ၂၇**

ဇူလိုင်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မူးမြစ်ရေတိုးပြီး ဇူလိုင် ၂၇ ရက်တွင် မုံရွာ-အရာတော်-ရွှေဘို ကားလမ်းပေါ်ရှိ ဇရစ်နှင့် ကူးတို့ကိုင်းကျေးရွာအကြား ကားလမ်းနေရာအချို့တွင် လမ်းပခုံးသားများ ပြိုကျခြင်း ဖြစ်ပေါ်ခဲ့သည်။

အလားတူ အရာတော်မြို့နယ်အတွင်း အောင်သာကျေးရွာမှ အိမ်ခြေ ၅၇ လုံး၊ လူဦးရေ ၂၈၇ ဦး၊ ရှောက်ခါးကျေးရွာမှ အိမ်ခြေခုနစ်လုံး၊ လူဦးရေ ၂၃ ဦး၊ ပေါက်ပင်ဆိပ်ကျေးရွာမှ အိမ်ခြေ ၂၅၀၊ လူဦးရေ ၄၅၅ ဦး၊ ကူးတို့ကိုင်းကျေးရွာမှ အိမ်ခြေ ၁၅၀၊ လူဦးရေ ၅၄၇ ဦး၊ လက်ပံသာကျေးရွာတွင် အိမ်ခြေ ၁၇ လုံး လူဦးရေ ၆၄ ဦး၊ ဆင်တလည်ကျေးရွာတွင် အိမ်ခြေ ၄၅ လုံး၊ လူဦးရေ ၁၉၅ ဦးနှင့် ဘုန်းတော်ကြီးကျောင်းသုံးကျောင်း ရေဘေးသင့်ခဲ့သည်။

ရေဘေးသင့်ကျေးရွာများတွင် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းများမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဇရစ်ကျေးရွာ၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ကာ ရွှေ့လျားဆေးခန်းများ ဖွင့်လှစ်ပြီး ကျန်းမာရေး စောင့်ရှောက်ခြင်း၊ ထမင်းထုပ်များ ဝေငှပေးခြင်းနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အရာတော်မြို့တွင် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီ တိုင်းထွာချက်အရ မိုးရေချိန် ၀ ဒသမ ၇၈ လက်မ ရွာသွန်းခဲ့ပြီး မုံရွာ-ရွှေဘိုလမ်းပေါ်ရှိ သမရိုးတံတားအား ဖြတ်သန်းခွင့် ယာယီပိတ်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဟားခါး၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြို၊ လူနေအိမ်အချို့ ဘေးလွတ်ရာသို့ပြောင်းရွှေ့

**ဟားခါး ဇူလိုင် ၂၇**

ချင်းပြည်နယ် ဟားခါးမြို့တွင် ဇူလိုင် ၂၄ ရက်နေ့မှစ၍ မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများ တိုက်စားခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ဇူလိုင် ၂၆ ရက်က ဟားခါး-ဂန့်ဂေါကားလမ်း မိုင်တိုင် ၃၁ နှင့် ၃၂ ကြားတွင် လည်းကောင်း၊ ၄၇ နှင့် ၄၈ ကြားတွင်လည်းကောင်း ၊ ဟားခါး-ခွာဘဲကြား ခွာဘဲကျေးရွာမှအတက် တစ်မိုင် လေးဖာလုံခန့်တွင် လည်းကောင်း မြေပြိုမှုကြောင့် ယာဉ်သွားလာမှုများ ယာယီရပ်တန့်ခဲ့ရပြီး စက်ယန္တရားဖြင့် ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဇူလိုင် ၂၆ ရက်က ဟားခါးမြို့ ဈေးသစ်ရပ်ကွက် အမှတ်(၂) မြို့ပတ်လမ်းနှင့် မတူပီလမ်းကြားရှိ ဦးတီာလ်ဘိခ်နေအိမ်နှင့် ဇူလိုင် ၂၇ ရက်က ဈေးသစ်ရပ်ကွက် မတူပီလမ်းရှိ ဦးလျန်အုပ်နေအိမ်တို့မှာ မြေပြိုမှုကြောင့် အန္တရာယ်ရှိသဖြင့် မိသားစုဝင်များနှင့် ပစ္စည်းများကို ရွှေ့ပြောင်းခြင်း၊ ဈေးဟောင်းရပ်ကွက် ဦးဘွေချန်လျန်းနှင့် ဦးဟရမ်ဟရဲအိမ်ကြားရှိ ရေမြောင်း ရေတိုက်စားခြင်းကြောင့် အန္တရာယ်ရှိသဖြင့် ယင်းမိသားစုများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



## ကန့်ဘလူမြို့နယ်တွင် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများထုတ်ချေး

**ကန့်ဘလူ ဇူလိုင် ၂၇**

ကန့်ဘလူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ တစ်ရပ်လုံးပြေကျေပြီးဖြစ်၍ ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ဇူလိုင် ၂၇ ရက်က ဂါးထာကျေးရွာမှ တောင်သူ ၂၇၂ ဦး၏ လယ် ၈၄၃ ဧကအတွက် ငွေကျပ် ၈၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်းနှင့် ကျန်ကျေးရွာမှ တောင်သူများကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တာဝန်ရှိသူထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကလောချောင်း လေးနှစ်အတွင်း စံချိန်အမြင့်ဆုံးရေတက်

**ကလော ဇူလိုင် ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ ရပ်ကွက် ၂၊ ၃၊ ၄နှင့် အင်းပြင်ကျေးရွာများကို စီးဆင်းလျက်ရှိသော ကလောချောင်းသည် ဇူလိုင် ၂၆ ရက် နံနက် ၂ နာရီခန့်တွင် ကလောမြို့တောင်ဘက် တောင်ပေါ် တောင်လားကျေးရွာအုပ်စု မြင်းတိုက်မြင်စိုင်းကုန်းကျေးရွာ ကုန်းမြင့်ဒေသများမှ ပြိုဆင်းလာသော တောင်ကျရေများ စီးဆင်းမှုကြောင့် ကလောမြို့တွင်းတွင် လေးပေကျော်နှင့်အင်းပြင်ကျေးရွာ၊ နန်းအွန်ကျေးရွာ နေရာများအထိ ချောင်းရေများ လေးနှစ်အတွင်း စံချိန်အမြင့်ဆုံး ရေလွှမ်းမိုးခဲ့သည်။

အဆိုပါရေလွှမ်းမိုးရာ နေရာများသို့ နယ်မြေခံတပ်မှ ဗိုလ်ချုပ်အောင်သူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာလှမြင့်၊ မြို့နယ်ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဆွေဦး၊ ဖြူစင်မေတ္တာ လူမှုကူညီရေးအသင်း၊ ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အောင်ပန်းမြို့ အောင်ပြည့်စုံ သွေးလှူရှင်များက ရေဘေးဒုက္ခနေရာများမှ ကယ်ဆယ်ပြောင်းရွှေ့နေရာချထားပေးခြင်း၊ ဆေးဝါးကုသပြုစုခြင်း၊ အစားအစာများ၊ သောက်ရေများ လိုက်လံကူညီ ပံ့ပိုးထောက်ပံ့ခဲ့ကြသည်။

**ဇော်သိန်းရည်**



# ကျွန်းလှမြို့နယ်အတွင်းရှိ ဘိုယားဆည်တမံ အမှတ်(၂) အောက်ခြေမှ ရေစိမ့်သော်လည်း စိုးရိမ်ဖွယ်ရာမရှိ

**ကျွန်းလှ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တမံအချို့ ရေလျှံခြင်း၊ မြောင်းပေါင်အချို့ ပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားမှုဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ်အတွင်းရှိ ဘိုယားဆည်တမံ အမှတ်(၂)တွင် အောက်ခြေမှ ရေအနည်းငယ်စိမ့်ထွက်မှု ဖြစ်ပွားခဲ့ရာ တာဝန်ရှိသူများက အချိန်မီပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် ဆည်ပေါင်ကျိုးပေါက်မှုအန္တရာယ်အတွက် စိုးရိမ်စရာမရှိကြောင်း သိရသည်။

"အဆိုပါ တမံအမှတ်(၂)မှ ရေစိမ့်ထွက်မှုနှင့် ပတ်သက်ပြီး ဒေသခံတစ်ဦးက တမံအမှတ်(၂)အောက်ခြေမှာ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းကစပြီး ရေစိမ့်ထွက်လာတယ်။ စိုးရိမ်စရာတော့မရှိပါဘူး။ အရွယ်အစားက တစ်ပေလောက်ရှိတယ်။ ဒါကို အချိန်နဲ့တစ်ပြေးညီ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ဆည်မြောင်းဝန်ထမ်းတွေနဲ့ ပူးပေါင်းအဖွဲ့တွေက ပြုပြင်ထိန်းသိမ်းရေးကို ဆောင်ရွက်ခဲ့လို့ အချိန်မီထိန်းသိမ်းနိုင်ခဲ့တယ်။ ပြီးတော့ ရေကင်းကိုလည်း နေ့/ညမပြတ် ထားရှိတဲ့အတွက် စိုးရိမ်စရာမရှိတော့ဘူး" ဟု ပြောကြားသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ ရှစ်ဦးကို လက်နက်၊ ခဲယမ်းဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်အတွင်း ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့များ ခိုအောင်းနေထိုင်လှုပ်ရှားမှုမရှိစေရေး တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ် (BGF)တို့ပူးပေါင်း၍ နယ်မြေရှင်းလင်းမှုနှင့်အတူ ကေအင်န်ယူ တပ်ရင်း(၁၇)မှလည်း ဟန်ချက်ညီ ရှင်းလင်းလျက်ရှိသည်။



ထိုသို့ဆောင်ရွက်စဉ် တရိတကောင်းရှိ ကေအင်န်ယူတပ်ရင်း(၁၇)မှ တပ်ဖွဲ့ဝင်များသည် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ တပ်ဖွဲ့ဝင် ရှစ်ဦးအား လက်နက်မျိုးစုံ ကိုးလက်၊ ကျည်အိမ်မျိုးစုံ ၂၈ ခု၊ ကျည်မျိုးစုံ အတောင့် ၂၇၀၊ လမ်းလျှောက်စကားပြောစက်တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဇူလိုင် ၂၆ ရက်က မိဖညားကျေးရွာတွင် တပ်မတော်စစ်ကြောင်းများထံ လာရောက်အပ်နှံခဲ့သည်။

အဆိုပါရှစ်ဦးကို ကေအင်န်ယူ တပ်ရင်း (၁၇)သည် ၎င်းတို့နယ်မြေအတွင်းမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းနှင့် တပ်မတော်၊ နယ်ခြားစောင့်တပ် (BGF)နှင့် နယ်မြေခံလက်နက်ကိုင်အဖွဲ့များ ပူးပေါင်း၍ ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့များကို ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်၊ ခဲယမ်းများ လာရောက်အပ်နှံ

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ဇူလိုင် ၄ ရက်မှ ၂၂ ရက်အထိ တိုင်းဒေသကြီးအတွင်းရှိ လက်ဝယ်ပိုင်ဆိုင်ထားကြသူများ လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ လာရောက်အပ်နှံခဲ့ကြကြောင်း သိရသည်။

အဆိုပါ လာရောက်အပ်နှံသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းမှာ လေသေနတ်ရှစ်လက်၊ နှစ်လုံးပြူးလေးလက်၊ ပွိုင့် ၂၂ သေနတ်လေးလက်၊ ပွိုင့် ၃၀၈ ပြောင်းရှည်တစ်လက်၊ တစ်လုံးထိုး ပြောင်းရှည်တစ်လက် စုစုပေါင်း လက်နက် ၁၈ လက်၊ ခဲယမ်းများအနေဖြင့် ၅ ဒသမ ၅၆ အမျိုးအစား ၁၂၅ တောင့်၊ ၇ ဒသမ ၆၂ အမျိုးအစား အတောင့် ၁၄၀ ၊ ၁၂ ဗို့ ၆၅ တောင့်၊ ပွိုင့် 22 MM ၉၂ တောင့်၊ ပွိုင့် 32 MM သုံးတောင့်၊ 9 MM ၄၃ တောင့် စုစုပေါင်း ၄၆၈ တောင့်နှင့် ဆက်စပ်ပစ္စည်းများအနေဖြင့် ၁၂ ဗို့ကျည်ခွံ ၃၂ ခု၊ ကျည်ထိပ်ဖူးမျိုးစုံခုနစ်ခု၊ ပွိုင့် ၃၀၃ ကျည်အိမ်တစ်ခု၊ ဘီအေ ၇၂ ကျည်အိမ်တစ်ခု၊ ပစ္စတိုသေနတ်ကျည်အိမ်တစ်ခု၊ ချိန်သီးသုံးခု၊ သေနတ် တိုက်တံလေးခု၊ လေသေနတ်ခဲကျည် (ဘူး)တစ်ခု၊ လေသေနတ်ပြောင်းတစ်ခု၊ လေသေနတ်ကိုယ်ထည်တစ်ခု၊ သစ်သားဒင်တစ်ခု၊ Scope တစ်ခု စုစုပေါင်း ၅၄ မျိုးကို သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့စခန်းများတွင် လာရောက်အပ်နှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အနည်းဆုံးလုပ်ခနှုန်းထားပြဿနာ ဘယ်လိုဖြေရှင်းကြမလဲ

*ဇူလိုင် ၂၅ ရက်နေ့မှအဆက်*

**CMP အထည်ချုပ်လုပ်ငန်းများ၏ဝင်ငွေ**

| စဉ် | နိုင်ငံ | ပို့ကုန်တန်ဘိုး (US $ - million) | လုပ်သားအင်အား (ထောင်ပေါင်း) |
|---|---|---|---|
| ၁ | မြန်မာ | ၁၆၀၀ | ၂၅၀ |
| ၂ | ကမ္ဘောဒီးယား | ၅၄၀၀ | ၅၀၀ |
| ၃ | ဗီယက်နမ် | ၁၆၀၀၀ | ၂၂၀၀ |
| ၄ | ဘင်္ဂလားဒေ့ရှ် | ၂၂၀၀၀ | ၃၅၀၀ |

Source: *World Trade Atlas Data 2014.*

ဒီချုပ်လုပ်ခပေးသည့်အထဲမှ ဆိပ်ကမ်းရှင်းလင်းခ၊ ဒဏ်ကြေး၊ ရေဖိုး၊ မီးဖိုး၊ ဖုန်းခ၊ လမ်းတံတားဖြတ်သန်းခ၊ ကုန်တင်ယာဉ်များ စက်မှုဇုန်အတွင်း ဝင်ရောက်ခ၊ စည်ပင်လိုင်စင်ခွန်၊ ဟိုအကြေး၊ ဒီအကြေးအစရှိတဲ့ အသုံးစရိတ်များ သုံးစွဲရပါသေးသည်။ ထို့အပြင် အထည်ချုပ်လုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းသုံးအထောက်အကူပြု ပစ္စည်းများဝယ်ယူရသည့် စရိတ်များမှာလည်း ရရှိသည့်ချုပ်ခဆိုသည့် ခေါင်းစဉ်အောက်ကပင် သုံးစွဲရခြင်းဖြစ်ပါသည်။ ယင်းကဲ့သို့ မဖြစ်မနေသုံးစွဲရသည့် ကုန်ကျစရိတ်များ သုံးစွဲပြီး ကျန်ငွေကိုမှ အလုပ်သမားခ ရှင်းပေးနိုင်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ လုပ်ခ တိုးမြှင့်ပေးနိုင်ရေးအတွက် ဖော်ပြပါ အခွန်၊ အခ၊ အကောက်များနှင့် အခြားအထွေထွေစရိတ်များ လျှော့ချရန်လိုပါသည်။ ယင်းကိစ္စကို တာဝန်ရှိသူများက ဖြေလျှော့ပေးနိုင်သည်နှင့်အမျှ အလုပ်သမားခ (လုပ်ခ) တိုးပေးနိုင်တော့မည်ဖြစ်ပါသည်။ တာဝန်ရှိသူ Stakeholder အားလုံး စဉ်းစားပေးနိုင်စေရေး တင်ပြခြင်းဖြစ်ပါသည်။

အထက်တွင် တင်ပြခဲ့သည့် အချက်များအရ မြန်မာနိုင်ငံ CMP လုပ်ငန်းများ၏ ချုပ်ခဝင်ငွေသည် တစ်နှစ်လျှင် US $ ၁၆၀ ခန့် ရှိသည်ဟု ခန့်မှန်းတွက်ချက်နိုင်ပါသည်။ CMP လုပ်ငန်းများတွင် လုပ်သားအင်အား နှစ်သိန်းခွဲခန့်ရှိသဖြင့် လူတစ်ဦး တစ်နှစ်ထုတ်လုပ်တန်ဖိုးမှာ US $ ၆၄၀ ရှိပါသည်။ သို့ဖြစ်၍ တစ်လချုပ်လုပ်တန်ဖိုး US$ ၅၃ ရှိပါသည်။ အချက်အလက်ရရှိစဉ်ကာလက နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ငွေကျပ် ၉၅၀ လောက်သာရှိသဖြင့် အလုပ်သမားတစ်ဦး တစ်လကုန်ထုတ် တန်ဖိုးကို မြန်မာငွေကျပ် ၅၀၃၅၀ သာရှိကြောင်း တွက်ချက်ရရှိပါသည်။ ဒီအချက်အလက်များကို Stakeholder အားလုံးဆုံးဖြတ်ချက်တစ်ခု မချမီ စဉ်းစားသုံးသပ်နိုင်စေရန် အကြံပြုတင်ပြခြင်းသာဖြစ်ပါသည်။

အနည်းဆုံးလုပ်ခဟု အမည်တပ်ထားသဖြင့် ယင်းသတ်မှတ်လုပ်ခအောက် လျှော့ပေး၍မရဟု အဓိပ္ပာယ်ရရှိပါသည်။ သို့ရာတွင် အလုပ်သမား၏ ကျွမ်းကျင်မှုအပေါ် မူတည်၍ နှစ်သက်သလို တိုးပေးနိုင်ပါသည်။ အလုပ်သမားကလည်း လုပ်ခပိုမိုတိုးမြှင့်ယူလိုတိုင်း မိမိကျွမ်းကျင်မှုကို မိမိဘာသာ ကြိုးစားမြှင့်တင်ရန် တာဝန်ရှိပါသည်။ မိမိကြောင့် ထုတ်လုပ်မှုပမာဏ တိုးတက်လာသည်နှင့်အမျှ လုပ်ခလည်း အချိုးညီတိုးမြှင့်ရရှိနိုင်မည်ဖြစ်ပါသည်။ အလုပ်ရှင်ဘက်ကလည်း သစ္စာရှိရှိ တိုးမြှင့်ပေးရပါမည်။ အနည်းဆုံးလုပ်ခကို မြင့်မြင့်သတ်မှတ်ထားပါက ကျွမ်းကျင်သည်ဖြစ်စေ၊ မကျွမ်းကျင်သည်ဖြစ်စေ အလုပ်သမားတစ်ဦး ဖြစ်လာသည်နှင့် ယင်းသတ်မှတ်လုပ်ခကို ပေးရန် တာဝန်ရှိလာပါသည်။ သို့ဖြစ်ရာ အလုပ်ရှင်အနေဖြင့် မကျွမ်းကျင်သည့် အလုပ်သမားကို ကျွမ်းကျင်အလုပ်သမားနှင့် တန်းတူလုပ်ခပေးရန် ဆန္ဒမရှိနိုင်သဖြင့် စတင်ခန့်ထားစဉ်ကတည်းက ကျွမ်းကျင်မှု ရှိ မရှိ စစ်ဆေးပြီး ဆန်ခါတင်ရွေးချယ်ခန့်ထားတော့မည် ဖြစ်ပါသည်။ ယင်းသို့ဖြစ်ပါက သာမန် ကျွမ်းကျင်စ လုပ်တတ်ကာစ အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးသွားနိုင်ပါသည်။

ကုန်ထုတ်စွမ်းအားနှင့် ပတ်သက်ပြီး စဉ်းစားနိုင်ရန်တင်ပြရပါက စက်ရုံတစ်ရုံ တစ်နေ့ အထည် ၄၀၀ ထွက်ပါက တစ်နာရီလျှင် အထည် ၅၀ ထွက်နှုန်းရှိပါသည်။ ယင်းစက်ရုံ၏ ရေခ၊ မီးခ၊ လုပ်အားခများ၏ ကုန်ကျစရိတ်သည် တစ်နာရီ ငွေကျပ် ၅၀၀ ဟု ယူဆပြီးတွက်ချက်ပါက အထည်တစ်ထည်ထွက်ရန် ကုန်ကျစရိတ် ၁၀ ကျပ်ဟု အဖြေထွက်ပါသည်။ အကယ်၍ ကျွမ်းကျင်လုပ်သားများဖြင့် ချုပ်လုပ်ခြင်းကြောင့် တစ်နာရီလျှင် အထည် ၁၀၀ ထွက်ခဲ့ပါက ကုန်ကျစရိတ် အတူတူဖြစ်သဖြင့် တစ်ထည်ထွက်ရန် ၅ ကျပ်သာ ကုန်ကျတော့သည်ကို တွေ့မြင်နိုင်ပါသည်။ ဤသို့ဆိုလျှင် အလုပ်သမားကို လုပ်ခပိုမိုတိုးမြှင့်ပေးနိုင်မည် ဖြစ်ပါသည်။ လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံအလုပ်သမားတစ်ဦး အထည်တစ်ထည် ချုပ်လုပ်ချိန်တွင် ဘင်္ဂလားဒေ့ရှ် အလုပ်သမားတစ်ဦး ၁ ဒသမ ၅ ထည်၊ ဗီယက်နမ် အလုပ်သမားတစ်ဦး နှစ်ထည်၊ တရုတ်နိုင်ငံ အလုပ်သမားတစ်ဦး သုံးထည် ချုပ်လုပ်နိုင်သည်ဟု သိရှိရပါသည်။ သို့ဖြစ်၍ မြန်မာအလုပ်သမား တစ်ဦးချင်းစီက မိမိတို့၏ ကျွမ်းကျင်မှု အရည်အသွေးတိုးမြှင့်ပြီး ထုတ်လုပ်နိုင်စွမ်း တိုးတက်လာစေရန် ကြိုးစားကြစေလိုပါသည်။ တာဝန်ရှိသူများကလည်း ကျွမ်းကျင်မှုအပေါ် မူတည်ပြီး လုပ်ခတိုးမြှင့်ပေးတဲ့စနစ်ကို စဉ်းစားသင့်ကြောင်း အကြံပြုလိုပါသည်။

တင်ပြခဲ့တဲ့အချက်များကို အနှစ်ချုပ်စုစည်းဖော်ပြရပါက-

(က) အနည်းဆုံးလုပ်ခ သတ်မှတ်ရာတွင် ဝန်ဆောင်မှုလုပ်ငန်း၊ ရုံးလုပ်ငန်း၊ စက်နှင့်နည်းပညာအသုံးပြု ကုန်ထုတ်လုပ်ငန်းများနှင့် လူအင်အားအသုံးပြုမှု ကုန်ထုတ်လုပ်ငန်း (CMP အထည်ချုပ်လုပ်ငန်း) တို့ကို ခွဲခြားစဉ်းစားသင့်ပါသည်။

(ခ) ကုန်ချောအဖြစ်ထုတ်လုပ်ချိန် အလုံအလောက်ရရှိစေရေးအတွက် ဆိပ်ကမ်း၌ ကုန်ကြမ်းပစ္စည်းထုတ်ယူသည့်စနစ်များကြောင့် ကြန့်ကြာမှုမရှိစေရေး နည်းလမ်းရှာဖွေသင့်ပါသည်။

(ဂ) CMP အထည်ချုပ်လုပ်ငန်းအတွက် တင်သွင်းလာသည့် အစများ၊ ချုပ်လုပ်မှု ဆက်စပ်ပစ္စည်းများသည် မိမိနိုင်ငံက ငွေဖြင့်ဝယ်သည့် ပစ္စည်းများမဟုတ်သကဲ့သို့၊ မိမိနိုင်ငံအတွင်း အသုံးပြုမည့် ပစ္စည်းများလည်း မဟုတ်ခြင်းကြောင့် သွင်းကုန် (Import) ဟု မသတ်မှတ်သင့်ပါ။ အလားတူ ပြန်ထွက်သွားသည့် ကုန်ချောအထည်များ၏ တန်ဖိုးငွေများမှာလည်း မိမိနိုင်ငံထဲသို့ ဝင်လာသည့်ဝင်ငွေမဟုတ်သည့်အတွက် ယင်းတို့ကို ပို့ကုန် (Export) ဟု မသတ်မှတ်သင့်ပါ။ သို့ဖြစ်၍ CMP အထည်ချုပ်လုပ်ငန်းများကို သာမန်ကုန်သွယ်မှုလုပ်ငန်းနှင့် တန်းတူမသတ်မှတ်ဘဲ သီးခြားသတ်မှတ်သင့်ပါသည်။

(ဃ) ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ ၄ တွင် ပြဋ္ဌာန်းထားချက်အား လခစားပေးသည့် လုပ်ငန်းများအတွက်သာ အကျုံးဝင်စေပြီး CMP အထည်ချုပ်လုပ်ငန်းများကဲ့သို့ နေ့စားလရှင်းလုပ်ငန်းများအတွက် ခြွင်းချက်ပေးရန် စဉ်းစားသင့်ပါသည်။

(င) အချိန်ပို လုပ်အားခတွက်ချက်သည့်ရက်ကို ၆ ရက်အစား ၅ ရက်ခွဲသို့ဖြစ်စေ၊ အလုပ်လုပ်ချိန်ကို ၄၄ နာရီအစား ၄၈ နာရီသို့ဖြစ်စေ၊ ပြင်ဆင်တွက်ချက်ပေးရန် စဉ်းစားသင့်ပါသည်။

(စ) အချိန်ပိုလုပ်ခအဖြစ် မူလလုပ်ခ၏ နှစ်ဆပေးခြင်းမှာ မြန်မာနှင့် အင်ဒိုနီးရှား (၂) နိုင်ငံသာရှိသဖြင့် အခြားအာဆီယံ (၈) နိုင်ငံနည်းတူ ၁ ဒသမ ၅ ဆ ပေးခြင်းကို စဉ်းစားသင့်ပါသည်။

(ဆ) ချုပ်လုပ်ပြီး ကုန်ချောထည်များအား သင်္ဘောပေါ်တင်ပို့ရာတွင် ရုံးချိန်ပြင်ပနှင့် ရုံးပိတ်ရက်များပါ ဆောင်ရွက်နိုင်ရေးအတွက် အခြားနိုင်ငံများနည်းတူ နေ့ဆိုင်းညဆိုင်း တာဝန်ပေး၍ ဆောင်ရွက်ရန် စဉ်းစားသင့်ပါသည်၊

(ဇ) အလုပ်သမားများကို လုပ်ခတိုးတက်ပေးနိုင်ရေးအတွက် ဆိပ်ကမ်းရှင်းလင်းခ၊ ဒဏ်ကြေး၊ ရေဖိုး၊ မီးဖိုး၊ ဖုန်းခ၊ လမ်းတံတားဖြတ်သန်းခ၊ ကုန်တင်ယာဉ်များ စက်မှုဇုန်အတွင်း ဝင်ရောက်ခ၊ စည်ပင်လိုင်စင်ခွန် အစရှိသည့် အသုံးစရိတ်များကို လျှော့ချပေးနိုင်မည့် နည်းလမ်းရှာသင့်ပါသည်။

(ဈ) အနည်းဆုံးလုပ်ခသတ်မှတ်ချက် မြင့်နေခဲ့ပါက ကျွမ်းကျင်ပြီးအလုပ်သမားများကိုသာ ခန့်ထားလိုကြမည်ဖြစ်သဖြင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် လေ့ကျင့်ရေးသင်တန်းကျောင်းများ ထူထောင်ပြီး မွေးထုတ်ပေးသင့်ပါသည်။

နောက်ဆုံးအနေဖြင့် ခြုံငုံအကြံပြုတင်ပြလိုသည်မှာ-

(က) အလုပ်သမားများအနေဖြင့် တာဝန်ရှိသူများက သတ်မှတ်ပေးသည့် အနည်းဆုံးလုပ်ခကို လတ်တလောအားဖြင့် ကျေနပ်ပြီး မိမိတို့၏ ကျွမ်းကျင်မှု အရည်အသွေး မြှင့်တင်နိုင်ရေး အတွက် အလေးထား ကြိုးစားလုပ်ကိုင်ကြပါရန် မေတ္တာရပ်ခံလိုပါသည်။ အချိန်ကာလတစ်ခုစောင့်ကြည့်ပြီး အဆင်မပြေမှုတွေ ထပ်မံ ကြုံတွေ့လာပြီဆိုမှ မိမိတို့၏ အခြေအနေကို သက်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်းများမှတစ်ဆင့် စနစ်တကျ အဆင့်ဆင့် တင်ပြပေးစေလိုပါသည်။ မိမိအလိုမကျတိုင်း လုပ်ငန်းခွင်အပြင်ထွက် ဆန္ဒပြနေမည်ဆိုပါက နည်းပါးလှသည့် အလုပ်ချိန်ကို ပိုမိုနည်းပါးစေပြီး ကုန်ချောထည်အချိန်မီ ပေးပို့မှု ပျက်ကွက်နိုင်ပါသည်။ သို့ဖြစ်လျှင် အလုပ်အပ်နှံသူ နည်းပါးလာပြီး နောက်ဆုံး လုပ်ငန်း ပိတ်သိမ်းခဲ့ပါက အလုပ်သမား အများစု အလုပ်လက်မဲ့ ဖြစ်ကြပြီး အားလုံးလူမှုဒုက္ခများ ပိုမို ကြုံတွေ့လာနိုင်သည်ကို စဉ်းစားပြီးမှ ချင့်ချင့်ချိန်ချိန် လုပ်ကိုင်ကြပါရန် အကြံပေးလိုပါသည်။

(ခ) အလုပ်ရှင်များအနေဖြင့် တာဝန်ရှိသူများ သတ်မှတ်ပေးသည့် အနည်းဆုံးလုပ်ခကို ဘူးခံမငြင်းကြဘဲ အတတ်နိုင်ဆုံးပေးနိုင်အောင် ညှိနှိုင်းကြိုးစားကြရန် မေတ္တာရပ်ခံ လိုပါသည်။ မိမိတို့၏ အခက်အခဲများကိုလည်း တာဝန်ရှိသူတွေ ရှင်းရှင်းလင်းလင်း သိနားလည်စေဖို့ ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုပါသည်။ မိမိလုပ်ငန်းခွင်တွင် ရှိနေပြီးဖြစ်သည့် အလုပ်သမားများကို ကျွမ်းကျင်မှု တိုးတက်လာစေရန် လေ့ကျင့်သင်ကြားမှုများကိုလည်း စွမ်းနိုင်သရွေ့ ပြုလုပ်ပေးစေလိုပါသည်။ အမေရိကန်အပါအဝင် နိုင်ငံတကာက ကုန်ချောမှာယူသူ ဖောက်သည်များများရရှိစေရေးအတွက် အသင်းအဖွဲ့လိုက် စုစုစည်းစည်း ရှာဖွေကြစေလိုပါသည်။

(ဂ) တာဝန်ရှိ အစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအနေဖြင့်လည်း ဥပဒေပြဋ္ဌာန်းခြင်း၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းများဖြင့် ကျေနပ်မနေဘဲ မိမိထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများကို အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်စလုံးက လိုက်နာနိုင်စေရေးအတွက် အထက်တွင်တင်ပြခဲ့သည့် အကြံပြုချက်များအတိုင်း မည်ကဲ့သို့ ဖြေလျှော့ပေးနိုင်မည်ကို နည်းလမ်းရှာဖွေ ဆောင်ရွက်ပေးစေလိုပါသည်။

နိဂုံးချုပ်အနေဖြင့် အလုပ်သမားရော၊ အလုပ်ရှင်ရော၊ အစိုးရအဖွဲ့အစည်းများကိုပါ မေတ္တာရပ်ခံတင်ပြလိုသည်မှာ အားလုံးသည် မိမိတို့၏ ကျေးဇူးရှင်တွေပါဟု ရှုမြင်ပေးကြစေလိုပါသည်။ အလုပ်သမား ဆိုသည်မှာ အလုပ်ရှင်၏ကျေးဇူးရှင်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုများ မည်မျှလုပ်စေကာမူ၊ စက်ရုံကြီးများ ဘယ်လောက်ထူထောင်ထားစေကာမူ အလုပ်သမားတစ်ဦးမှ မရှိပါက မည်သည့် အကျိုးကျေးဇူးမှခံစားရနိုင်မည် မဟုတ်ပါ။ သို့ဖြစ်၍ မိမိကျေးဇူးရှင်ကို ကျေးဇူးသိသည့်အနေဖြင့် ၎င်းတို့ကို မည်ကဲ့သို့ အဆင်ပြေအောင် လုပ်ပေးရမည်ကို အချိန်ပြည့်စဉ်းစားပေးကြစေလိုပါသည်။ အလားတူ အလုပ်ရှင်ဆိုသည်မှာလည်း အလုပ်သမားများ၏ ကျေးဇူးရှင်များဖြစ်ကြပါသည်။ ၎င်းတို့ စွန့်စားပြီး စက်ရုံများထူထောင်ထားခြင်း၊ နိုင်ငံခြားက ဖောက်သည်များ၊ လုပ်ငန်းအပ်နှံသူများ ရှာဖွေပေးခြင်းများကြောင့် မိမိက အလုပ်ရပြီး ထမင်းစားရသည်။ ဘဝရပ်တည်မှု အသင့်အတင့်ရသည် စသည်ဖြင့် တွေးမည်ဆိုပါက အလုပ်ရှင်သည် အလုပ်သမား၏ ရန်သူဟု သတ်မှတ်ရန်မဟုတ်ဘဲ ကျေးဇူးရှင်ဟု မြင်လာနိုင်ပါသည်။ ဤကဲ့သို့ အပြန်အလှန် ကျေးဇူးရှင်ဟုရှုမြင်ပြီး ဆက်ဆံကြမည်ဆိုပါက တစ်ဦး ကောင်းကျိုး တစ်ဦးက ဖန်တီးပေးကြတော့မည် ဖြစ်ပါသည်။ သာယာ သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ကြမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အလုပ်ရှင် အလုပ်သမားနှစ်ဦးစလုံးက မိမိတို့ဘက်က ကိုယ့်အမြင်အပေါ် ကိုယ် မလျှော့တမ်း တင်းခံနေကြမည်ဆိုပါက တိုင်းပြည်နှင့် နိုင်ငံသားအားလုံး ထိခိုက်နစ်နာစေနိုင်သည့် အချက်ကိုစဉ်းစားပြီး လုပ်ဆောင်ကြပါရန် မေတ္တာရပ်ခံ အကြံပြုလိုပါသည်။

အစိုးရတာဝန်ရှိ ဝန်ကြီးဌာနများထံသို့ တင်ပြလိုသည်မှာ အလုပ်ရှင်ဆိုသည်မှာ တိုင်းပြည်၏ ဝမ်းဗိုက်ဟု တင်စားပါသည်။ "ပြည့်ဝမ်းဗိုက်ကို မဖောက်ရာ" ဟု စာပေတွင် ဆုံးမစကားဖတ်ဖူးပါသည်။ အလုပ်ရှင်များကို အခက်အခဲတွေ့အောင်လုပ်ခြင်းသည် တိုင်းပြည်ကြီးပွားတိုးတက်ရေးကို ထိခိုက်စေနိုင်ပါသည်။ ၎င်းတို့ မည်ကဲ့သို့ အဆင်ပြေစေရန်၊ လုပ်သာကိုင်သာရှိစေရန် လုပ်ပေးရမည်ကို အချိန်ပြည့် စဉ်းစားပေးခြင်းသည် အစိုးရမင်းများ၏ တာဝန်ဖြစ်ပါသည်။ အလုပ်ရှင်များကို ဒုက္ခမပေးသင့်သလို ဥပေက္ခာလည်း ပြုမထားသင့်ပါ။ အလုပ်ရှင်တွေ မည်သည့်အခက်အခဲဖြစ်နေကြသည်ကို သိအောင် လုပ်ရပါမည်။ သိပြီးပါက မည်ကဲ့သို့ ကူညီရမည်၊ မည်ကဲ့သို့ ဖြေလျှော့ပေးရမည် စသည့် နည်းလမ်းများရှာပြီး အလုပ်ရှင်များကို ကူညီစေလိုပါသည်။ မလိုအပ်သော တင်းကျပ်သည့်မူဝါဒများ ချမှတ်ထားပါက အောက်ခြေ၌ ခြစားမှုများ၊ အကျင့်ပျက်မှုများ ဖြစ်လာနိုင်ပါသည်။ ရိုးရိုးသားသားလုပ်ကိုင် စားသောက်လို သူများ အကျပ်အတည်းတွေ့တတ်ပါသည်။ ယင်းအချက်များကို ဖြေလျှော့ပေးမှသာ အလုပ်ရှင်များ အသက်ရှူချောင်ပြီး လုပ်ငန်းများ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းများ တိုးတက်မှသာ အလုပ်သမားကို လုပ်ခတိုးမြှင့်ပေးနိုင်မှာဖြစ်ပါသည်။ အလုပ်သမားကို လုပ်ခတိုးမြှင့်ပေးမှ စိတ်ဓာတ်တက်ကြွပြီး ကုန်ထုတ်စွမ်းအား တိုးတက်လာမည်ဖြစ်ပါသည်။ ကုန်ထုတ်စွမ်းအားတိုးတက်လာမှလည်း တိုင်းပြည် ကြီးပွားတိုးတက်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိဘက သားသမီးအပေါ် ဆောင်ရွက်သကဲ့သို့ စိတ်ရှည်ရှည် အမြင်ကျယ်ကျယ်ဖြင့် ပြဿနာကို ချဉ်းကပ်ဖြေရှင်းပေးစေလိုပါကြောင်း အကြံပြုလိုပါသည်။

ထို့အတူ မီဒီယာများ၊ အလုပ်သမားအရေးကို စိတ်ပါဝင်စားကြသူများ၊ အလုပ်သမားများကို အမှန်တကယ်ချစ်ခင်ပြီး ၎င်းတို့ဒုက္ခများကို သက်သာလျော့ပါးစေလိုသည့် စေတနာမှန်သူများအားလုံး လက်ရှိပြဿနာကို သေချာစွာလေ့လာပြီးမှ မှန်ကန်သည့်နည်းလမ်းကို ရှာဖွေကာ ပြေလည်အောင် နှစ်ဖက် ညှိနှိုင်းဖြေရှင်းပေးခြင်းဖြင့် တိုင်းပြည်ကြီးပွားတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံတင်ပြရင်း နိဂုံးချုပ်လိုက်ပါသည်။

**ရဲဘုန်းမြင့်**

---

## ဆေးယဉ်ပါးတီဘီရောဂါ ရှာဖွေကုသရေးဆိုင်ရာ သင်တန်းဖွင့်

**ပေါင်းတည် ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မြို့နယ်အဆင့်ဆေးယဉ်ပါးတီဘီရောဂါ ရှာဖွေကုသရေးစီမံချက်ဆိုင်ရာသင်တန်းနှင့် အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင်စတုတ္ထပတ်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဆရာဝန်ကြီးအပါအဝင် မြို့နယ်အတွင်းရှိ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်း ၉၀ တက်ရောက်ကြသည်။ သင်တန်းတွင် ဆေးယဉ်ပါးတီဘီရောဂါရှာဖွေကုသရေးစီမံချက်ဆိုင်ရာနှင့်ပတ်သက်၍ မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၉၀ အား သင်တန်းပို့ချ၍ အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တင်ဝင်းဇော်(မင်းသားကြီး)

# မိုးညှင်းမြို့နယ် ၁၁ ရက်ကြာရွာသွန်းမိုး စပါး ဧက ၁၅၀ခန့် ကွက်ကျားရေမြုပ်



**မိုးညှင်း ဇူလိုင် ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ဇူလိုင် ၁၄ ရက်မှ ၂၄ ရက်အထိ ၁၁ ရက်ကြာ မိုးရွာသွန်းခြင်းကြောင့် စပါးစိုက်ပျိုးပြီး လယ်မြေများအချို့ဟဲလုံကွင်းဧက ၅၀၊ အင်ကြင်းကုန်းကွင်း ၃၂ ဧက၊ ရွာသစ်ကုန်းကွင်း ၃၅ ဧက၊ ဘီလူးကွင်းဧက ၂၀ နှင့် ပင်းဟဲကွင်းအပါအဝင် စုစုပေါင်း ဧက ၁၅၀ ခန့်မြောင်းရေလျှံပြီး စပါးပင်များ ကွက်ကျားရေမြုပ်ခြင်း ကြုံတွေ့ခဲ့ရသည်။

မိုးဆက်လက်ရွာသွန်းခြင်းမရှိလျှင် ရေမြုပ်စပါးပင်များ အပျက်အစီးနည်းပါးမည်ဖြစ်ကြောင်း မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောသည်။ ကွက်ကျား ရေမြုပ်နေသော စပါးများကို မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မိုးညှင်းမြို့နယ်သို့ ဆက်သွယ်အသုံးပြုနေသော ကျောက်ပုထိုး 66KV ဓာတ်အားလိုင်းအနက် ပင်လုံကျေးရွာ အနီးစိုက်ထူထားသည့် 66KV ဓာတ်အားတိုင် ခုနစ်တိုင်ကျော်မှာ တောင်ကျရေချောင်းရေလျှံတက်ပြီး ရေတိုက်စား၍လဲကျသွားခြင်းကြောင့် မိုးညှင်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သည်။ ပြင်ဆင်ရေးအဖွဲ့များ ရောက်ရှိသော်လည်း ရေအခြေအနေကြည့်ပြီး လုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မိုးညှင်းမြို့နယ် လျှပ်စစ်မီးအမြန်လင်းနိုင်ရေးအတွက် ချီဗွေဓာတ်အားလိုင်းမှ ချိတ်ဆက်ဆောင်ရွက်စီစဉ်နေကြောင်း၊ မကြာမီအတွင်းမီးလင်းနိုင်မည်ဖြစ်ကြောင်း မြို့နယ်အင်ဂျင်နီယာဦးလှကျော်ထံမှသိရသည်။ မိုးအားကောင်းပြီး တောင်ကျချောင်းရေပြင်းထန်ခြင်းကြောင့် မိုးညှင်းမြို့နယ် မြိုင်သာယာကျေးရွာနှင့် အင်းတော်မြို့နယ် ပေကုန်းကျေးရွာ အသွားအလာဆက်သွယ်ထားသော ကျေးရွာချင်းဆက်တံတားမှာ ရေတိုက်စားပျက်စီးသွားကြောင်း သိရသည်။

**(ဝ၆၃)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးသမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေပေးအပ်

**ဂန့်ဂေါ ဇူလိုင် ၂၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank ချေးငွေအမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့်စိုက်ပျိုးရေးနှင့်မွေးမြူရေးသမဝါယမအသင်းများမှ အသင်းသားများသို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးအရင်းအနှီးအသေးစားချေးငွေထုတ်ချေးပေးအပ်ပွဲအခမ်းအနားကို ဂန့်ဂေါမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ ဂန့်ဂေါမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဦးနှင့် ဂန့်ဂေါမြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိဦးကိုတင့်တို့က အမှာစကား ပြောကြားသည်။

ယင်းနောက်ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမျိုးညွန့်က စိုက်ပျိုးရေး သမဝါယမအသင်းဟောင်း ၂၆ သင်းတို့မှ အသင်းသား ၁၁၀၆ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးနိုင်ရေးအတွက် ပံ့ပိုးချေးငွေ ကျပ်သိန်း ၂၇၂၇ ဒသမ ၉၀၊ စိုက်ပျိုးရေး သမဝါယမအသင်းသစ် ၁၈ သင်းတို့မှ အသင်းသား ၈၈၅ ဦးတို့ကိုတစ်ဦးလျှင်ကျပ်တစ်သိန်းစီထုတ်ချေးနိုင်ရေးအတွက် ပံ့ပိုးချေးငွေစုစုပေါင်းငွေကျပ် ၈၄၀ ဒသမ ၇၅ သိန်းနှင့် မွေးမြူရေးသမဝါယမ အသင်းသစ် နှစ်သင်းတို့မှအသင်းသား ၁၇၇ ဦးတို့အား တစ်ဦးလျှင်ကျပ်တစ်သိန်းစီထုတ်ချေးနိုင်ရေးအတွက် စုစုပေါင်း ပံ့ပိုးချေးငွေကျပ် ၁၆၈ ဒသမ ၁၅ သိန်းတို့အား သက်ဆိုင်ရာ သမဝါယမအသင်းများသို့ ထုတ်ချေးပေးအပ်သည်။

ယခုထုတ် ချေးပေးအပ်သောအသေးစားချေးငွေစုစုပေါင်းမှာငွေကျပ်သိန်း ၃၇၃၆ ဒသမ ၈၀ ဖြစ်ပြီး ငွေကျပ် ၁၀၀ လျှင်တစ်လအတွက် အတိုးနှုန်း ၁ ဒသမ ၁၅ ကျပ်ဖြင့် ခြောက်လလျှင်တစ်ကြိမ် အတိုးအရင်းပေးဆပ်ရန် စည်းကမ်းသတ်မှတ်ထားကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သမဝါယမအသင်းများမှ အမှုဆောင်များ စုစုပေါင်း ၁၀၂ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**



# နေပြည်တော်၌ ပုလဲသွယ်စပ်မျိုးစပါး သီပွံနည်းကျစိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၂၇**

၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ တောင်သူဦးကြီးများသည် ထွန်ရေး၊ထယ်ရေးများပြင်ဆင်လျက်ရှိကြပြီး မိမိတို့နှစ်သက်ရာ စပါးမျိုးများအပါအဝင် စိုက်ပျိုးရေးဦးစီးဌာန၏ မျိုးစေ့ထုတ်ပညာရှင်များ စမ်းသပ်စစ်ဆေးထုတ်လုပ်သည့် အရည်အသွေးအာမခံ အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါးကိုလည်း သီပွံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဆက်စပ်ဒေသ အချို့တို့တွင် မိုးဆက်တိုက်ရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သော်လည်း မြန်မာပြည်အလယ်ပိုင်းဒေသတစ်ခုဖြစ်သည့် နေပြည်တော်ကောင်စီ နယ်မြေ (၈) မြို့နယ်တွင် ဇူလိုင် ၁ ရက်မှ ၂၄ ရက်ထိ မိုးရေချိန်လက်မ စုစုပေါင်း ၆၄ ဒသမ ၆၅ မှုရှိ၍ စိုက်ပျိုးရေးတောင်သူများအနေဖြင့် ရေတော်၊ မိုးတော်အခြေအနေတို့တွင် ရှိနေကြောင်းသိရသည်။

**ကိုပေါက်(ဥတ္တရာမြေ)**

## တောင်သူလယ်သမားများသို့ မိုးလေဝသအန္တရာယ်ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ယခုဇူလိုင်လပထမပတ်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအထက်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ အချို့ဆည်တာတမံများတွင် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ပြီး တောင်သူ လယ်သမားများ ပင်ပင်ပန်းပန်း စိုက်ပျိုးထားရှိသော လယ်မြေများ ရေနစ်မြုပ်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ခံစားနေရသည်ကို အချိန်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

၂။ မြန်မာနိုင်ငံအထက်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေသကဲ့သို့ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင်လည်း ဒေသအလိုက် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်းကို မျှော်မှန်းရပါ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

၃။ သို့ဖြစ်၍ နိုင်ငံနှင့်အဝန်းရှိ တောင်သူလယ်သမားများ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုများမရှိစေရန် ကြိုတင်ကာကွယ်ခြင်း၊ ရေကြီး နစ်မြုပ်နေသည့် စိုက်ခင်းများအား အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် အရန်မျိုးများပျိုးထောင်ခြင်း၊ အချိန်မီ ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များရှိ အဆင့်ဆင့်သော ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီရိုင်းပင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**

# ငါးမွေးကန်များ တာကျိုးရေလျှံ၍ ငါးအများအပြားဆုံးရှုံး

**ကန့်ဘလူ ဇူလိုင် ၂၇**

မိုးသည်းထန်၍ ရေကြီးရေလျှံဖြစ်နေသော စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရွာသစ်ကုန်း ပုဂ္ဂလိက ငါးမွေးမြူသူ ကိုးဦး၏ ငါးမွေးမြူရေးကန် ၃၂ ဒသမ ၅၂ ဧကသည် တာပေါင်များကျိုး၍ ငါးကန်ရေလျှံမှုများဖြစ်ပွားရာ မွေးမြူထားသော ငါးအချို့ဆုံးရှုံးမှုများဖြစ်နေကြောင်း သိရသည်။

ထို့ပြင် ကန့်ဘလူမြို့နယ် ခတ်သင့်ငါးမွေးကန်တစ်ကန်နှင့် အမှတ်(၅) ရပ်ကွက်တွင် ငါးမွေးကန်တစ်ကန်တို့၏ စုစုပေါင်း ဧက ၃၉ ဒသမ ၃၁ ဧကနှင့် ကောလင်းမြို့နယ်ရှိ ပုဂ္ဂလိက ငါးမွေးမြူသူ ၃၃ ဦး၏ ၇၄ ဒသမ ၂၁ ဧကရှိ ငါးမွေးကန်များ၊ ဝန်းသိုမြို့နယ်ရှိ ပုဂ္ဂလိကငါးမွေးသူ သုံးဦး၏ ၃ ဒသမ ၃၆ ဧကရှိ ငါးမွေးကန်များ ရေကြီးနစ်မြုပ်ကာ ဒေသတွင်းအားထားနေရသော ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့်ငါးတန်များ ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆုံးရှုံးမှုများရှိသောကြောင့် ယခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ထားသော မြင်းမူမြို့နယ် သုတေသနငါးကန်သည် မိုးများ၍ ရေကြီးသည်ဟု သိရသဖြင့် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူးနှင့် အဖွဲ့၏ ကြိုတင်ပြင်ဆင်မှုကြောင့် သုတေသနအင်းအတွင်း ရေများဝင်ရောက်မှုများသော်လည်း ပျက်စီးမှု၊ ငါးများလေလွင့်ဆုံးရှုံးမှု တစ်စုံတစ်ရာ မရှိခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မြဝတီမြို့နယ်တွင် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မြဝတီ ဇူလိုင် ၂၇**

ကရင်ပြည်နယ်မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ(ဒုတိယအကြိမ်) မှထောက်ပံ့သည့်ပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးကအမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီမြို့အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ကျပ်သိန်းပေါင်း၂၇၇၀ကျော်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမအကြိမ်တွင် လုပ်ငန်းပေါင်း ၂၅ မျိုးအတွက် ကျပ်သိန်းပေါင်း ၄၂၀ ကျော်ရရှိခဲ့ပြီး ယခုဒုတိယအကြိမ်တွင် လုပ်ငန်းပေါင်း ၃၉ မျိုး အတွက်ကျပ်သိန်းပေါင်း ၆၂၄ ဒသမ ၇ သိန်း ရရှိခဲ့ကြောင်းသိရ သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မုတ္တမပင်လယ်ကွေ့အနီးမှ တိုးတက်နေသောကျေးရွာများ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ခရမ်းစိုးမြင့်

ဇာတိမြေနှင့်ခွဲခွာပြီး အခြားဒေသတစ်နေရာ ရောက်နေခဲ့သည်မှာ ကျွန်တော် ၂၅ နှစ်ကျော်ရှိနေပြီဖြစ်လို့ မှန်းဆတမ်းတနေသည့်အချိန်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ခရမ်းမြို့နယ် အရှေ့ခြမ်းနှင့် အနောက်ခြမ်းကျေးရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်နေပုံကို သွားရောက်လေ့လာပြီး သတင်းဆောင်းပါးရေးပေးပါဟုဆိုလာသဖြင့် မဆွတ်ခင်ကညွတ်နေမိသည့် ကျွန်တော်သည် အခြားအလုပ်တွေကို ခဏမေ့ထားလိုက်ပြီး သွားပါမည်ဟု ချက်ချင်းကတိပေးလိုက်မိသည်။

ကျွန်တော့်ဇာတိမြေသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့တော်ရန်ကုန်နှင့် ၄၇ မိုင်ခန့်သာ ဝေးသော်လည်း ရန်ကုန်မြို့နှင့် ခရမ်းမြို့အကြား မြစ်တစ်စင်းက ကန့်လန့်ခံနေ၍ ခရီးသွားများအတွက် နှစ်ပေါင်းများစွာ ကားတစ်တန် သင်္ဘောတစ်တန် စီးပြီးသွားမှ ရန်ကုန်သို့ရောက်ကြရသည်။ ထို့အပြင် ကားလမ်းမကောင်းသလို သင်္ဘောစီးရသည်မှာလည်း အချိန်ကကန့်သတ်ထားသဖြင့် ညနေ ၆နာရီခွဲကျော်လျှင် ရန်ကုန်ကို သွား၍မရတော့ပေ။ (ထိုအကြောင်းအရာများသည် ခရမ်းတွင် ကျွန်တော်ရှိနေစဉ်ကဖြစ်သည်။)

ယနေ့တော့ ထိုသို့မဟုတ်တော့ပြီ။ ကြားက ကန့်လန့်ခံနေသည့် ရန်ကုန်မြစ်ပေါ်၌ တံတားကြီးနှစ်စင်းရှိနေပြီဖြစ်၍ ရန်ကုန်နှင့်ခရမ်း အိမ်ဦးနှင့်ကြမ်းပြင်ဆိုသလို ဖြစ်နေခဲ့သည်မှာကြာပြီဖြစ်သည်ဟုသိရသည်။ ထိုအခွင့်အရေးကို ယခင်ကမြို့ပေါ်မှ လူအများအတွက်သာဟု ထင်ထားမိသည်။ ဒါပေမယ့် ခရမ်းမြို့ပေါ်ကိုပင် လှေမပေါက် လှည်းမပေါက်သည့် မိုးဦးကျနှင့် ဆောင်းဦးပေါက်ကာလများ၌ ကုန်းကြောင်း(ခြေကျင်)လာမှ ရောက်ကြရသည့် ခရမ်းအရှေ့ခြမ်းနှင့် အနောက်ခြမ်းကျေးရွာများမှ အသိမိတ်ဆွေများသည် ယခုအခါ ရန်ကုန်မြို့ကနေ ညနေ ၅ နာရီမှ ၆ နာရီအထိ ၎င်းတို့ရွာကို ကိုယ်ပိုင်ကားနှင့်ပြန်နေကြပြီဟု သတင်းကြားနေရသည်။ အဲဒီသတင်းစကားကို လက်တွေ့သိချင်၊ လေ့လာချင်သော်လည်း အခွင့်မကြုံ၍ ဆန္ဒမပြည့်ခဲ့။ ယခုတော့ မိမိဖြစ်ချင်နေသည့်ဆန္ဒ ဖြစ်ခွင့်ရတော့မည်ဖြစ်၍ လာခေါ်သောကားတစ်စီးဖြင့် ရန်ကုန်မှလိုက်လာခဲ့သည်။

ခရမ်းမြို့သည် ရန်ကုန် တောင်ပိုင်းခရိုင်တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၂ ဒသမ ၁၉၆ ပေတွင်ရှိသည်။ မြို့၏အရှေ့ဘက်နယ်နိမိတ်မှာ မုတ္တမပင်လယ်ကွေ့နှင့် ထိစပ်လျက်ရှိသောကြောင့် မိုးရာသီတွင် ပင်လယ်ရေကြီးမှု၊ ရေလွှမ်းမိုးမှု၊ ကမ်းပြိုမှုများဖြစ်လေ့ရှိသည်။ အရှည်၂၉ မိုင်ရှိ တစ်ခုတည်းသော ခရမ်းချောင်းမှာလည်း နွေရာသီတွင် ရေခန်းခြောက်သွားတတ်သဖြင့် ရေလမ်းကြောင်းများ အသုံးမပြုနိုင်တော့ပါ။ ထို့အပြင် ၁၉၉၆-၁၉၉၇ ခုနှစ်တွင် ပင်လယ်ကမ်းပြိုမှုကြောင့် အရှေ့ခြမ်းကျေးရွာများဖြစ်သည့် ဆင်ကျွန်း၊ ကံကောင်း၊ ရေကျော်၊ ဘိုကလေးကျေးရွာမှ နေအိမ်များကို ပြောင်းရွှေ့ပေးခဲ့ရသည်။

ယခု ကျွန်တော့်ဇာတိ ခရမ်းတွင် အရှေ့ခြမ်း၌ ခရမ်းမှ ဘုရားပျို၊ ကြာကံ၊ ညောင်လမ်း၊ ဆင်မင်းအိုင်၊ ပလူရေကျော်၊ ဘိုကလေး၊ သုံးခွအပိုင် အောင်သာတန်းမှ သုံးခွအထိ ကားလမ်းရှိသလို ခရမ်းအနောက်ခြမ်းတွင် ခရမ်း၊ ခမတ်၊ ကရင်ကံ၊ မက္ကသံ၊ ကမာကလူ၊ ကမာမရော၊ ကျုံးကျုံးကျ၊ ကမာမတ်၊ မောင်းမသူဌေးကွင်းမှ သန်လျင်-ရန်ကုန်အထိသွား၍ရသော ကွန်ကရစ်ကားလမ်းက အနောက်ခြမ်းအတွက် ၁၂ မိုင် ၂ ဖာလုံ နှင့် အရှေ့ခြမ်းအတွက် ၁၆ မိုင် ၄ ဖာလုံ စုစုပေါင်း ၂၈ မိုင် ၆ ဖာလုံ ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် လမ်းဦးစီးဌာနက အပြီးဆောင်ရွက်ပေးထားမှုကြောင့် သွားလမ်းသာ၍လာလမ်းဖြောင့်လျက်ရှိသည်။



ကျုံးကျုံးကျကျေးရွာ၌ တွေ့ရသည့် အထက်တန်းကျောင်းခွဲမှ ကျေးရွာသူ ကျေးရွာသားများ ဆောက်လုပ်လှူဒါန်းထားသည့် ကျောင်းဆောင်သစ်များကို တွေ့ရစဉ်။

ထို့အပြင် ခရမ်းမြို့နယ်အရှေ့ခြမ်း ကွန်ကရစ်ကားလမ်း ၁၆ မိုင် ၄ ဖာလုံနှင့် အနောက်ကားလမ်း ၁၂ မိုင် ၂ ဖာလုံ တို့ကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း ခရမ်းမြို့ဓာတ်အားခွဲရုံမှ ၃၃/၁၁ ကေဗွီဓာတ်အားလိုင်းများဖြင့် လျှပ်စစ်မီးများထွန်းညှိပေးထားသဖြင့် ၎င်းဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားများကို ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာများနှင့် မီးတိုင် မီးကြိုးများတပ်ဆင်၍ လျှပ်စစ်ဓာတ်အားများ ရယူထားကြသဖြင့် ခရမ်းအရှေ့ခြမ်း၌ ကျေးရွာ ၂၃ ရွာ၊ ခရမ်းအနောက်ခြမ်း၌ ကျေးရွာ ၂၄ ရွာ စုစုပေါင်း ၄၇ ရွာ မီးလင်းနေကြပြီဖြစ်သည်။

ထိုနေ့က ခရမ်းအနောက်ခြမ်း၌ ကျုံးကျုံးကျကျေးရွာ၊ ကမာမတ်ကျေးရွာနှင့် အရှေ့ခြမ်း၌ ဘုရားပျိုကျေးရွာ၊ ဘိုကလေးကျေးရွာတို့ကို ဝင်ရောက်ခဲ့ပြီး ရွာသူရွာသားများနှင့်တွေ့ဆုံသည်။ ပထမဆုံးဝင်ရောက်ခဲ့သည့် ကျုံးကျုံးကျကျေးရွာသည် ၂၀၁၅ မေလကုန်အထိ အိမ်ခြေ ၅၃၇ အိမ် အိမ်ထောင်စု ၅၄၀ ရှိပြီး အိမ်တိုင်း မီးလင်းနေပြီဖြစ်သည်။ စီးပွားရေးတွင်လည်း ငါးမွေးကန် ဧက ၁၂၀၀ ခန့်တို့မှ နှစ်စဉ် ငါးတန်၊ ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးသိုင်း၊ ငါးကြင်းဖြူပိဿာချိန် ၅၀၀၀ မှ ၇၀၀၀ အကြား ထုတ်လုပ်ပေးနေသော ကျေးရွာတစ်ရွာဖြစ်ပြီး အထက်တန်းကျောင်းခွဲတစ်ကျောင်း၊ စာကြည့်တိုက်၊ ကျေးလက်ကျန်းမာရေးဌာနတစ်ခု၊ ထရန်စဖော်မာ ၁၁၅ ကေဗွီနှစ်ခုနှင့် ကျေးရွာမီးလင်းရေးကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘိုနီက ပြောသည်။

၎င်းနောက် ကမာမတ်ကျေးရွာသို့ ဆက်လက်သွားရောက်ခဲ့သည်။ ကမာမတ်ကျေးရွာသည် ရွာတွင်းလမ်းများကို ကွန်ကရစ်ခင်းထားသဖြင့် ရွာအတွင်းအရှေ့ အနောက်တောင်မြောက်သို့ကားနှင့်သွား၍ရသလို ရန်ကုန်နှင့် ကမာမတ်ကို နေ့ချင်းပြန်ကားနှင့်သွား၍ရသည်ဆို၏။ ကျေးရွာ၌ အိမ်ခြေ ၆၅၁ အိမ် အိမ်ထောင်စု ၆၇၃ စုရှိပြီး ပညာရေးအတွက် အထက်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်း လေးကျောင်း၊ တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျေးရွာပြည်သူ့ရဲတပ်ဖွဲ့တစ်ဖွဲ့၊ ကျေးရွာအတွင်း၌ ရွာတစ်ရွာ ကုန်ထုတ်လုပ်မှုတစ်ခုရှိရမည်ဆိုသည့် မူဝါဒနှင့်အညီ ဧရာဝတီငါးသားဖောက်စခန်းမှ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးတန်၊ ငါးသိုင်း၊ ငါးမုတ်သားပေါက်ကလေးများထုတ်လုပ်၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ကျေးရွာမီးလင်းရေးတွင်လည်း ကိုယ်ပိုင်ထရန်စဖော်မာ ၃၁၅ ကေဗွီတစ်ခုနှင့် ရွာလုံးကျွတ်မီးလင်းနေသော ကျေးရွာတစ်ရွာဖြစ်သည်။

ထို့နောက် အရှေ့ခြမ်းကျေးရွာများကိုသွားရောက်လေ့လာရန် ခရမ်းမြို့ မြို့လှပိုင်းမှ အရှေ့ညောင်ပင်ကွင်းကိုဖြတ်သန်းပြီးနောက် ဘုရားပျိုကျေးရွာကို ခေတ္တဝင်ကာ ကျောင်းကံဘုရားကျေးရွာလမ်းနှင့် လျှပ်စစ်မီးတိုင်များ၏ ပဏာရမှုကို လေ့လာပြီးနောက် ကြာကံညောင်လမ်း၊ ဆင်မင်းအိုင်၊ ရေကျော်၊ ကံကောင်းကျေးရွာများကိုကျော်ပြီး ဘိုကလေးသို့ ခေတ္တဝင်၍ သုံးခွမြို့နယ်အတွင်း အောင်သာတန်းကိုဖြတ်ပြီး လက်ပန်ကျိုးရွာအနီးမှ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် လမ်းမကြီးပေါ်သို့ ပြန်တက်၍ ရန်ကုန်သို့ ပြန်ခဲ့သည်။ ထိုခရီးသည် နေ့ချင်းပေါက်ခရီးဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေထဲမှ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်ဒေသပြည်သူများဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားနေသေးကြောင်း တွေ့ရသည်။ ထို့ကြောင့်နိုင်ငံတော်အစိုးရက ဆင်းရဲနွမ်းပါးမှုနှုန်းလျှော့ကျအောင် လုပ်ငန်းစဉ် (၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ခရမ်းအနောက်ခြမ်း၊ အရှေ့ခြမ်းကျေးရွာများကဲ့သို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်လူမှုဘဝခေတ်မီဖွံ့ဖြိုးတိုးတက်စေမည့် ကျေးလက်မီးလင်းရေးများပါ ဆောင်ရွက်နိုင်ပါလျှင်----။ တစ်ပြည်လုံးရှိ ကျေးလက်တို့သည် ဧကန်ဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။

# နိုင်ငံခြားငွေရှာဖွေပေးနေသည့် မြန်မာ့ပင်လယ်ပြင်က ငါးမုတ်ငါး



ဖျာပုံ ဇူလိုင် ၂၇

ငါးမုတ်ငါးများ၏ အဓိကဈေးကွက်သည် တရုတ်နှင့် စင်ကာပူနိုင်ငံတို့ဖြစ်ပြီး ယခင်ကထက် မြန်မာ့ပင်လယ်ပြင်တွင် ငါးများရှားပါးသွား၍ အမိအရ နည်းသွားသော်လည်း ဈေးကောင်းရရှိနေ၍ ဖမ်းဆီးသူနှင့်ရောင်းဝယ်သူတို့ ယနေ့အထိ လုပ်ငန်း အဆင်ပြေနေကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ၏ ပဉ္စမကာလတို ငါးနှစ်အမျိုးသား စီမံကိန်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ငါးကဏ္ဍ၏ တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်းအား ၆ ဒသမ ၉ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင်၏ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံသည် ငါး၊ ပုစွန်ထုတ်လုပ်မှုတွင် အာဆီယံဒေသအဆင့်လေးတွင် ရှိနေပြီး ကမ္ဘာတွင် အဆင့် ၁၄ တွင် ရှိသည်ဟု သိရသည်။


မိုးတွင်းကာလ ဇူလိုင်လနှင့် ဩဂုတ်လများတွင် နိုင်ငံတကာဈေးကွက်ဝင် ငါးမုတ်များ အများဆုံး ဖမ်းဆီးရမိသည့်လများဖြစ်၍ ငါး၊ ပုစွန် အဝယ်ဒိုင်များဘက်သို့ ဇူလိုင် ၂၁ ရက်က ရောက်ရှိခဲ့ရာ ပြည့်ဖြိုးကျော် ငါး၊ ပုစွန်အဝယ်ဒိုင်မှ လုပ်ငန်းရှင် ဦးဝေမြင့်က ယခုရက်ပိုင်း ငါးမုတ်များ အမိအရကောင်းပြီး ကုန်တက်များကြောင်း၊ ယနေ့ ဖျာပုံဒိုင် ငါးမုတ်ဝယ်ဈေးက ငါးတစ်ကောင်လျှင် ဂရမ် ၄၀၀ အထက် ငါးတစ်ပိဿာငွေကျပ် ၃၅၂၀၀၊ ၃၀၀ ဂရမ်နှင့် ၄၀၀ ဂရမ်အကြား ငါးတစ်ပိဿာ ငွေကျပ် ၂၄၁၀၀၊ ၂၀၀ ဂရမ်နှင့် ၃၀၀ ဂရမ်အကြား ငါးတစ်ပိဿာ ငွေကျပ် ၁၈၅၀၀၊ ၁၀၀ ဂရမ်နှင့် ၂၀၀ ဂရမ်အကြား ငါးတစ်ပိဿာ ငွေကျပ် ၁၁၅၀၀ နှင့် ဂရမ် ၆၀ နှင့် ၁၀၀ ဂရမ်အကြား ငါးတစ်ပိဿာ ငွေကျပ် ၅၅၀၀ ဖြင့် ဝယ်ယူပြီး စီးပွားရေးမြို့တော် ရန်ကုန်သို့ ညနေပိုင်းတွင် တင်ပို့ရကြောင်း၊ တစ်ကောင်ချင်း ငါးဆိုက်ကြီးလျှင် ဈေးပိုရကြောင်း၊ ငါးမုတ်ငါးဈေးကွက်က တစ်လလျှင် တစ်ကြိမ် ရန်ကုန်ဒိုင်များ ပြောင်းလဲသတ်မှတ်ပေးကြောင်း ပြောပြသည်။

ဖျာပုံမြို့သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ မော်တော်ကားလမ်းနှင့် ရေယာဉ်လမ်းတို့မှ အချိန်ရာသီမရွေး ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်သည့်အတွက် ငါး၊ ပုစွန်ပေါများသည့်ကာလများတွင် အထူးစည်ကားလျက်ရှိနေသည်ကို တွေ့မြင်နေရသည်။

**အောင်ဝင်း(ဖျာပုံ)**

# လျှပ်တားပစ္စည်းဖြင့် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်

ဝေယံ




Tester ဖြင့် မီးပလပ်ပေါက်တွင် ဓာတ်အားရှိ မရှိ စမ်းသပ်နေပုံ

လျှပ်စစ်ဓာတ်အားသုံးစွဲသူ အများစုသည် ဗို့အားနိမ့် ၄၀၀/၂၃၀ ဗို့ ဓာတ်အားကိုသာသုံးစွဲ၍ စက်မှုလုပ်ငန်းငယ်များ၊ အိမ်တွင်း လျှပ်စစ်ပစ္စည်းများ၊ အလင်းရောင်မီးများအတွက် အသုံးပြုကြပါသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအတွက် ဓာတ်လိုက်မှု ဖြစ်စဉ်အများစုသည် ၄၀၀/၂၃၀ ဗို့ ဓာတ်အားသုံးစွဲမှုများကြောင့် ဖြစ်ပွားမှုသည် အများဆုံးဖြစ်ပါသည်။ လျှပ်စစ်ဓာတ်လိုက်မှုသည် ကိုင်တွယ်အသုံးပြုသော လျှပ်စစ်ပစ္စည်း၊ ဓာတ်အားလိုင်းကြိုးမှတစ်ဆင့် လူ၏ခန္ဓာကိုယ်ကို ဓာတ်အားဖြတ်သန်းစီးဆင်းခြင်းကြောင့် ဖြစ်ပါသည်။ လျှပ်စစ်ပစ္စည်းများ သုံးစွဲရာတွင်လည်းကောင်း၊ လျှပ်စစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း လျှပ်စစ်အသိ လျှပ်စစ်သတိဖြင့် ဆောင်ရွက်ရပါမည်။ ရော်ဘာလက်အိတ်၊ ရော်ဘာဖိနပ်စသည့် လျှပ်စစ်ဖြတ်သန်း မစီးဆင်းနိုင်သော လျှပ်တားပစ္စည်းများအသုံးပြု၍ ကိုင်တွယ်ဆောင်ရွက်ရပါမည်။

လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မိမိပတ်ဝန်းကျင် အသုံးအဆောင်များတွင် လျှပ်စစ်ဓာတ်အား ဖြတ်သန်းမစီးဆင်းနိုင်သော လျှပ်တားပစ္စည်း (Insulator) နှင့် လျှပ်စစ်ဓာတ်အား ဖြတ်သန်းစီးဆင်းနိုင်သော လျှပ်စီးပစ္စည်း (Conductor)တို့ကို သိရှိထားရန် လိုအပ်ပါသည်။

မိမိပတ်ဝန်းကျင်တွင် တွေ့ရှိနိုင်သည့် ခြောက်သွေ့သော သစ်သား၊ ဝါး၊ အဝတ်အထည်များ၊ ရော်ဘာဖြင့် ပြုလုပ်သော ပစ္စည်းများ၊ ဖိုင်ဘာ၊ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော ပစ္စည်းများသည် လျှပ်စစ် မစီးဆင်းနိုင်သော လျှပ်တားပစ္စည်း (Insulator)များ ဖြစ်ပါသည်။ မြေကြီး၊ သမံတလင်း၊ ကြေး၊ သံထည်ပစ္စည်းများ၊ သတ္တုများဖြင့် ဆောင်ရွက်ထားသော ပစ္စည်းများသည် လျှပ်စစ်စီးဆင်းနိုင်သော လျှပ်စီးပစ္စည်းများ ဖြစ်ပါသည်။ ရေသည် လျှပ်စစ်ကောင်းစွာ စီးဆင်းနိုင်သောကြောင့် ရေစိုသော အဝတ်အထည်၊ ဖိနပ်၊ အသုံးအဆောင်ပစ္စည်းများသည် လျှပ်စစ်စီးဆင်းနိုင်ပါသည်။ လူအပါအဝင် သက်ရှိသတ္တဝါ အားလုံးသည်လည်း လျှပ်စစ်ဓာတ်အား စီးဆင်းနိုင်သည်။

မိမိပတ်ဝန်းကျင်တွင် တွေ့ရှိနေရသော ပစ္စည်းများကို လျှပ်တားပစ္စည်းနှင့် လျှပ်စီးပစ္စည်း ခွဲခြားသိရှိခြင်းဖြင့် လျှပ်စစ်ပစ္စည်းများ ကိုယ်တွယ်အသုံးပြုရာတွင်လည်းကောင်း၊ ဓာတ်လိုက်နေသူကို ကယ်တင်ရာတွင်လည်းကောင်း မိမိပါအန္တရာယ်ကင်းစွာ ကိုင်တွယ်သုံးစွဲခြင်း၊ ကယ်တင်နိုင်ခြင်းများ ပြုလုပ်နိုင်မည် ဖြစ်ပါသည်။




လျှပ်စစ်မစီးဆင်းနိုင်သော သစ်သားခင်း၊ ဝါးခင်း၊ ကြမ်းပြင်ပေါ်တွင် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုပါက လျှပ်စစ်အန္တရာယ် နည်းမည်ဖြစ်သော်လည်း သမံတလင်း၊ မြေကြီးပေါ်တွင် ကိုင်တွယ်အသုံးပြုပါက လျှပ်စစ်အန္တရာယ်ကင်းရှင်းရန်အတွက် ခြောက်သွေ့သော ဖိနပ်စီးထားခြင်း သို့မဟုတ် သစ်သား ရော်ဘာပြားစသည့် လျှပ်စစ်မစီးနိုင်သော ပစ္စည်းများ ခြေထောက်အောက်တွင်ခင်း၍ လုပ်ငန်းဆောင်ရွက်ပါက လျှပ်စစ်အန္တရာယ် ကင်းရှင်းနိုင်မည် ဖြစ်ပါသည်။ သမံတလင်း၊ ကြွေပြားခင်းထားသော အခန်းများတွင် ဖယောင်းပုဆိုး၊ ဂုန်နီကော်ဇောခင်းထားခြင်းဖြင့်လည်း လျှပ်စစ်အန္တရာယ်မှ ကာကွယ်နိုင်ပါမည်။

၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးတော်ရပ်ကွက်နေ ဦးဝင်းကို နေအိမ်သမံတလင်းကြမ်းပြင်တွင် စာကြည့်မီးစလောင်းပျက်နေ၍ ပြုပြင်ရန်အတွက် ဝါယာကြိုးဆက်ရန် ဆောင်ရွက်ရာ၌ ပလပ်မဖြုတ်ဘဲ မီးခလုတ်ဖွင့်ထားပြီး ဆောင်ရွက်ခဲ့သဖြင့် ဦးဝင်းကို ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ပါသည်။ အကယ်၍သာ ဦးဝင်းကိုသည် ဖိနပ်စီးထား၍ လုပ်ငန်းဆောင်ရွက်ခဲ့ပါက ဓာတ်လိုက်သေဆုံးမှုမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

လျှပ်စစ်မီးဖိုချက်ပြုတ်သည့် ကြွေပြားအခင်းတွင် သစ်သားခုံ ပြုလုပ်ထားပုံ




လျှပ်စစ်အန္တရာယ်ကင်းရှင်းရန်အတွက် နေ့စဉ်အသုံးများသော မီးဖိုချောင်အခင်းများသည် သမံတလင်းနှင့် ကြွေပြားအခင်းများဖြစ်ပါက မီးခလုတ်၊ မီးဖို ကိုင်တွယ်သော နေရာတွင် သစ်သားခုံ၊ ရော်ဘာပြားအခင်းပြားများကို ခြေထောက်တင် ချက်ပြုတ်နိုင်ရန် ဆောင်ရွက်ထားရမည် ဖြစ်ပါသည်။

လျှပ်စစ်ဝိုင်ယာကြိုးများ၊ မီးခလုတ်များကို ပြုပြင်တပ်ဆင်၊ လဲလှယ်ခြင်းများ ဆောင်ရွက်ရာတွင်လည်း ရော်ဘာလက်ကိုင်အစွပ်များ ပါရှိသည့် ပလာယာ၊ ဝက်အူလှည့်များကို အသုံးပြုခြင်း၊ လက်အိတ်စွပ်ကိုင်တွယ်ခြင်း၊ ခြောက်သွေ့ဖိနပ်စီးခြင်းတို့ဖြင့် လျှပ်စစ်အန္တရာယ်ကင်းအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို သတိမမူ ကိုင်တွယ်မိရာမှ လျှပ်စစ်အန္တရာယ်ကြုံတွေ့ရမှု ဖြစ်စဉ်များစွာ ဖြစ်ပွားခဲ့ပါသည်။ အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သည့် မီးပူ၊ မီးဖို၊ ရေနွေးအိုး၊ လျှပ်စစ်ထမင်းအိုး၊ မော်တာ၊ အပ်ချုပ်စက်စသည်တို့၏ ကိုယ်ထည်များသည် ဓာတ်ကြိုးများ ပေါက်ပြဲမှုမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ရှိနေတတ်ပါသည်။ လျှပ်စစ်ပစ္စည်းများ၏ ကိုယ်ထည်များတွင် လျှပ်စစ်ဓာတ်အား ရှိ မရှိ သိရှိနိုင်ရန်အတွက် လျှပ်စစ်စမ်းသပ်သော Tester ဖြင့် စမ်းသပ်ကြည့်နိုင်ပါသည်။

လျှပ်စစ်စမ်းသပ်သော Tester ကို စတိုးဆိုင်များ၊ လျှပ်စစ်ပစ္စည်းဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ငွေကျပ် တစ်ထောင်အတွင်းသာ ရှိသည့်အတွက် အိမ်များတွင် တစ်ချောင်းစီ ဆောင်ထားသင့်ပါသည်။ Tester အသုံးပြုနည်းသည် အလွန်ရိုးရှင်းလွယ်ကူပါသည်-

(က) Tester ၏ ဓာတ်မလိုက်နိုင်သော အရင်းဘက်တွင်ကိုင်၍ ထိပ်ဖက်ကို လက်မဖြင့် ပိတ်၍ ကိုင်ရပါမည်။

(ခ) စမ်းသပ်လိုသော လျှပ်စစ်အသုံးအဆောင်ပစ္စည်းကို Tester အဖျားပိုင်းဖြင့် ထောက်ကြည့်ပါ။

(ဂ) Tester တွင် မီးလင်းနေပါက ၎င်းလျှပ်စစ်အသုံးအဆောင်တွင် လျှပ်စစ်ဓာတ်အားရှိနေမည်ဖြစ်သည်။

Tester ဖြင့် လျှပ်စစ်ပစ္စည်းကိုယ်ထည်ကို စမ်းသပ်ထောက်ကြည့်၍ မီးလင်းပါက ကိုင်တွယ် အသုံးပြုသူအနေဖြင့် လျှပ်စစ်အန္တရာယ်ရှိမည် ဖြစ်ပါ သည်။ အဆိုပါ လျှပ်စစ်ပစ္စည်း၏ အတွင်းဝါယာကြိုးများ ပေါက်ပြဲမှုရှိ မရှိကို လျှပ်စစ်ကျွမ်းကျင်သူများနှင့် စစ်ဆေးပြင်ဆင်ရပါမည်။ လျှပ်စစ်ပစ္စည်းများ၏ ကိုယ်ထည်များကို မြေဓာတ် (Earth) ချ၍ သုံးစွဲသော စနစ် ( 3 Pin) စနစ် ဆောင်ရွက်ပေးခြင်းဖြင့် ကိုင်တွယ်အသုံးပြုရာတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းနိုင်မည် ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို လျှပ်စစ်ဓာတ်အား စီးဝင်နေခြင်း ရှိ မရှိ Tester ဖြင့် ကြိုတင်စစ်ဆေးခြင်းနှင့် ကိုင်တွယ်အသုံးပြုရာတွင် ရော်ဘာလက်အိတ်စွပ်ခြင်း၊ လျှပ်တားပစ္စည်းပါသော ပစ္စည်းကိရိယာများ အသုံးပြုခြင်း၊ ခြေထောက်အောက်ခံတွင် လျှပ်တားပစ္စည်းများထားရှိ၍ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

# ဗီယက်နမ်လေကြောင်းလိုင်းသစ် ရန်ကုန် - ဟိုချီမင်းခရီးစဉ်သစ်ပြေးဆွဲမည်

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မိုးမခ



ရန်ကုန်-ဟိုချီမင်းကို ပြေးဆွဲပျံသန်းပေးမည့် VietJet လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၂၇**

ဗီယက်နမ်နိုင်ငံအခြေစိုက် ခရီးသည်တင် VietJet လေကြောင်းလိုင်းသည် လာမည့် အောက်တိုဘာ ၂ ရက်မှ စတင်ကာ ရန်ကုန်- ဟိုချီမင်း ခရီးစဉ်သစ်ကို စတင်ပြေးဆွဲမည်ဖြစ်ပြီး မပြေးဆွဲမီ မြန်မာခရီးသွားပြည်သူများအတွက် ဇူလိုင် ၂၄ ရက်မှ ၂၈ ရက်အထိ ပရိုမိုးရှင်းကာလ သတ်မှတ်ပေးကာ လက်မှတ်များကို အခမဲ့ စတင်ပေးဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ပရိုမိုးရှင်းကာလ ဖြစ်သည့် ဇူလိုင် ၂၄ ရက်မှ ၂၈ ရက်အတွင်း နံနက် ၁၁ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲအတွင်း လာရောက် ဆက်သွယ်ဝယ်ယူသူများကို အခမဲ့ ပေးဆောင်သွားမည်ဖြစ်ပြီး ယင်းလက်မှတ်များသည် လာမယ့် အောက်တိုဘာ ၂ ရက်မှ လကုန် ၃၁ ရက်အထိ မိမိကြိုက်နှစ်သက်ရာနေ့တွင် လိုက်ပါစီးနင်းနိုင်မည်ဖြစ် သည်။

လက်မှတ်များကို www.vietjetair.com၊ (စမတ်ဖုန်းများဖြင့် အသုံးပြုနိုင်သော www.m.vietjet.com)၊ www.facebook.com.vietjetvietnam တို့တွင် “ Booking” tab မှ ကလစ်လုပ်၍ ဝယ်ယူ ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် ခရီးသည်များ အဆင်ပြေစေရန်အတွက် Visa Card၊ Master Card၊ JCB၊ America Express နှင့် ATM Card တို့ဖြင့် လည်း လက်မှတ်ခကို အလွယ်တကူ ငွေပေးချေနိုင်ရန် စီစဉ်ထားသည်။

“ကျွန်တော်တို့ လေကြောင်းလိုင်းအနေနဲ့ အခုလို ဝန်ဆောင်မှုပေးတာကတော့ ယဉ်ကျေးမှုနဲ့ စီးပွားရေး အချက်အချာကျတဲ့ ရန်ကုန်မြို့နဲ့ ဟိုချီမင်းမြို့တို့ကို ကူးလူးသွားလာနေတဲ့ လေကြောင်းစီးခရီးသည်တွေအဆင်ပြေစေဖို့ အဓိကထားတာ ဖြစ်ပါတယ်။ ဒ့ါအပြင် အဆိုပါ လေကြောင်းခရီးသည်တွေ မျှော်လင့်မထားတဲ့ အထူးဈေးနှုန်းနဲ့ ဟိုချီမင်းနဲ့ ရန်ကုန်ကို ပြေးဆွဲပေးမှာဖြစ်လို့ ခရီးသည်တွေအနေနဲ့ စိတ်ကျေနပ်မှုလည်း အထူးရစေမယ်လို မျှော်လင့်ပါတယ်” ဟု VietJet မှ ဒုတိယ ဥက္ကဋ္ဌ Nguyen Thi Thuy Binh က ပြောကြားသည်။

ဟိုချီမင်းမှ ရန်ကုန် ခရီးစဉ်အတွက် ဗီယက်နမ် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ဟိုချီမင်းမှ ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်သို့ မြန်မာဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ တစ်ဖန် ရန်ကုန်မှ ဟိုချီမင်းသို့ မြန်မာဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကာ ဟိုချီမင်းသို့ ဗီယက်နမ်ဒေသစံတော်ချိန် ညနေ ၃နာရီ ၃၅ တွင် ဆိုက်ရောက်မည်ဖြစ်၍ ခန့်မှန်းကြာမြင့်ချိန် ၂ နာရီနှင့် ၁၅ မိနစ်ခန့်သာရှိမည်ဖြစ်သည်။

VietJet လေကြောင်းလိုင်းအနေဖြင့် ရန်ကုန်- ဟိုချီမင်းခရီးစဉ်ကို တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေ ငါးရက် ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ချန်ပီယံလိဂ်တတိယအဆင့် ခြေစစ်ပွဲတွေလာပြီ

ချန်ပီယံလိဂ်တတိယအဆင့် ခြေစစ်ပွဲပထမအကျော့ ပွဲစဉ်တွေကို ဇူလိုင် ၂၉ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်တာမို့ ကြားရက်တွေမှာ ပရိသတ်တွေအတွက် ပွဲမပြတ်နိုင်ရေး၊ နွေရာသီအပြောင်းအရွှေ့မှာ ကလပ်အသင်းအသစ်တွေဆီ ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်တဲ့ ဘောလုံးအကျော်အမော်တွေလည်း အသင်းသစ်တွေမှာ ခြေစွမ်းပြနိုင်ဖို့ အချိန်အခါရောက်ရှိလာတာမို့ အကောင်းဆုံးခြေစွမ်းကိုထုတ်ပြဖို့ အသင့်အနေအထားဖြစ်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကြားရက်မှာ ပွဲကောင်းတွေကို အားပေးကြရဦးမှာဖြစ်ပါတယ်။။

### ဖီနာဘာချီနှင့် ရှက်တာဒိုးနက်

မန်ယူကပြောင်းရွှေ့သွားတဲ့ ဗန်ပါစီနဲ့နာနီ အပြင် နီယေရိုနဲ့မီနာလက်စ်တို့လို ကစားသမားသစ်တွေက ဖီနာဘာချီအတွက် ဘယ်လောက်အထိ စွမ်းဆောင်ပေးနိုင်မလဲကြည့်ရမယ့်ပွဲပါ၊ ဖီနာဘာချီဟာ နောက်ဆုံးကစားခဲ့တဲ့ ဘောလုံးပွဲနှစ်ပွဲရဲ့ ရလဒ်ကိုကြည့်ရင် ကာဆန်ပါသာအသင်းကို နှစ်ဂိုးပြတ်နိုင်ပြီး ပိုလန်ဆာရီအသင်းကိုလည်း နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ပွဲရထားကြတယ်။ ယူကရိန်းကလပ် ရှက်တာဒိုးနက်ဟာ တိုက်စစ်ဦးစားပေး ကစားတတ်တဲ့အသင်းဖြစ်ပြီး ဖီနာဘာချီတို့ကလည်း တိုက်စစ်ဖွင့်ကစားလာမှာဖြစ်တဲ့အတွက် ဒီပွဲဟာ ပွဲကောင်းတစ်ပွဲဖြစ်လာပါလိမ့်မယ်။ ဒါပေမယ့် ဖီနာဘာချီရဲ့ အားထုတ်မှုဟာ ရှက်တာဒိုးနက်ကို ရလဒ်ကောင်းစေမှာ မဟုတ်ပါဘူး။

### မက္ကာဘီတဲလ်အဗစ်နှင့် ပယ်လ်ဇန်

ချန်ပီယံလိဂ်မှာ ခြေစစ်ပွဲအဆင့်မှာပဲ ရပ်တည်ခွင့်ရှိပြီး နောက်ပိုင်းပြန်လှည့်မရတဲ့ မက္ကာဘီတဲလ်အဗစ်တို့ဟာ ပယ်လ်ဇန်ရဲ့ တိုက်စစ်စွမ်းရည် အားပြတ်မှုအောက်မှာကျဆုံးရမယ့် အနေအထားရှိပါတယ်။ ဒါပေမယ့် မက္ကာဘီတဲလ်ရဲ့ နောက်ဆုံးပွဲသုံးပွဲရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိတဲ့အပြင် ဂိုးပြတ်နိုင်ပွဲတွေလည်း ရရှိခဲ့တာမို့ အခုပွဲဟာ မမျှော်လင့်တဲ့ရလဒ်လည်း ထွက်ပေါ်လာနိုင်ပါတယ်။ ဒါပေမယ့် မက္ကာဘီတဲလ်တို့က ခြေမှန်နေတဲ့အသင်းဖြစ်ပြီး လောလောဆယ်တစ်ပွဲချင်း နှစ်ဂိုးအထက်သွင်းယူနေတဲ့ တိုက်စစ်ကြောင့် ရလဒ်ကောင်းဆိုတာ ပယ်လ်ဇန် တို့အတွက်ပါ။

### ဟယ်ဆင်ကီ နှင့် အက်စ်တာနာ

ဟယ်ဆင် ကီတို့ကတော့ လောလော ဆယ် နိုင်ပွဲတွေ ဆက်နေပြီး ချန်ပီယံလိဂ်မျက်နှာသစ် အက်စ် တာနာအသင်း ကို ပညာ ပေးနိုင်မ လား ကြည့် နေရမှာ ဖြစ်ပါ တယ်။ အက်စ် တာနာ တို့က ချန် ပီ ယံ လိဂ် ခြေစစ်ပွဲ အတွေ့အကြုံသစ် ဖြစ်တာမို့ ဟယ်ဆင်ကီတို့က အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ စွမ်းအားရှိပြီး တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းနိုင်ကြတာမို့ အက်စ်တာနာတို့ အခက်အခဲတွေ့မယ့်ပွဲဖြစ်ပါတယ်။




### ဆဲလ်ဘတ်နှင့် မယ်လ်မို

ပြီးခဲ့တဲ့နှစ်ကတွေ့ဆုံတဲ့ပွဲမှာ မယ်လ်မိုတို့က သုံးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။ အခု အချိန်မှာတော့ မယ်လ်မိုဟာအိုရီဘရို၊ ဇယ် ဂီ ရစ် အသင်းတွေကို နိုင်ပွဲရအောင် ကစားထားနိုင်ပြီး ဆဲလ်ဘတ်တို့ကလည်း လေဗာကူဆင်နဲ့ ဒက်ချ်လန်းဘာဂါတို့ကို ရှုံးပွဲမရှိအောင် ကစားထားပါတယ်။ ဆဲလ်ဘတ်ရဲ့ အိမ်ကွင်းရလဒ်က အကောင်းဆုံးအနေအထားမှာရှိနေတာမို့ ဒီပွဲမှာ မယ်လ်မိုတို့ နိုင်ပွဲရဖို့ခက်ခဲပါလိမ့်မယ်။

### ယန်းဘွိုင်းနှင့် မိုနာကို


မိုနာကိုအသင်းဟာ ပီအက်စ်ဗီ၊ မိန့်ဇ်တို့ကို ဂိုးပြတ်နိုင်ပြီး တိုက်စစ်စွမ်းရည်ပြသနိုင်တဲ့ စွမ်းအားရရှိနေပါတယ်၊ ယန်းဘွိုင်းတို့ကလည်း ဆာမက်စ်နဲ့ ဇူးရစ်အသင်းတွေကို နိုင်ပွဲရအောင်ကစားထားနိုင်တာမို့ မိုနာကိုတို့ လျှော့တွက်လို့ မရပါဘူး။ မိုနာကိုဟာ ပြင်သစ်လီဂူး-၁မှာ ပြိုင်ဘက်တွေကို ချေမှုန်းနိုင်တဲ့ ခြေစွမ်းရှိတာမို့ ယန်းဘွိုင်းဟာ အမြင့်ဆုံး မျှော်လင့်နိုင်တာက သရေပွဲပါပဲ။

### ဒိုင်နမိုဇာဂရက်နှင့် မိုလ်ဒီ

အိုဒီဂျီအသင်းကို တစ်ဂိုးစီသရေ၊ ဖိုလ်လားအသင်းကို သုံးဂိုးပြတ် နိုင်ပွဲရထားတဲ့ ဒိုင်နမိုဇာဂရက်ဟာ အခုမှ ခြေစစ်ပွဲကစားရတဲ့ မိုလ်ဒီအသင်းကို အလျှော့ပေးမှာတော့ မဟုတ်ပါဘူး။ မိုလ်ဒီ ခြေစွမ်းက အားရစရာမရှိတာမို့ အခုတစ်လော ရှုံးပွဲတွေလည်း ဆက်နေပါတယ်။ အခုပွဲမှာ ဒိုင်နမိုဇာဂရက်တို့ပဲ ရလဒ်ကောင်းကို သိမ်းပိုက်ဦးမှာပါပဲ။

**မိုးမြင့်လင်းလက်**

# ပီအက်စ်ဂျီကိုပြောင်းဖို့ သေချာနေတဲ့ ဒီမာရီယာ



ပြီးခဲ့တဲ့ရာသီက ခြေစွမ်းမပြနိုင်ခဲ့တဲ့ဒီမာရီယာကို မန်ယူက ရောင်းထုတ်တော့မှာဖြစ်ပါတယ်။ ပြင်သစ် ထိပ်တန်းကလပ် ပီအက်စ်ဂျီက အိန်ဂျယ်ဒီမာရီယာကို ပေါင် ၄၆ ဒသမ ၅ သန်းနဲ့ ဝယ်ယူဖို့ သေချာသွားပြီလို့ မန်ယူနည်းပြဗန်ဟားလ်က အတည်ပြု ပြောကြားလိုက်ပါတယ်။

မန်ယူက ဒီမာရီယာကို ပြီးခဲ့တဲ့နှစ်က ပေါင် ၅၉ ဒသမ ၇ သန်းနဲ့ ဝယ်ယူခဲ့တာပါ။ ယခုသီတင်းပတ်အတွင်းမှာ အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ ပြင်သစ်ချန်ပီယံပီအက်စ်ဂျီကတော့ ပေါင် ၄၆ ဒသမ၅ သန်းနဲ့ပဲ ကမ်းလှမ်းခဲ့ပါတယ်။ သို့ပေမယ့် ညှိနှိုင်းမှုတွေ ပြုလုပ်နေဆဲပါ။ ပီအက်စ်ဂျီကိုပြောင်းဖို့တော့ သေချာနေပါပြီ။ ဒီမာရီယာကိုယ်တိုင်က ပီအက်စ်ဂျီနဲ့ လောရင့်ဘလန့်တို့နဲ့အတူ အလုပ်လုပ်ချင်တယ်လို့ ထုတ်ဖော်ပြောကြားထားတာလည်း ရှိပါတယ်။ ဒီမာရီယာဟာ မန်ယူနဲ့ ဘာစီလိုနာတို့ရဲ့ ချစ်ကြည်ရေးပွဲမှာလည်း ပါဝင်ကစားခဲ့ခြင်း မရှိပါဘူး။ ဒီမာရီယာကို ယခုသီတင်းပတ်အတွင်းမှာ အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်လိမ့်မယ်လို့ ချီကာဂိုမြို့ရောက် ပီအက်စ်ဂျီနည်းပြ လောရင်ဘလန့်က ဆိုပါတယ်။

# ရီးရဲမှာနံပါတ်တစ်ဖြစ်ဖို့ မသေချာတဲ့ဒီဂီယာ

မန်ယူဂိုးသမား ဒီဂီယာဟာ စပိန်ထိပ်တန်းကလပ် ရီးရဲမက်ဒရစ်ကို ပြန်ပြောင်းဖို့ ကြိုးစားနေတာပါ။ မန်ယူကလည်း ထွက်ခွာဖွယ်ရှိနေပါတယ်။ အကယ်၍ ဘာနေဗျူးကို ရောက်လာမယ့် ဒီဂီယာဟာ နံပါတ်(၁) ဂိုးသမားဖြစ်ဖို့ မသေချာဘူးလို့ ရီးရဲမက်ဒရစ်နည်းပြ ဘင်နီတက်ဇ်က ဆိုပါတယ်။ လောလောဆယ် ရာသီအကြိုပြိုင်ပွဲတွေမှာတော့ ကော်စတာရီကာ ဂိုးသမား ကေလာနက်ဗက်ဟာ ရီးရဲမက်ဒရစ်အသင်းရဲ့ နံပါတ်တစ် ဂိုးသမားနေရာမှာ အစွမ်းပြနေတာပါ။ နက်ဗက်ဟာ ရီးရဲမက်ဒရစ်က မန်စီးတီးကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားတဲ့ ရာသီအကြိုချစ်ကြည်ရေးပွဲမှာလည်း အစွမ်းပြကစားနေတာဖြစ်ပါတယ်။

လီဗန်တေး ဂိုးသမားဟောင်း နက်ဗက်ဟာ လောလောဆယ်မှာတော့ ရီးရဲမက်ဒရစ် နည်းပြဘင်နီတက်ဇ်ရဲ့ အကြိုက်တွေ့နေတဲ့ ဂိုးသမားဖြစ်ပါတယ်။ နက်ဗက်ရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး သတင်းထောက်တွေက မေးမြန်းရာမှာ နက်ဗက်ကို အစွမ်းပြခွင့် အခွင့်အရေးပေးသွားမယ်လို့ ဘင်နီတက်ဇ်က ဆိုပါတယ်။ ဒီအတွက် ဒီဂီယာက မန်ယူကနေ ရီးရဲမက်ဒရစ်ကို ပြောင်းသွားမယ်ဆိုရင် နံပါတ်တစ်ဂိုးသမားဖြစ်ဖို့ မသေချာတော့ပါဘူး။



# အန်ဖီးလ်က ထွက်ရဖွယ်ရှိနေတဲ့ ဘာလော့တယ်လီ



လီဗာပူးရဲ့ ရာသီအကြိုပြိုင်ပွဲတွေမှ မပါဝင်ခဲ့တဲ့ ဘာလော့တယ်လီဟာအသင်းနဲ့အတူ လေ့ကျင့်မှုတွေ ပြန်လည်ပြုလုပ်နေပါပြီ။ သို့ပေမယ့် အသက် ၂၄ နှစ်အရွယ်ရှိ ဘာလော့တယ်လီကို နည်းပြဘရဲဒန်းရော်ဂျာ က ဦးစားပေးတိုက်စစ်မှူးအဖြစ် သုံးဖွယ်မရှိတော့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ မကြာသေးမီက သူ့ထက်ခြေစွမ်းပြနေတဲ့ဘင်တီကီကို ခေါ်ယူလိုက်တဲ့အတွက် ဖြစ်ပါတယ်။

ဘင်တီကီကိုလာမယ့် ပရီမီယာလိဂ်မှာ နည်းပြရော်ဂျာက အဓိကပွဲထုတ်ကစားမယ့် အနေအထားရှိပါတယ်။ ဒီအတောအတွင်းမှာပဲ အီတလီတတိယတန်းကလပ် လူပါကက်စတဲလ်လီအသင်းက ခြောက်လအငှားခေါ်ယူဖို့ ကမ်းလှမ်းလိုက်ပြီဖြစ်ပါတယ်။ ဘာလော့တယ်လီဟာ အေစီမီလန်ကနေ ပေါင် ၁၆ သန်းနဲ့ ပြောင်းလာခဲ့ပြီးကတည်းက လီဗာပူးမှာ ၁၆ ပွဲကစားရာ တစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဘာလော့တယ်လီဟာ အရှေ့ဖျားဒေသနဲ့ဩစတြေးလျခရီးစဉ်မှာ မပါဝင်ခဲ့တဲ့အတွက် သူ့ရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး သေချာမှုမရှိတော့ကြောင်း နည်းပြရော်ဂျာက ဆိုပါတယ်။

**ကောင်းမြတ်သူ- စုစည်းသည်။**

# ပုဂံ ရှေးဟောင်းသုတေသနပြတိုက်

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကျွန်တော် ပုဂံသို့ရောက်ရှိတိုင်း ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့ရှိပါ၏။ ပြတိုက်သို့ရောက်ရှိသည့်အခါတိုင်းလည်း ပြခန်းပြကွက်များအား ကြည့်၍မဝနိုင်အောင် ဖြစ်ရပါ၏။ လွန်ခဲ့သော ၁၅ နှစ်ခန့်က ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ကျွန်တော် ပထမဆုံးအကြိမ် ရောက်ရှိခဲ့စဉ် ပြတိုက်ဝင်ကြေး ငွေကျပ် ၁၀ ကောက်ခံသည်ကို မှတ်မိနေမိပါ၏။

လက်ရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက် မတိုင်မီက ပုဂံတွင် ရှေးဟောင်းပစ္စည်း ပြတိုက်နှစ်ခု ရှိခဲ့သည်။

၁၈၉၁ ခုနှစ်က မြန်မာနိုင်ငံသို့ ဘူမိဗေဒပညာရှင်အဖြစ်ရောက်ရှိနေခဲ့သူ ဂျာမန်လူမျိုး ဒေါက်တာ ဖရစ်ဗွန်နိုဝက်တလင် (Dr. Fritz Von Noetling) သည် မိမိတာဝန်ကျရာ ရေနံချောင်းမှပုဂံသို့ မကြာမကြာလာရောက်ခဲ့ပြီး ပုဂံစေတီပုထိုးများရှိ ငါးရာ့ငါးဆယ်ဇာတ်ကွက်ဖော် စဉ့်ကွင်း၂၀၀ ကျော်၊ စဉ့်အလှဆင်ပန်းများ၊ ကျောက်ကြေး သစ်သားရုပ်ကြွများနှင့် အုတ်ခွက်ဘုရားများအား တိတ်တဆိတ်ယူဆောင်ကာ ဘာလင်လူမျိုးစုပြတိုက်သို့ ပေးပို့ခဲ့သည်။ ၁၈၉၉ ခုနှစ်တွင်လည်း ဂျာမန်လူမျိုး ထောမန် (Thomann)နှင့် နောက်လိုက် ခြောက်ဦးတို့သည် ပုဂံသို့ရောက်ရှိလာကာ ရှေးဟောင်းအနုပညာလက်ရာပစ္စည်းများကို ဟမ်ဘာ့ခ်လူမျိုးစု ပြတိုက်သို့ပေးပို့ရန် ယူဆောင်ကြပြန်ရာ လက်ပူးလက်ကြပ်ဖမ်းမိသဖြင့် ၎င်းတို့အား နယ်နှင်ခဲ့သည်။ ပုဂံဝန်ထောက် ဦးတင်နှင့် ဖွားစောရွာသူကြီး ဦးထွန်းဦးတို့၏ ကြိုးပမ်းမှုကြောင့် ရှေးဟောင်းပစ္စည်းအချို့ကို ပြန်လည်ရရှိခဲ့သဖြင့် ထိုပစ္စည်းများကို သိမ်းဆည်းထားရန် အဆောက်အအုံတစ်ခုလိုအပ်လာခဲ့သည်။

၁၉၀၁ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ကာဇွန်သည် ပုဂံသို့ရောက်ရှိလာခဲ့ပြီး ပုဂံရှေးဟောင်းလက်ရာပစ္စည်းများ ထိန်းသိမ်းထားရှိရန်အတွက် အဆောက်အအုံ တစ်ခုဆောက်လုပ်ရန် ညွှန်ကြားခဲ့သည်။ ထို့ကြောင့် ၁၉၀၃ ခုနှစ်တွင် ထိုစဉ်က ကမ္ပည်းကျောက်စာဝန်ဖြစ်သူ မစ္စတာတော်စိန်ခိုက ပုဂံဒေသမှ စုဆောင်းရရှိထားသော ရှေးဟောင်းပစ္စည်းများကို အများပြည်သူများအား ပြသနိုင်ရန် အာနန္ဒာစေတီ၏ မြောက်ဘက်စောင်းတန်းအနီး မြေကွက်လပ်တွင် ရှေးဟောင်းသုတေသန ပြတိုက်တစ်ခုကို တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ယင်းပြတိုက်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ရှေးဟောင်းသုတေသနပြတိုက်ဖြစ်ပေသည်။ ယင်းပြတိုက်တွင် ပုဂံအနီးဝန်းကျင်မှ နည်းအမျိုးမျိုးဖြင့် စုဆောင်းရရှိထားသော ကျောက်စာများနှင့် ရှေးဟောင်းပစ္စည်းများကို ခင်းကျင်းပြသခဲ့သည်။

ပုဂံပြတိုက်တွင် ခင်းကျင်းပြသထားသည့် ရှေးဟောင်း ပစ္စည်းများအပြင် ထပ်မံစုဆောင်းရရှိသော ရှေးဟောင်းပစ္စည်းများသည် အလွန်များပြားလာခဲ့သဖြင့် ၁၉၁၈ ခုနှစ်တွင် အဆောက်အအုံအသစ်တစ်လုံး တိုးချဲ့ဆောက်လုပ်ရန် စီစဉ်ခဲ့သော်လည်း အကြောင်းမညီညွတ်သဖြင့် မဆောက်လုပ်နိုင်ခဲ့ပါချေ။ ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာသောအခါ တာဝန်ရှိသူများက ပုဂံပြတိုက်မှ ပစ္စည်းများအားလုံးကို စစ်ဘေးစစ်ဒဏ်မှ လွတ်ကင်းစေရန် မြေမြှုပ်သိမ်းဆည်းခဲ့ကြသည်။ ၁၉၅၂ ခုနှစ်တွင် ထိုစဉ်က နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနကို ထူထောင်ဖွဲ့စည်းကာ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကမ္ပည်းကျောက်စာဝန် ဦးလူဖေဝင်းသည် စစ်အတွင်းက မြေမြှုပ်သိမ်းဆည်းထားခဲ့သော ပုဂံပြတိုက်ပစ္စည်းများကို ထိုစဉ်က သာသနာရေးဝန်ကြီး၏ ရှေ့မှောက်တွင် ပြန်လည် ဖော်ထုတ်ပြသခဲ့သည်။ နောက်ပိုင်းတွင် သိမ်းဆည်းထားသော ပြတိုက်ပစ္စည်းများကို ခင်းကျင်းကာ ပုဂံပြတိုက်ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။

နှစ်ကာလရှည်လာသည်နှင့်အမျှ ပြတိုက်တွင် ပစ္စည်းများစုဆောင်းရရှိမှု များပြားလာခဲ့သဖြင့် ယင်းတို့ကို တိုးချဲ့ပြသနိုင်ရန် ကန်တော့ပလ္လင်ဘုရားတောင်ဘက်၌ ရှစ်မြောင့်ပုံ ပုဂံပြတိုက်အသစ်ကို တည်ဆောက်ကာ ၁၉၇၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းပြတိုက်သည် ပုဂံတွင် ဖွင့်လှစ်ခဲ့သော ဒုတိယမြောက် ရှေးဟောင်းပစ္စည်းပြတိုက်ဖြစ်ပေသည်။ ယင်းပြတိုက်သည် သေးငယ်ကျဉ်းမြောင်းသဖြင့် ကြီးမားသော ကျောက်စာချပ်များ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ကျောက်ဖြစ်ရုပ်ကြွင်းများအား အဆောင်ကြီးသုံးဆောင် ဆောက်လုပ်၍ ခင်းကျင်းပြသခဲ့ရသည်။ အဆိုပါပြတိုက်တွင်လည်း ရှေးဟောင်းပစ္စည်းများ ထပ်မံစုဆောင်းတိုးပွားလာခဲ့သဖြင့် ပြတိုက်၏တောင်ဘက်အနီးရှိ မြေ ၁၀ ဒသမ ၉၇ ဧက ပေါ်တွင် လက်ရှိ ပုဂံရှေးဟောင်းသုတေသန ပြတိုက်သစ်ကြီးကို တည်ဆောက်ကာ ၁၉၉၈ ခုနှစ် ဧပြီလ ၁၇ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်၊ နှစ်ဆန်းတစ်ရက်နေ့) တွင် နိုင်ငံတကာအဆင့်မီပြတိုက်ကြီးတစ်ခုအဖြစ် ဖွင့်လှစ်ခဲ့သည်။ ပြတိုက်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၁၂၀၀ ကျော် ကုန်ကျခဲ့ပေသည်။

ပုဂံရှေးဟောင်းသုတေသန ပြတိုက်သစ်ကြီးသည် အရှေ့အနောက် ပေ ၃၈၀၊ တောင်မြောက် ပေ ၃၆၀ ကျယ်ဝန်းသည့် ခိုနန်းချိုး သုံးထပ်အဆောက်အအုံဖြစ်သည်။ အပေါ်ဆုံးအထပ်မှနေ၍ ပုဂံစေတီပုထိုးများအား ပတ်ပတ်လည်ကြည့်ရှုနိုင်ရန် စီစဉ်ထားသည်။ ပြတိုက်ဝင်းအတွင်းသို့ဝင်လိုက်သည်နှင့် ပြတိုက်မြက်ခင်းပြင်တွင် မြင်တွေ့ရသော ပျူစောထီးရုပ်တုသည် ပုဂံ၏အားမာန်ကို ဖော်ညွှန်းပြသနေပေသည်။



ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်တွင် ပြခန်းပေါင်း (၁၁)ခန်း ခင်းကျင်းပြသထားရာ အထူးပင်မပြခန်း တစ်ခန်း၊ ပုဂံခေတ်ဆိုင်ရာပြခန်း ကိုးခန်းနှင့် တိုင်းကျိုးပြည်ပြု ပြခန်းတစ်ခန်းတို့ဖြစ်ကြသည်။ ပုဂံခေတ်ဆိုင်ရာ ပြခန်းများတွင် လက်မှုအနုပညာ၊ ဗိသုကာ၊ လူနေမှုဘဝ၊ စာပေ၊ နန်းမြို့၊ ဗုဒ္ဓဆင်းတုတော်များ၊ ဗုဒ္ဓအနုပညာ၊ ဘုရားပုထိုးပန်းချီ၊ နံရံဆေးရေးပန်းချီများကို ပြခန်းတစ်ခုစီဖွင့်ကာ တစ်ခမ်းတနား ခင်းကျင်းပြသထားသည်။

ပြတိုက်အတွင်းဝင်လိုက်သည်နှင့် မြေညီထပ်ရှိ အထူးပင်မပြခန်းနောက်ခံတွင် မြန်မာပန်းချီပညာရှင်များ စုပေါင်းရေးဆွဲထားသော ပုဂံမြင်ကွင်းကျယ် ဆီဆေးပန်းချီကားကြီးကို နံရံအပြည့်မြင်ရသည်။ ရုတ်တရက်ကြည့်လိုက်ပါက ပန်းချီကားဟု မထင်ရဘဲ ခန်းမပေါ်မှ မြင်ကွင်းကျယ်ပုဂံရှုခင်းကို မြင်ရသကဲ့သို့ ခံစားရပေသည်။ ထို့ကြောင့်လည်း ပြတိုက်သို့ ကျွန်တော် ရောက်ရှိသည့်အခါတိုင်း ထိုပန်းချီကားကြီးကို တစိမ့်စိမ့် ကြည့်ရှုမဲ့ဖြစ်ပါသည်။

အထူးပင်မ ပြခန်းဆောင်၌ ကျောက်ဆစ်ရုပ်တု၊ ကြေးရုပ်တုနှင့်ကျောက်စာတိုင်များကို ခန်းမတစ်ဖက်လျှင် ရှစ်ခုစီခင်းကျင်းထားရာ ကျစွာမင်း၊ အနော်ရထာမင်း၊ အလောင်းစည်သူမင်းနှင့် ကျန်စစ်သားမင်းတို့၏ ကြေးရုပ်တုများနှင့် ကျန်စစ်သားမင်း အတ္ထုပ္ပတ္တိ ပလာစတာကျောက်စာတိုင်နှစ်တိုင်ကို မြင်တွေ့ရပေသည်။ ထိုနေရာမှာပင် ဗုဒ္ဓဝင်ရှစ်ခန်း ကျောက်ဆစ်လက်ရာရှစ်ခု ၊ ဗုဒ္ဓဆင်းတုဦးခေါင်းတော်နှင့် အဂ္ဂသာဝက ကျောက်ဆစ်လက်ရာ တစ်ဆူစီကို ပြသထားသည်။ ဗုဒ္ဓဝင်ရှစ်ခန်းဟူသည် (၁) ဘုရားလောင်းဖွားမြင်တော်မူခန်း၊ (၂) ဗောဓိပင်ရင်း၌ ဘုရားပွင့်တော်မူခန်း၊ (၃) တရားဦး ဓမ္မစကြာဟောတော်မူခန်း၊ (၄)သာကီဝင်မင်းများအား တန်ခိုးပြာဋိဟာပြခန်း၊ (၅)နာဠာဂီရိဆင်ကြီးကို အောင်တော်မူခန်း၊ (၆) တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ဆင်းကြွတော်မူခန်း၊ (၇)ပါလိလေယျကတော၌ ဘုရားရှင်စံနေတော်မူခန်း၊ (၈) ပရိနိဗ္ဗာန် စံဝင်တော်မူခန်းတို့ ဖြစ်ကြသည်။

ပုဂံခေတ် လက်မှုအနုပညာပြခန်းတွင် ပုဂံခေတ်လက်မှုပညာရှင်များ၏ အင်္ဂတေပန်းလက်ရာများ၊ ကျောက်ဆစ်၊ ပန်းပု၊ မြေထည်၊ ငွေထည်၊ စဉ့်ထည်၊ ကြေးထည်လက်ရာများနှင့် နံရံပန်းချီလက်ရာများကို ပြသထားသည်။ ထိုပြခန်းဆောင်မှာပင် ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း မြင်တွေ့နိုင်သည်။ ယင်းအခန်းတွင် ဝက်ကြီးအင်းရွာအနီး တောင်ပုံလောကနာထဘုရား (ဘုရားအမှတ် ၃၁၅ )အတွင်းရှိ ဗုဒ္ဓဆင်းတုတော်၏ ကျိုးပဲ့နေသော လက်တော်အတွင်းမှ ၁၉၈၄ ခုနှစ်တွင် တွေ့ရှိခဲ့သည့် အဝတ်ပန်းချီကို ပြသထားသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ ယင်းအဝတ်ပန်းချီကို အပိုင်းအစများအဖြစ် ရရှိခဲ့ရသဖြင့် ၁၉၈၆ ခုနှစ်တွင် အီတလီနိုင်ငံ ရှေးဟောင်းပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးဌာန (ICCROM) သို့ပေးပို့ကာ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့သည်။ ပိတ်သားပေါ်တွင် ငါးရာ့ငါးဆယ်ဇာတ်တော်မှ တေလပတ္တဇာတ်ကွက်များ ရေးဆွဲထားသည်ကို တွေ့ရှိကြရပေသည်။

ပုဂံခေတ် ဗိသုကာပြခန်းတွင် ပုဂံဒေသ၏ ထင်ရှားသော ဗိသုကာလက်ရာများဖြစ်သည့် လောကနန္ဒာ၊ အာနန္ဒာ၊ ဓမ္မရံကြီး၊ သဗ္ဗညု၊ ဗူးဘုရား၊ လေးမျက်နှာအုတ်ကျောင်း၊ မဟာဗောဓိနှင့် ကျောက်ဂူဥမင် စသည်တို့ကို ပုံစံငယ်များဖြင့် ပြသထားသည်။ အနော်ရထာမင်းကြီး သထုံကိုအောင်နိုင်ပြီး သထုံမှပုဂံသို့ ပင့်ဆောင်လာခဲ့သည့် ပိဋကတ်သုံးပုံ အစုံ ၃၀ ကို ထိန်းသိမ်းထားခဲ့သည့် ပိဋကတ်တိုက်ပုံစံငယ်ကိုလည်း ပြသထားပေသည်။

ပုဂံခေတ် လူနေမှုပြခန်း၌ ပုဂံခေတ်တွင် ယွန်းလုပ်ငန်းလုပ်ကိုင်နေပုံ ပန်းချီကားနှင့် အနော်ရထာနန်းတော်ရာ တူးဖော်ရာမှ ရရှိခဲ့သော ယွန်းလက်ရာပါ အိုးခြမ်းစများ၊ ပုဂံခေတ်ယွန်းခွက်၊ ယွန်းကွမ်းအစ်၊ ယွန်းတောင်းများကို ပြသထားသည်။ ထို့အပြင် ပုဂံခေတ်က ဗိုင်းငင်ရာတွင်သုံးခဲ့ကြသည့် ရစ်၊ တည်းလုံး၊ နှပ်တို့ကိုလည်း ပြသထားပေသည်။ ယင်းအခန်းမှာပင် ရှေးဟောင်းအဆောက်အအုံ ၄၇ ခုရှိသော ဆင်ဖြူရှင်ကျောင်းတိုက်ပုံစံကို မြင်တွေ့နိုင်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)သို့ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ရန် တင်သွင်းထားသည့် ကမ္ဘာကျော်မြစေတီကျောက်စာ မူရင်းကို ပုဂံခေတ် စာပေပြခန်းတွင် ပြသထားရာ ပုဂံပြတိုက်သို့ ရောက်ရှိလာကြသူတိုင်း အလွန်စိတ်ဝင်စားကြသည်။ ရာဇကုမာရ်ကျောက်စာဟုလည်း ထင်ရှားသည့် မြစေတီကျောက်စာသည် ပါဠိ၊ မွန်၊ မြန်မာ၊ ပျူ လေးဘာသာဖြင့် ရေးထိုးထားသည့် မြန်မာစာပေ၊ မြန်မာသမိုင်းနှင့် ရှေးဟောင်းယဉ်ကျေးမှု တန်ဖိုးမြင့်မားသည့် အမွေအနှစ်တစ်ခုဖြစ်သည်။ ရာဇကုမာရ်သည် မြစေတီကျောက်စာကို နှစ်ချပ်ရေးထိုးခဲ့ရာ ကျန်မြစေတီ ကျောက်စာချပ်ကို မြစေတီရင်ပြင်ကျောက်စာရုံ၌ ပြသထားသည်။ ဤအခန်းမှာပင် ကျောက်စာချပ်ပေါင်း ၈၅ ချပ်ကို ပြသထားသဖြင့်

*စာမျက်နှာ ၂၁ သို့*

# ရေကမ္ဘာအပန်းဖြေဥယျာဉ် မုံရွာမြို့၌ တည်ဆောက်မည်

**မုံရွာ ဇူလိုင် ၂၇**

အမေရိကန်ဒေါ်လာ ငါးသန်းအကုန်အကျခံ၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် နိုင်ငံတကာအဆင့်မီ ရေကမ္ဘာအပန်းဖြေဥယျာဉ်ကို မုံရွာမြို့ ကန်သာယာတစ်ဖက်ခြမ်း၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာဝန်ကြီး ဦးတင့်လှိုင်မြင့်ထံမှ သိရသည်။

ရေကမ္ဘာဥယျာဉ်ကို မုံရွာမြို့ ကန်သာယာတစ်ဖက်ခြမ်းရှိ စည်ပင်သာယာပိုင်မြေ ၁၇ ဧကပေါ်တွင် ၅ ဒသမ ၅ ဧက အသုံးပြု၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Media One ကုမ္ပဏီလီမိတက် (UMG) တို့ပူးပေါင်းပြီး အပိုင်းနှစ်ပိုင်းခွဲ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အပိုင်းနှစ်ပိုင်းတွင် ပထမပိုင်းသည် ရေကမ္ဘာဥယျာဉ် ၅ ဒသမ ၅ ဧက၊ ဟိုတယ်တစ်ဧက၊ ရေလှောင်ကန် ၁ ဒသမ ၅ ဧက အခမဲ့အပန်းဖြေနေရာ တစ်ဧက စုစုပေါင်းမြေကိုးဧက အသုံးပြုတည်ဆောက်မည်ဖြစ်ပြီး နောက်ပိုင်းတွင် တန်ဖိုးသင့်မျှတအိမ်ရာကို မြေခြောက်ဧက အသုံးပြုတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ တန်ဖိုးသင့် မျှတအိမ်ရာစီမံကိန်းတွင် လေးခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၇ လုံး ပါမည်ဖြစ်ပြီး အခန်းပေါင်း ၃၄၀ထည့်သွင်း၍အမေရိကန်ဒေါ်လာ ၁၀ သန်း အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဥယျာဉ် တည်ဆောက်ရေးစီမံချက်ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယမြောက်နေ့ ဇူလိုင် ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက လွှတ်တော်သို့ မှတ်တမ်းတင်နိုင်ရန် တင်ပြခဲ့သည်။ မုံရွာမြို့အနီးဝန်းကျင်မှ ဒေသခံများ အလုပ်အကိုင်ရရှိရန်နှင့် ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်တည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အစားအသောက်များနှင့်ပတ်သက်၍ အသိပညာပေး

**ဇီးကုန်း ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့မ စည်ပင်သာယာဈေးကြီးအတွင်း ဇူလိုင်စတုတ္ထပတ်က မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးတင်မြင့်ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး၊ ရဲတပ်ဖွဲ့၊ ဈေးကော်မတီတို့မှ တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် ပြည်သူများ စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းနှင့် အသိပညာပေးစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

စာမျက်နှာ ၂၀ မှ

သုတေသီများအတွက် များစွာအထောက်အထားပြုနိုင်သည့် ကမ္ပည်းမှတ်တမ်းများဖြစ်ကြပေသည်။

ပုဂံခေတ် နန်းမြို့ပြခန်းတွင် ကျန်စစ်သားမင်းကြီး၏ ပလာစတာရုပ်တု၊ ရေနံ့သာကင်းတပ်မြို့ဟောင်းပုံစံငယ်နှင့် နန်းတော်ဆိုင်ရာ ပြကွက်များကို အဓိကပြသထားသည်။ အနော်ရထာမင်းကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်ပုံစံနှင့်အတူ ခေတ်အဆက်ဆက် နန်းတော်ပန္နက်များကို ပြသထားရာ သထုံမနူဟာမင်း နန်းတော်ပန္နက်၊ ဘုရင့်နောင်မင်းတရား၏ ကမ္ဘောဇသာဒီ နန်းတော်ပန္နက်၊ ညောင်ရမ်းမင်း၊ သာလွန်မင်း၊ ဆင်ဖြူရှင်မင်းနှင့် တနင်္ဂနွေမင်း၊ ဘကြီးတော်မင်းတို့၏ အင်းဝနန်းတော်ပန္နက်များ၊ အလောင်းမင်းတရား၏ ရွှေဘိုနန်းတော်ပန္နက်၊ နောင်တော်ကြီးမင်း၏ စစ်ကိုင်းနန်းတော်ပန္နက်၊ ဘိုးတော်မင်းတရားနှင့် သာယာဝတီမင်းတို့၏ အမရပူရနန်းတော်ပန္နက်များ၊ မန္တလေးနန်းတော်ပန္နက်များဖြစ်ကြပြီး အထူးပင်စိတ်ဝင်စားဖွယ်ကောင်းလှပါပေသည်။

အေဒီ ၁၁ ရာစု မှ ၁၉ ရာစုအတွင်း ထုလုပ်ထားသည့် လက်ရာမတူညီသော ဗုဒ္ဓဆင်းတုတော်ခုနစ်ဆူကို ရာစုနှစ်အလိုက် ခွဲခြားပြသထားသဖြင့် ကြည်ညိုဖွယ်ဖူးမြင်နိုင်ကြသည့်ပြခန်းကား ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များပြခန်းဖြစ်သည်။ ဗုဒ္ဓဘုရားရှင်၏ လက်ဟန်(မုဒြာ) အမျိုးမျိုးတို့အား နံရံပေါ်တွင် အသေးစိတ်ရှင်းလင်းရေးပြထားသည်။ ပွင့်တော်မူပြီးသော ဘုရားရှင် ၁၆ ဆူတို့ထံမှောက်တွင် ဂေါတမဗုဒ္ဓဘုရားလောင်း ဗျာဒိတ်ခံနေပုံကို ထုလုပ်ထားသည့် ကျောက်ဆစ်လက်ရာ ဆင်းတုတော် ၁၆ ခုကိုလည်း ကြည်ညိုနိုင်ကြပေသည်။

ပုဂံခေတ် ဗုဒ္ဓအနုပညာပြခန်းတွင် ရွှေ၊ ငွေ၊ ကြေး၊ ခဲဖြူ ခဲမည်းဟူသော သတ္တုငါးမျိုးဖြင့် ပေါင်းစပ်ထုလုပ်ထားသော ပဉ္စလောဟာဆင်းတုတော်ကို လေ့လာနိုင်သည်။ ပုဂံတစ်ဝိုက် ဘုရားပုထိုးများမှ အုတ်ခွက်ဘုရားများ၊ မင်းဝတ်တန်ဆာပါ ဗုဒ္ဓဆင်းတုတော်များ၊ ဗုဒ္ဓဝင်ရှစ်ခန်းပါ အန္တကူရုပ်ချပ်များ၊ သစ်သားနှင့် မြေဆင်းတုတော်များကိုလည်း ကြည့်ရှုနိုင်ကြသည်။

ပုဂံခေတ် ဘုရားပုထိုးပန်းချီပြခန်းတွင် မြန်မာ့ရိုးရာပန်းချီအစည်းအရုံးမှ ပန်းချီအကျော်အမော်များ ရေးဆွဲထားသည့် ပုဂံရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ အဆောက်အအုံများ၏ ပုံတူဆီဆေးပန်းချီကားများကို ချိတ်ဆွဲထားသည်။ ပန်းချီကားချပ်များ၏ အောက်ထောင့်တွင် ပန္နက်ပုံနှင့် အထက်ထောင့်တွင် ပြုပြင်ပြီးစီးထားပုံတို့ကို ရေးဆွဲထားသည်။ ယင်းပြခန်းမှာပင် စဉ့်ကူးမြို့မှ ပင့်ဆောင်ထားသည့် ထူးခြားသော ပဉ္စလောဟာဆင်းတုတော်တစ်ဆူကို ပြသထားသည်။ အဆိုပါဆင်းတုတော်၏ လည်ရစ်မှ နှာတံအကြားတွင် စေတီပုံပေါ်လွင်နေသည်ကို ထင်ရှားစွာ မြင်တွေ့နိုင်ကြပေသည်။

ပုဂံစေတီပုထိုးများတွင်ရှိသော နံရံဆေးရေးပန်းချီများသည် နှစ်ကာလ ရှည်ကြာလာခြင်းနှင့်အတူ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။ ပုဂံဒေသရှိ ဂူဘုရားအချို့မှ နံရံဆေးရေးပန်းချီများအား ပုံတူကူးယူ၍ မူရင်းအရောင်အသွေးအတိုင်း ရေးဆွဲထားသော နံရံဆေးရေးပန်းချီပုံတူများကို ပုဂံခေတ်နံရံဆေးရေးပန်းချီပြခန်း၌ ပြသထားသည်။ ဘုရားလောင်းဖွားတော်မူခန်း၊ ကာဠုဒေဝီလရသေ့က ဘုရားလောင်းအား ဖူးမြင်ခန်း၊ ဓမ္မစကြာတရားဦးဟောကြားခန်း၊ သတ္တဌာနစံနေတော်မူခန်း၊ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်လာခန်း စသည့်လက်ရာမြောက်လှသည့် တစ်ကြောင်းဆွဲ ရှေးရိုးလက်ရာ နံရံပန်းချီများကို မြင်ရသည်မှာ ကြည့်မဝနိုင်အောင် ဖြစ်ရပေသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)တွင် ပြတိုက်ဟူသော ဝေါဟာရကို "ပညာလိုက်စားသူအပေါင်းတို့အတွက် အဘက်ဘက်မှ အကူအပံ့ဖြစ်စေသော ပစ္စည်းအမျိုးမျိုးတို့ကို သိုမှီးပြသထားရာ အဆောက်အအုံများကို ပြတိုက်ဟု ခေါ်ဆိုနိုင်ပေသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဆရာကြီးဦးဘတင့်ကလည်း "ပြတိုက်သည် ရှေးဟောင်းပစ္စည်းအမျိုးမျိုးသို့မဟုတ် အမှတ်တရမှတ်တမ်းတင်ထားရှိရမည့် ပစ္စည်းများကို တစ်နေရာတည်းစုဆောင်း၍ မပျက်စီးစေရန် စုစည်းထားပြီး အများပြည်သူများ စူးစမ်းလေ့လာရန်၊ သုတေသနပြုလုပ်ရန်နှင့်တကွ လေ့လာကြည့်ရှုစေခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာစေရန် ပညာဖြန့်ဖြူးရာဌာနကြီးသဖွယ်ဖြစ်သည်"ဟု ပခုက္ကူစာပေဆုရအခြေခံပြတိုက်ပညာစာအုပ်တွင် ရေးသားခဲ့ပေသည်။

ပုဂံသည် မြန်မာတို့၏ အသည်းနှလုံးဟု ဆိုရလောက်အောင်ပင် ယဉ်ကျေးမှုအမွေအနှစ်များစုစည်း တည်ရှိနေခြင်းကြောင့် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ သင်္ကေတတစ်ခုအဖြစ် ထည်ဝါစွာ ရပ်တည်နေသည်မှာ နှစ်ကာလရှည်ကြာခဲ့ပြီဖြစ်ပါသည်။ ပြည်တွင်းပြည်ပခရီးသွားများသည် ပုဂံသို့နေ့စဉ်ရောက်ရှိ လည်ပတ်လေ့လာနေကြသဖြင့် ပုဂံရှုခင်း၊ ပုဂံမြင်ကွင်း၊ ပုဂံအနုပညာ၊ ပုဂံဗိသုကာ၊ ပုဂံလူနေမှုဘဝ၊ ပုဂံစာပေ စသည်ဖြင့် ပုဂံယဉ်ကျေးမှုများကို တစ်နေရာတည်းတွင်ရှုမြင်နိုင်သည့် ပုဂံရှေးဟောင်းသုတေသနပြတိုက်သည် သာမန်ခရီးသွားများသာမက သုတေသီများအတွက်ပါ များစွာအထောက်အပံ့ဖြစ်စေသည့် ဘူမိနက်သန်နေရာတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရပ်တည်လျက်ရှိနေပေတော့သည်။

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# အင်းစိန်ခုံးကျော်တံတား ရာနှုန်းပြည့်ပြီးစီး၊ မကြာမီ ဖြတ်သန်းခွင့်ပြုမည်



**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်မြို့၌ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေသော ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်စေရန် တစ်ထောင့်တစ်နေရာမှ တာဝန်ယူဆောင်ရွက်ပေးသော မြန်မာ့မီးရထား၏ အင်းစိန်မီးရထားခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းသည် ယခုအခါတွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ရာ AC ကတ္တရာခင်းခြင်း လုပ်ငန်းပြီးသည်နှင့် ယာဉ်များဖြတ်သန်းခွင့်ပေးတော့မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်းရုံးမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)**

# အသေးစားရေအားလျှပ်စစ်စီမံကိန်းအတွက် နားလည်မှုလက်မှတ်ရေးထိုး

**ထားဝယ် ဇူလိုင် ၂၇**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် GREEN ISLAND CO.,LTD& CHINA YUNNAN SHENG SHI JIN CHENG GROUP CO.,LTD တို့၏ အသေးစား ရေအားလျှပ်စစ်စီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ နားလည်မှုမှတ်တမ်း လက်မှတ်ရေးထိုးမည့် အခမ်းအနားကို ဇူလိုင် ၂၄ ရက်က တိုင်းဒေသကြီး ထားဝယ်မြို့ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီး ဦးဝင်းဆွေနှင့် GREEN ISLAND CO., LTD &CHINA YUNNAN SHENG SHI JIN CHENG GROUP CO.,LTD ကိုယ်စားလှယ် Mr. Gao Yuan တို့က နားလည်မှုမှတ်တမ်းလက်မှတ်ရေးထိုးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်သိန်းနှင့် Mr. GaoYuan တို့က နားလည်မှုမှတ်တမ်းများအား အပြန်အလှန် လက်မှတ်ရေးထိုးပြီး လဲလှယ်ခဲ့ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# အလုံသိပ္ပံဈေး(ဆင်မင်းဈေး)သစ်ကြီးဖွင့်ပြီ



**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်းနှင့် သိပ္ပံလမ်းအကြားရှိ သိပ္ပံဈေး(ဆင်မင်းဈေး)သစ်ကြီးကို ဇူလိုင် ၂၆ ရက် နံနက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ဆင်မင်းဈေးကို လွန်ခဲ့သော နှစ် ၆၀ ခန့်က စတင်တည်ဆောက်ခဲ့ပြီး ဆင်မင်းရပ်ကွက်ကို အစွဲပြု၍ "ဆင်မင်းကွက်သစ်ဈေး" ဟု ရှေးကခေါ်ကြသည့် မြေစိုက်တစ်ထပ်ဈေးဖြစ်သည်။

ယခု မြို့တော်စည်ပင်သာယာရေးကော်မတီလက်ထက်မှ ဈေးအရှေ့ဘက်ကမ်းရှိ သိပ္ပံလမ်းကိုအမှီပြု၍ သိပ္ပံဈေးဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် လူအများသိသော ဆင်မင်းဈေး မူလအမည်အား ဖျောက်ဖျက်ခြင်းမရှိဘဲ ယခုဈေးသစ်ကြီးတွင် သိပ္ပံဈေး(ဆင်မင်းဈေး)ဟု အမည်တပ်ခဲ့သည်။

သိပ္ပံဈေး(ဆင်မင်းဈေး)ဟောင်းကို ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းက ဖျက်သိမ်းခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန)နှင့် နေကမ္ဘာမြန်မာကုမ္ပဏီတို့က အကျိုးတူပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အကျယ်အဝန်းအားဖြင့် ပေ (၃၀၀×၁၄၄) တွင် ဈေးရုံပေါင်းကိုးရုံ၊ ဈေးဆိုင်ခန်း ပေါင်း ၇၂၇ ခန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အနောက်ပိုင်းခရိုင် စည်ပင်သာယာရေးဈေးရုံးများမှ ခရိုင်မှူး ဦးမောင်မောင်ဌေးက "အဓိကဈေးဝင်လမ်းထွက်လမ်း၊ မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးများတပ်ဆင်မှု၊ သန့်ရှင်းရေးအတွက် ရေပေးဝေမှုစနစ်နဲ့ သန့်စင်ခန်းများကို အဆင့်မြင့်မြင့်နဲ့ စနစ်တကျဆောင်ရွက်ထားပါတယ်။ ဈေးရုံကြီးအတွင်းမှာ အနံ့ဆိုးများ မရှိစေရေးအတွက် ငါးပိ၊ ငံပြာရည်စတာတွေကို စနစ်တကျထုပ်ပိုးမှုနဲ့ ရောင်းချခွင့်ပေးခဲ့ပါတယ်။ လေစုပ်စက်ပန်ကာများလည်း တပ်ဆင်ထားပါတယ်"ဟု ပြောသည်။

ဈေးကြီးဖွင့်လိုက်ပြီဖြစ်၍ ဈေးကြီးအတွင်း ရောင်းသူဝယ်သူများ ဖြင့်စည်ကားလျက်ရှိပြီး ဆိုင်များမှ ဈေးဖွင့်ပွဲအထိမ်းအမှတ် ဈေးဝယ်လာကြသူများကို စတုဒိသာမုန့်များဖြင့် ကျွေးမွေးလျှုဒါန်းခဲ့ကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# အခြေခံပညာ မူလတန်းကျောင်းအား အဆင့်တိုးမြှင့်ဖွင့်လှစ်

**ပျဉ်းမနား ဇူလိုင် ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အရှေ့တောင်ပေါ်ဒေသမဲပေါက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအား မူလတန်းလွန်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။

ကျောင်းအဆင့် တိုးမြှင့်ခြင်းကို ဒက္ခိဏခရိုင်ပညာရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် ရပ်မိရပ်ဖဦးဝင်းကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့်ဗိုလ်မှူးကြီး မြင့်အောင်သန်းတို့က အမှာစကားပြောကြားသည်။

နေပြည်တော်ကောင်စီအနေဖြင့် ယခုပညာသင်နှစ်တွင် အခြေခံပညာကျောင်းခုနစ်ကျောင်းအား အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်

**ကြံခင်း ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၁၀၈ သိန်းဖြင့် တင်ဒါအောင်မြင်ခဲ့သော M.S.P မြန်မာဆိုလာပါဝါကုမ္ပဏီမှ ကြံခင်းမြို့နယ် ကွင်းကြီးကျေးရွာအုပ်စု သံအိုးကင်းကျေးရွာတွင် ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေး လုပ်ငန်းကို ဇူလိုင် ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဦးစီးမှူးများ၏ ကြီးကြပ်မှုဖြင့် ဖော်ဆောင်လျက်ရှိသည်။

ဆိုလာမီးစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ရာတွင် မီးအားဝပ် ၈၀ ခန့် အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ဝဇိရ)**

# မော်လူးနှင့် နန့်စီးအောင်ကြားရှိ မန္တလေး-မြစ်ကြီးနားမီးရထားလမ်းပိုင်း ဟဲနုသံပေါင်တံတားရေတိုက်စားကာ ခြောက်ပေခန့်ရွေ့လျားခြင်းကို ပြုပြင်



**ကသာ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၌ မော်လူးနှင့် နန့်စီးအောင်ကြားတွင်ရှိသော မန္တလေးနှင့် မြစ်ကြီးနား မီးရထားလမ်းပိုင်း ရှိ ဟဲနုမီးရထားလမ်း သံပေါင်တံတားသည် ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရေကြီးရေလျှံမှု ဖြစ်ခဲ့သည့်အတွက် ခြောက်ပေခန့် ရွေ့လျားပျက်စီးနေသည့် မီးရထားသံပေါင် တံတားကြီးကို မီးရထား အင်ဂျင်နီယာအဖွဲ့က ဇူလိုင် ၂၅ ရက် နံနက် ၆ နာရီခွဲမှ ညနေအထိ ပြုပြင် ဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနေ့ မီးရထားလမ်းတွေကို ပြန်လည်ပြုပြင်နေကြပါတယ်။ မိုးက လည်းမရပ်ဘဲ ရွာနေတယ်။ အခုဆိုရင် မော်လူးနဲ့ နန့်စီးအောင်ကြားမှာ ရှိတဲ့ ဟဲနုချောင်းရေကြီးလို့ မီးရထားလမ်းသံပေါင်တံတားကြီး ပျက်စီး သွားပါတယ်။ အခုဆိုရင် မီးရထားအင်ဂျင်နီယာအဖွဲ့က အမြန်ဆောင်ရွက် နေပါတယ်" ဟု မီးရထားဝန်ထမ်းတစ်ဦးက ပြောသည်။

ယင်းချွတ်ယွင်းပျက်စီးလျက်ရှိနေသော မီးရထားလမ်းသည် မိုင်တိုင် အမှတ် (၆၀၆/၂၄) မှ (၆၀၇/၁ ) ရှိ တံတားအမှတ် ၅၀၄ သည် အလျား ပေ ၁၄၀ ရှိပြီး ဟဲနုချောင်းရေကြီးတဲ့အတွက်ကြောင့် မူလနေရာမှ မီးရထားသံလမ်းမှာ ခြောက်ပေရွေ့လျားသွား၍ ပျက်စီးနေသောကြောင့် မီးရထားဆိုင်ရာ တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

နယ်မြေခံတပ်မတော်သား စစ်သည်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် မော်လူးမှ တာဝန်ရှိသူများသည် တံတားတွင်ညှိတွယ်နေ သော သစ်ပင်များ၊ အမှိုက်များကို ရှင်းလင်းပူးပေါင်းလုပ်ဆောင်နေကြ ကြောင်း သိရသည်။

**သန်းမောင်လေး**

နာကျင်အက်ရာတွေကင်း၊ အကြောဆေးမှာ လင်းရှင်း ...
ISO 9001 : 2008
**လင်းရှင်း** အကြောပြေအက်ကျေလိမ်းဆေး
TMR - 012616 (0317)

ဝမ်းမှန်ခြင်းရဲ့ လျှို့ဝှက်ချက် ရုပ်နုပျို ဆေးတစ်လက် ...
ISO 9001 : 2008
**ရုပ်နုပျို** ဝမ်းမှန်ဆေး
TMR - 012716 (0118)

Amd
**ကုမ္ပဏီလိပ်စာပြောင်းလဲခြင်း**

ကျွန်တော်များ Amd Company
[Advenced Medical & Diagnostics Trading L.td]
၏ရုံးချုပ်တည်နေရာသည် ယခင်အမှတ်(၃၉-ဘီ)၊ သဇင်လမ်း၊ဗဟိုလမ်း မကြီး၊အလုံမြို့နယ်၊ရန်ကုန်မြို့မှ အမှတ်(၂၀)၊ရွာလယ်လမ်း၊၈/မြောက်ရပ် ရပ်ကွက်၊သဃ်္ဃန်းကျွန်းမြို့နယ်သို့ (၂၇.၇.၂၀၁၅) မှစတင်၍ ပြောင်းရွှေ့ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မိတ်ဟောင်း၊မိတ်သစ်များသို့ အသိပေး အကြောင်းကြားအပ်ပါသည်။

Ph : 01-571656,01-565797,01-8551095
: 09-73176248,09-73112672

**တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက်**
**UK ပညာရေးလမ်းကြောင်းများနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများ**

**ပညာရေး ဆွေးနွေးပွဲ**

- တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက် UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ ကို 3+0 (သို့) 2+1 ပုံစံဖြင့် ရယူနိုင်မည့် အခွင့်အလမ်းများအကြောင်း၊
- နိုင်ငံတကာအဆင့် IT အင်ဂျင်နီယာ တစ်ယောက်ဖြစ်စေရန် လေ့လာရမည့် ဘာသာရပ်များအကြောင်း နှင့် တတ်မြောက်မှုကို သေချာစေမည့် စစ်ဆေးအကဲဖြတ်မှုများ၊
- မိမိအရည်အချင်း ရှိသလောက် အမြင့်မားဆုံး အောင်မြင်မှုကိုရယူလိုသော လူငယ်များအတွက် စောင့်ကြိုနေသော IT အလုပ်အကိုင်အခွင့်အလမ်းများ၊

*(၁၀)တန်း အောင်မြင်ပြီးသူများ အနေဖြင့် စိတ်ဝင်စားရာ ဘာသာရပ်နှင့် ကျောင်းရွေးချယ်မှု မှန်ကန်ရန်မှာ အလွန်ပင် အရေးကြီးသောကြောင့် ကျောင်းသားများနှင့် မိဘများကိုယ်တိုင် တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။*

ဟောပြောမည့်သူ ..... ဦးဝင်းထိန်ဝင်း (GUSTO International College)
နေ့ရက် ..... ၆.၈.၂၀၁၅ (ကြာသပတေးနေ့)
အချိန် ..... နံနက် ၁၀နာရီ မှ ၁၂နာရီ ထိ
နေရာ ..... Sule Shangri - La Hotel (တောင်ငူခန်းမ)

လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းပေး (အခမဲ့) တက်ရောက်ပါရန်
Call Now : 09 8628806, 09 73031302,01 504632

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ပျောက်ဆုံးခြင်း**

ယာဉ်အမှတ် 1G/ 4407,Toyota Town Ace P/U(4x4) R ဦးအောင်ကျော်မြင့် ၁၂/ကမန(နိုင်)၀၅၇၁၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
# စတုတ္ထမြောက်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အား ရယူသုံးစွဲနိုင်မည့် အထူးလုပ်ငန်းကုမ္ပဏီဖွဲ့စည်းရေးအဆိုပြုလွှာများတင်သွင်းရန် ဖိတ်ကြားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍဟန်ချက်ညီစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် မူဝါဒနှင့် ဖွဲ့စည်းမှုမူဘောင်များကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဈေးကွက်ပြိုင်ဆိုင်မှုကိုဖော်ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ဤမူဝါဒ၏အဓိက ရည်မှန်းချက်များမှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးတိုးတက်မြင့်မားစေရန်၊ မြို့ပြနှင့်ကျေးလက်ဒေသနှစ်ရပ်လုံးတွင်ချိုသာသော ဈေးနှုန်းများဖြင့် ပြည်သူလူထုသို့ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်နှင့် သုံးစွဲသူပြည်သူများနှင့် လုပ်ငန်းရှင်များက စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ရှိသည့် ကောင်းမွန်သောဆက်သွယ်ရေးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုဖြည့်ဆည်းပေးရန်တို့ဖြစ်ပါသည်။

၂။ ဤရည်မှန်းချက်များပြည့်မီရန်အလို့ငှာ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးအနှံ့လွှမ်းခြုံမည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်သုံးခုအား အောင်မြင်စွာချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုဖိတ်ကြားလွှာသည် စတုတ္ထမြောက်ဆက်သွယ်ရေးဝန်ဆောင်မှုလိုင်စင်အား ရယူသုံးစွဲနိုင်မည့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခု (Special Purpose Vehicle) ဖွဲ့စည်းရာတွင် ပါဝင်ရန် စိတ်ဝင်စားသော အမျိုးသားအများပိုင်ကုမ္ပဏီများမှ အဆိုပြုလျှောက်လွှာများကို ခေါ်ယူခြင်းဖြစ်ပါသည်။ ဤလိုင်စင်ခွင့်ပြုပေးရန် ပထမအဆင့်အနေဖြင့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခုအောင်မြင်စွာ ဖွဲ့စည်းရန်လိုအပ်ပြီး ယင်းကုမ္ပဏီတွင် ပါဝင်ကြမည့်အစုရှယ်ယာများနှင့် လုပ်ငန်းအဆိုပြုချက်လျှောက်လွှာများကို စည်းကမ်းချက်များနှင့်အညီ စီမံခန့်ခွဲရေးကော်မတီအများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်သို့ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ရက် နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ လျှောက်လွှာပုံစံများအား ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် http://www.mcit.gov.mm/ တွင် Download ပြုလုပ်၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ အဆိုပါအထူးလုပ်ငန်းကုမ္ပဏီအောင်မြင်စွာ ဖွဲ့စည်းပြီးသည့်အချိန်တွင် စတုတ္ထလိုင်စင်ချမှတ်ရန် သဘောတူစာချွန်လွှာရေးထိုးနိုင်မည်ဖြစ်ပြီး မိတ်ဖက်နိုင်ငံခြားကုမ္ပဏီနှင့် အောင်မြင်စွာဖက်စပ်ကော်ပိုရေးရှင်းတစ်ခုဖွဲ့စည်းပြီးသည့်အခါ လိုင်စင်အားသတ်မှတ်ထားသောအခွန်အခပေးချေစေလျက် လုံးဝလွှဲပြောင်းပေးမည်ဖြစ်ပါသည်။ ဤလိုင်စင်သည် ကနဦး ၁၅နှစ် သက်တမ်းရှိမည်ဖြစ်ပြီး၊ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက မူလလိုင်စင်သက်တမ်းအတိုင်း ထပ်မံသက်တမ်းတိုးနိုင်မည်ဖြစ်သည်။

**အထူးလုပ်ငန်းကုမ္ပဏီတွင်ပါဝင်ရန် အဆိုပြု လျှောက်ထားသူများ လိုက်နာရမည့်စည်းမျဉ်းများ**

(က) အဆိုပြုလျှောက်ထားသူသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော သက်တမ်းအနည်းဆုံး (၃)လ ရှိပြီးသား အများပိုင်ကုမ္ပဏီဖြစ်ရပါမည်။

(ခ) ကုမ္ပဏီ၏အရင်းအနှီးမတည်ငွေမှာ အနည်းဆုံး မြန်မာကျပ်ငွေ (၃)ဘီလီယံ ထည့်ဝင်ပြီးဖြစ်၍ ကုမ္ပဏီ၏ငွေရေး၊ ကြေးရေးစွမ်းဆောင်ရည်ကို ဖော်ပြနိုင်မည့် နှစ်ချုပ်စာရင်းစစ်အစီရင်ခံစာ (သို့မဟုတ်) အခြားဘဏ်စာရင်းအထောက်အထားများကို ပြသနိုင်ရပါမည်။

(ဂ) ကုမ္ပဏီသည် ဆက်သွယ်ရေးကဏ္ဍ၏ဥပဒေများ၊ နည်းဥပဒေများနှင့် မူဘောင်များကိုလိုက်နာကျင့်သုံးရန်နှင့် အများပိုင်ကုမ္ပဏီ၏ သဘောသဘာဝကို တိုးတက်ကောင်းမွန်စေရန် စီမံခန့်ခွဲရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်နိုင်ရမည်။

(ဃ) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းအဆင့်ဆင့်အပေါ် တင်ဒါစိစစ်ရေးနှင့် ရွေးချယ်ရေးကော်မတီ၏ ဆုံးဖြတ်ဆောင်ရွက်မှုများအတိုင်းလိုက်နာ၍ ဖက်စပ်နိုင်ငံခြားကုမ္ပဏီမှတင်ပြလာသောနည်းပညာဝန်ဆောင်မှုနှင့် ဈေးကွက်ဆိုင်ရာ မဟာဗျူဟာများအပေါ် ပံ့ပိုးဆောင်ရွက်နိုင်ရမည်။

(င) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့်နိုင်ငံခြား၊ ကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းများနှင့်ဖက်စပ်ကော်ပိုရေးရှင်းတစ်ခု ဖြစ်မြောက်သည်အထိ ပံ့ပိုးကူညီရန် ငှားရမ်းဆောင်ရွက်မည့် ကျွမ်းကျင်အကြံပေးအဖွဲ့အတွက် ပေးရမည့်ကျသင့်ငွေကို အချိုးကျထည့်ဝင်နိုင်ရမည်။

(စ) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ ရွေးချယ်ပြီးသည့်အခါ အစုရှယ်ယာများအလိုက် အချိုးကျပေးဆောင်ရန်ရှိသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အခွန်အခကို နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့်အတိုင်း လက်ငင်းငွေချေပေးဆောင်နိုင်ရမည်။

(ဆ) ကုမ္ပဏီသည် နိုင်ငံတော်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော အခြားလိုင်စင်ရရှိသူများ၏ အစုရှယ်ယာများတွင် (၁၀)ရာခိုင်နှုန်းအထိသာ ပါဝင်ခွင့်ရှိမည်ဖြစ်ပြီး၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများနှင့် လမ်းညွှန်ချက်များကိုလိုက်နာမည်ဖြစ်ကြောင်း သဘောတူခံဝန်ချက်ရေးထိုးရပါမည်။ အဆိုပါအချက်အလက်များနှင့် တစ်စုံတစ်ရာမကိုက်ညီပါက လျှောက်လွှာအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ဇ) အဆိုပြုလျှောက်ထားမည့်ကုမ္ပဏီနှင့် ကုမ္ပဏီအဖွဲ့ဝင်များသည် တရားရုံးတစ်ခုခုတွင် အငြင်းပွားမှုဖြစ်ပွားနေခြင်း၊ အမည်ပျက်စာရင်းတွင် ပါဝင်နေခြင်းများ ကင်းရှင်းရပါမည်။

**အထူးလုပ်ငန်းကုမ္ပဏီတွင်ပါဝင်ရန် အဆိုပြုလျှောက်လွှာတွင် ပါဝင်ရမည့်အချက်များ**

(က) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးအတွက် အထောက်အကူပြုမည့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ ရည်မှန်းချက်များကို အကောင်းဆုံးဖြည့်ဆည်းနိုင်မည့်နည်းလမ်းစဉ်များ၊ အတွေ့အကြုံများနှင့်လုပ်ငန်းအဆိုပြုချက်များကို လျှောက်လွှာတွင် ပြည့်စုံစွာ ထည့်သွင်းဖော်ပြ၍ အထောက်အထားများနှင့်အတူ လျှောက်ထားရပါမည်။

(ခ) ကုမ္ပဏီသည် အထူးလုပ်ငန်းကုမ္ပဏီတွင်ထည့်ဝင်မည့် မတည်ငွေပမာဏကို ဖော်ပြရန်လိုအပ်ပြီး ပေါ်ထွက်လာမည့်ဖက်စပ်ကော်ပိုရေးရှင်းမှ ပေးဆောင်ရမည့်လိုင်စင်အခွန်အခတွင် သတ်မှတ်ထားသောကာလအတွင်း အချိုးကျထည့်ဝင်နိုင်ကြောင်း ဝန်ခံကတိကို အပေါင်ခံငွေတိုက်စာချုပ်နှင့် အတူ ယှဉ်တွဲပေးဆောင်ရမည်။

(ဂ) အထက်ပါအချက်အလက်များမှားယွင်းဖော်ပြမှုနှင့် ကတိကဝတ်များ ပျက်ကွက်မှုရှိခဲ့ပါက နိုင်ငံတော်အစိုးရမှနစ်နာမည့်ကိစ္စရပ်များအတွက် အပေါင်ခံငွေတိုက်စာချုပ်ပမာဏကိုလည်း မတည်ငွေ၏သတ်မှတ်ထားသော ရာခိုင်နှုန်းအတိုင်းပေးလျော်နိုင်ရမည်။

**စီမံခန့်ခွဲရေးကော်မတီ**
**အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်၊**
**ဖုန်း-၀၀၉၅၆၇၄၀၇၃၅၀၊ ၀၀၉၅၉၄၅၀၀၀၀၀၂၃၊ e-Mail:so-info1@e-mcit.gov.mm**

## လေလံတင်ဒါခေါ်ယူခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာနရှိ တာယာအဟောင်းဆိုဒ်စုံ(၄၆၇၃)လုံးနှင့် ဘက်ထရီအဟောင်းဆိုဒ်စုံ(၃၉၈)လုံးတို့ကို တင်ဒါစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်။

၂။ လေလံတင်ဒါ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် တင်ဒါစည်းကမ်း ချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာ ပုံစံများကို စက်မှုလယ်ယာဦးစီးဌာန၊ သိုလှောင်ရုံ အဆင့်(က)၊ ကျိုက္ကလို့- မင်္ဂလာဒုံမြို့နယ်တွင် ကြော်ငြာပါ သည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ လေလံတင်ဒါ ပိတ်မည့်ရက်မှာ၂၈-၈-၂၀၁၅ရက် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက် များကို ဖုန်း-၀၁-၆၃၆၀၅၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ဘက်ထရီအဟောင်းနှင့် တာယာအဟောင်းများ**
**လေလံတင်ရောင်းချရေးကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန၊ ကျိုက္ကလို့-ရန်ကုန်မြို့**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မည့် တံတားများအတွက် လိုအပ်သော Plate Girder (၁၃)ခန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်

၃။ **တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်** - ၇-၈-၂၀၁၅ ရက်

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်** - ၂၁-၈-၂၀၁၅ ရက် ၁၆း၃၀ နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တံတားတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရွေးချယ်ရေးအဖွဲ့**
**နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၅၁၄**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၂၃၀ ကေဗွီ နမ့်စန်-မိုင်းပြင်း - ကျိုင်းတုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများကို Turnkey Tender စနစ် နိုင်ငံခြားငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၆-၈-၂၀၁၅ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

**ပို့ဆောင်ရေးဝန်ကြီးဌာန**
**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**ဒေသ(၉)၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၉၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ ထားဝယ်မြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမျိုးအစား |
|---|---|---|
| ၁။ | ပလောက်မြို့၊ ပလောက်ချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | ကွန်ကရစ်ပိုင်အခြေပြုကျောက်စီ နံရံတည်ဆောက်ခြင်း |
| ၂။ | ခမောက်ကြီးမြို့၊ အေးချမ်းသာရွာအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | ကွန်ကရစ်ပိုင်အခြေပြုကျောက်စီ နံရံတည်ဆောက်ခြင်း |

**တင်ဒါပုံစံရောင်းချခြင်းနှင့် တင်သွင်းခြင်း** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ၉၊တနင်္သာရီတိုင်းဒေသကြီးရုံး၊ လမ်းသစ်လမ်း၊ ဆန်းချီရပ်၊ ထားဝယ်မြို့။
**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၃၀-၇-၂၀၁၅ ရက် (ကြာသပတေးနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၅-၈-၂၀၁၅ ရက် (အင်္ဂါနေ့)
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၆-၈-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါဖွင့်လှစ်မည့်နေရာ** - ဒေသ(၉)၊တနင်္သာရီတိုင်းဒေသကြီးရုံး၊ လမ်းသစ်လမ်း၊ ဆန်းချီရပ်၊ ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၉၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၅၉-၂၂၁၆၃၊ ၀၅၉-၂၃၅၇၉၊ ၀၉-၄၉၈၇၃၀၃၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ် တန်ဖိုးနည်းအိမ်ရာနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် မြန်မာငွေကျပ်ဖြင့် အောက်ပါအစီအစဉ် အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၆-၇-၂၀၁၅ရက်
(ခ) **တင်ဒါပိတ်မည့်အချိန်** - ၉-၈-၂၀၁၅ရက်၊ မွန်းတည့် ၁၂း၀၀နာရီ
(ဂ) **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၁၀-၈-၂၀၁၅ရက်

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လောက်ကိုင်မြို့တွင် လာရောက်ထုတ်ယူနိုင်ပြီး တင်ဒါအာမခံကြေးပေးသွင်းပြီးမှသာ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လောက်ကိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း-၀၈၂-၇၂၀၁၃၊ ၀၈၂-၇၂၀၁၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## စီးပွားရေးလုပ်နိုင်သော ခြံမြေရောင်းမည်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်း (၈)ဧက ကျယ်၊ မျက်နှာဖွင့် ၂၆၀ ပေ၊ ပုံစံ(၇)ရပြီး၊ ရန်ကုန်-မော်လမြိုင်ကားလမ်းဘေး၊ မိုင်တိုင်အမှတ်(၁၀၂)၊ စက်သုံးဆီဆိုင်ဖွင့်ရန် နေရာကောင်း၊ မျိုးသန့်ဖူးဆက်ရာဘာပင်(၅)နှစ်သား(၁၀၀၀)ပါ၊ အနီးတွင်နာမည်ကြီး Resort Camp (၂)ခုရှိပြီး၊ ခြံမြေကိုရောင်းမည်။ Ph: 09-49818144, 09-49818155, 057-60289

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8169၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ကလေးမြို့နယ်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၆**

ဦးသန်းထွန်း **နှင့်** ဦးသိန်းအောင်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ရွှေသီတာလမ်း၊ အိမ်အမှတ် ၁၂၇၊ ၁၅/၃၀နေ တရားရှုံး ဦးသိန်းအောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် ၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၂၄ ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စူးစမ်း)**
**မြို့နယ်တရားသူကြီး**
**ကလေးမြို့နယ်တရားရုံး**

---

**ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)**
**တောင်ကြီးမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၅ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၂၃**

ဦးမင်းမောင် **နှင့်** ၁။ ဦးသိန်းမြင့်
အမှတ် ၂၉၁၊ သဇင်လမ်း၊ ၂။ ဒေါ်သန်းသန်း
ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့။ အကွက်အမှတ် ၂၆၊ ဦးပိုင်အမှတ် ၄၆၊ ရပ်ကွက်(၂)၊ အေးသာယာ မြို့သစ်၊ တောင်ကြီးမြို့။
**တရားနိုင်** **တရားရှုံးများ**

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ရပ်ကွက်(၂)၊ ဦးပိုင်အမှတ် ၄၆၊ အကွက်အမှတ် ၂၆နေ ဦးသိန်းမြင့်နှင့် ဒေါ်သန်းသန်း(ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ်၌ တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၅၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန်ဤရုံးတော်တွင် ဦးမင်းမောင်(တရားနိုင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ် သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၂၁ ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြေပြေအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ပါသည်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွက်ပြင်ရပ်၊ အမှတ် (၈ဃ-၂၅) ခြံနှင့်အကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်သော ဦးလှမြင့် ၉/မမန(နိုင်)၀၀၉၀၁၈၊ နေရပ်လိပ်စာအမှတ် (၃၀၂/A-5)၊ ဝေပုလ္လအိမ်ရာ၊(ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝင်းဝင်းလှိုင် ၈/ပခက(နိုင်)၀၄၃၃၃၅၈က ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် စရန်ငွေအဖြစ် ငွေကြေးတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးတင်အောင်ဟိန်း** | **ဒေါ်အေးမြတ်နန္ဒီ** | **ဒေါ်သူဇာတင်** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၃၉၅၄၃)** | **(စဉ်-၃၉၀၉၈)** | **(စဉ်-၄၄၇၁၃)** |

**အမှတ် ၈၈၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၃၁၇၈၃၈၄၅၊ ၀၉-၂၆၂၁၃၁၁၂**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၆၆၆၅၊ Toyota Hilux Surf KZN-185 S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်သူ ၁/ဗမန(နိုင်)၀၄၇၀၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

**အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို**
**အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**
**၂၀၁၄ခုနှစ် တရားမပထမအယူခံမှုအမှတ်-၃၀၂**

ဒေါ်မီမီအောင် **နှင့်** ဦးဝင်းတင်
(ကွယ်လွန်သူ ဦးဟောင်းဒေါ်၏ တရားဝင်ကိုယ်စားလှယ်) အမှတ် (၂၀၆)၊ အောင်မြေသာစည်လမ်း၊ ကမာရွတ်မြို့နယ်။
**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၁၄ခုနှစ် ဩဂုတ် ၂၂ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ်-၆၄၀/၂၀၁၃ ၏ စီရင်ချက်နှင့် ဒီကရီအယူတော်ခံမှု။ အထက်အမည်ပါအမှုမှာ အယူခံတရားပြိုင် ဦးဝင်းတင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်ဒီကရီကို ဦးဟောင်းဒေါ်က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၅ခုနှစ် ဩဂုတ် ၂၁ရက်(၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၆ရက်)တွင်ဆိုင်ရန် ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်း-၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံမှုရုံးတော်၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ**

**(နီနီ)**
**လက်ထောက်ညွှန်ကြားရေးမှူး**

---

**ဒီကရီကို အတည်ပြု ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သဃ်္ဃန်းကျွန်းမြို့နယ် တရားမရုံးတော်၌**
**၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၅၂ နှင့် ဆက်နွယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၉**

ဦးစိုးလွင် **နှင့်** ဦးမင်းဇော်လတ်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အမှတ်(၃၆)၊ ခုနှစ်လွှာ၊၁၆၇ လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ် (ယခု နေရပ်လိပ်စာမသိသူ) ဦးမင်းဇော်လတ် သိစေရမည်။

တာမွေမြို့နယ်တရားရုံး၊ ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၅၂တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစိုးလွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်၏ အခွင့်ရအမိန့်ရ ရှေ့နေဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ရက် (၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ အချိန်တွင် ဤရုံးတော်သို့ လာရောက်စေ။

၂၀၁၅ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ် (B)(၆/၄) (HK) နှစ်လွှာ၏ အကျယ်အဝန်း (၁၅×၅၀)ပေရှိ တိုက်ခန်းအပါအဝင် ဝင်ထွက်သွားလာခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးနှင့်ပတ်သက်ပြီး အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ထိပ်တင်စိန် ၁၂/ကမရ(နိုင်)၀၂၃၉၈၀ဆိုသူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူတို့က တိုက်ရိုက်ဝယ်ယူရန် စရန်ငွေများ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်သည့်စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ဤအကြောင်းကြားစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဟန် (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၀၂၂၈)**
**ဒေါ်ဇင်မာအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၃၂၉၂)**
**ဒေါ်နော်ပါးစံမင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၅၅၀၈)**
**ရုံး-ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးကြီးအပေါ်ထပ်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၀၃၄၅၄**

## ဝမ်းနည်းကြေကွဲခြင်း
**သီရိပျံချီ ဦးအောင်သောင်း** အသက်(၇၉)နှစ်
**ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**

ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီဦးအောင်သောင်း အသက်(၇၉)နှစ်သည်၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့်ဇနီး ဒေါ်အေးအေး**

## ဝမ်းနည်းကြေကွဲခြင်း
**သီရိပျံချီ ဦးအောင်သောင်း** အသက်(၇၉)နှစ်
**ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**

ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီဦးအောင်သောင်း အသက်(၇၉)နှစ်သည် ၂၃-၇-၂၀၁၅ ရက်(ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**သီရိပျံချီ ဦးအောင်သောင်း** အသက်(၇၉)နှစ်
**ဝန်ကြီး(ငြိမ်း)၊ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ**
**ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**

ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးအောင်သောင်း အသက်(၇၉)နှစ်သည် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး**
**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**သီရိပျံချီ ဦးအောင်သောင်း** အသက်(၇၉)နှစ်
**ဝန်ကြီး(ငြိမ်း)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**

ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော် မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သီရိပျံချီ ဦးအောင်သောင်းသည် ၂၃-၇-၂၀၁၅ရက် (ကြာသ ပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုနှင့်ဇနီးဒေါ်ဧကရီခိုင်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**သီရိပျံချီ ဦးအောင်သောင်း**
**ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**
**အသက်(၇၉)နှစ်**

ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော် မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သီရိပျံချီ ဦးအောင်သောင်း အသက်(၇၉)နှစ်သည် ၂၃-၇- ၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီရိပျံချီ ဦးလွန်းသီ-ဒေါ်ခင်မာအေး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**သီရိပျံချီ ဦးအောင်သောင်း** အသက်(၇၉)နှစ်
**တောင်သာမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အမှတ် ၁/၂၊ လှိုင် ရတနာမွန်အိမ်ရာနေ(ဒေါ်ခင်ခင်ရီ)၏ခင်ပွန်း၊ ဗိုလ်မှူးချုပ်မိုးအောင်-ဒေါက်တာ အေးခိုင်ညွန့်၊ ဦးနေအောင်-ဒေါ်ခင်မိုးညွန့်၊ ဦးပြည်အောင်-ဒေါ်နန္ဒာအေး၊ ဗိုလ်ကြီးလှိုင်မြင့်မင်း-ဒေါ်ခင်ဇရည်ဖြိုးတို့၏ဖခင်သည် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းကြား သိရပါ သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီရိပျံချီ ဦးဇော်မင်းနှင့်ဇနီးဒေါ်ခင်မိမိ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးရဲမင်းသန့်** (ညွှန်ကြားရေးမှူး)
**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**
**အသက်(၄၀)**

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မကွေးတိုင်းဒေသ ကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲမင်းသန့်သည် ၂၆-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ခြေတုလက်တုများအလှူရှင်
**ဦးသိန်းထွန်း** (ဒါရိုက်တာ၊ ၇၇၇ ခြေတုလက်တုလုပ်ငန်း)
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ရွှေရင်ကျော်ဆရာကြီး ဦးကျော်ထွန်း- ဒေါ်ညွန့်ညွန့်တို့၏သား၊ ဦးအေးထွန်း-ဒေါ်စန်းစန်းဦးတို့၏သားသမက်၊ရန်ကုန် မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဦးသန်းထွန်းဦး (အုပ်ချုပ်မှုဒါရိုက်တာ၊ ၇၇၇ ခြေတု လက်တုလုပ်ငန်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မင်္ဂလာဒုံ)-မထိုက်ထိုက်ဦးတို့၏ညီ/မောင်၊ မင်္ဂလာဒုံဈေး၊ ရေတမာလမ်း၊ အမှတ် ၄၇နေ မစုစုခိုင်၊ မောင်ကျော်ဇင်သိန်းတို့၏ဖခင်၊ မဖြူဖြူခိုင်၏ချစ်လှ စွာသောခင်ပွန်းသည် ၂၆-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၇နာရီတွင် ဝိတိုရိယ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၁၅ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ကြေးမုံသတင်းစာတိုက် (နေပြည်တော်) ကွန်ပျူတာဌာနမှ ဦးဇာနီဝင်း သည် ၂၅-၇-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
**ဒေါ်သီသီ** အသက်(၉၃)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်လှ-ဒေါ်ဖွားညွန့်)တို့၏တစ်ဦးတည်းသော သမီး၊ (ဦးညွန့်ဝေ)၊ ဦးဇော်မင်း-ဒေါ်ချိုချို၊ ဦးညွန့်လွင်-ဒေါ်အေးမြင့်နွယ်တို့၏ ချစ်လှစွာသောမိခင်၊ (ဦးဝေလျှံလင်း)၊ ဦးတင်ထွဋ်စိုး(ခေတ္တ-စင်ကာပူ)- ဒေါ် ရည်မွန်ဟန်(Food 2 U)၊ ဒေါ်အိမွန်ဟန်(ခေတ္တ-စင်ကာပူ)၊ ဒေါက်တာဖုန်းဇော် ဖြိုး၊ မဖြိုးသဒ္ဒါထက်(P-IV, NIEC)တို့၏ဘွားဘွားကြီးသည် ၂၄-၇-၂၀၁၅ ရက်(သောကြာနေ့)ည ၁၁း၄၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၅-၇- ၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီး ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၁၅/၂၅၊ ဦးညိုခြံ၊ သီရိ ဟေမာလမ်း၊ ဇ၀နရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ရှုဘီ(ချင်ရှုဘီ) အသက်(၉၂)နှစ်
**စမ်းချောင်း(ငွေဈေး)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ အမှတ် ၁၊ မဟာသုခလမ်းနေ(ဦးလင်းမာ-ဒေါ်စောခေ)တို့၏သမီး၊ (ဦးကူရာ-ဒေါ်စွမ်ပွေ့) တို့၏ချွေးမ၊ (ဦးကျင်စွန်)၏ဇနီး၊ (ဒေါ်သေးရီ)၏ညီမ၊ ဦးအဝါ-ဒေါ်ကျင်လွမ်၊ (ဦးဂုမ်းခင်-ဒေါ်ကျင်ထွေး)၊ ဦးလှမြင့်-ဒေါ်ကျင်စိန်တို့၏အစ်မ၊ (ဦးဝေလွင်)- ဒေါ်အင်လေဝ့က်၊ ဦးဝင်းမြင့်၊ ဦးတင်မောင်၊ ဒေါ်အေးအေးမြင့်၊ ဦးဇော်ထွန်း၊ ဦးမောင်ထွေး-ဒေါ်နန်းကြည်ညွန့်၊ ဒေါ်လှလှမြင့်၊ဒေါ်ခင်သီမာ၊ ဦးအောင်ကျော်- ဒေါ်မြင့်မြင့်မော်၊ ဒေါ်ရီရီမြင့်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၂၇-၇-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။(နေအိမ်မှကားများ နံနက်၁၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ချို အသက်(၈၀)
**(ဒေါ်သာထက်အထက်တန်းကျောင်း၊ ကျောင်းသူဟောင်း)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ပဏ္ဍိတလမ်းသွယ်၊ အမှတ် ၈နေ (ဦးဘညွန့်-ဒေါ်စီစီ)တို့၏သမီး၊ ဦးသိန်းဖဲ-ဒေါ်မေသန်းတင်၊ ဦးသိန်းဟန်- ဒေါ်ရီရီစိန်၊(ဦးခင်မောင်သန်း-ဒေါ်မေမေတင်)၊ဦးတင်မောင်ဆန်း-ဒေါ်သစ်သစ် လှ၊ ဦးသောင်းမြင့်-ဒေါ်တူးတူးတို့၏အစ်မကြီးသည် ၂၆-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၉း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးလှရွှေ (မြောင်းမြ)
**အသက်(၆၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြ မြို့နေ(ဦးအောင်ကြည်-ဒေါ်ကျင်ထွေး) တို့၏သား၊ ရန်ကုန်မြို့၊ ရွှေပြည်သာ မြို့နယ်၊ (၁၂)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် ၉၂၃နေ ဦးလှရွှေ (မြောင်းမြ) သည် ၂၆-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၉း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (ရွှေပြည်သာမြို့နယ် နေအိမ်မှကားများ ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

## ဦးမောင်မောင်တင်ထွဋ်
## (ခ)ပေါက်ဖော်
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့နေ (ဗိုလ်မှူးတင်မြင့်- ဒေါ်စန်းငြိမ်)တို့၏သား၊ အမှတ် ၁၀၊ အခန်း ၂၂၊ မလိခအိမ်ရာနေ [ဒေါ် ထန်ဇာရီ(ခ)မဇာ]၏ခင်ပွန်း၊ မောင် ချမ်းသာထွဋ်၏ဖခင်သည် ၂၆-၇- ၂၀၁၅ရက် ည ၁၀း၁၀နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၅ရက် ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
**စောဝင်းဆွေ** (ဆိုင်ကလုံး)
**အသက်(၆၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်း၊ ငြိမ်းချမ်းရေးရပ်ကွက်၊ အင်လမ်း၊ အမှတ် ၂၃၊ ခြောက်လွှာနေ (စောဘိုးမြ - နော်ခင်စီ)တို့၏ သား၊ (ဦးလှကြီး) - ဒေါ်အဲလီတို့၏ သား သမက်၊ စောသန်းဆွေ၏ညီ၊ (နော်သန်း သန်းဆွေ)၏အစ်ကို၊ နော်နီရာ၊ နော် ဂျူဂျူး(ခ)အေးသိမ့်သူ၏ဖခင်၊ နော် ရှယ်လီ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၆-၇-၂၀၁၅ရက် ညနေ ၅း၃၀နာရီ တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ သဖြင့် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကြည့်မြင်တိုင် စမ်းချောင်း ကရင်နှစ်ခြင်းအသင်း တော်ဘုရားကျောင်း(သိန္ဓီလမ်း၊ သီတာ ရပ်ကွက်)၌ဝတ်ပြုဆုတောင်းပြီးရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**အရာခံဗိုလ်မောင်မောင်(ငြိမ်း)**
**ကိုယ်ပိုင်အမှတ်-၂၁၈၉၄**
**ပြည်မြို့**
**အသက်(၈၅)နှစ်**

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်၊ ဈေးလမ်း၊ အမှတ် ၂၂နေ (ဦးရွှေ-ဒေါ် ရန်)တို့၏သား၊ ဒေါ်မြမြ၏မောင်၊ ဒေါ်လှလှ၊ ဒေါ်ခင်မာလွင်၊ (ဒေါ်ချို)၊ ဒေါ်ညိုညိုတို့၏အစ်ကိုကြီး၊ဒေါ်ညိုညို ၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်လွင် ဦး-မနီနီခင်၊ မမာလွင်ဦး၊ မဇော်လွင် ဦး၊ ကိုသစ်လွင်ဦး - မတင်ဇာအောင်၊ ကိုမျိုးလွင်ဦးတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက် တို့၏အဘိုးသည် ၂၅-၇-၂၀၁၅ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် သာယာဝတီ မြို့၌ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၅ ရက် နံနက် ၁၀နာရီတွင် ပြည်မြို့ အေး ငြိမ်းရာ စွန္နီကဘာရ်စတန်၌ ဒါဖနာ ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်မူ (ဂန့်ဂေါ၊ မိုးကောင်း)
**အသက်(၆၄)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ နယ်၊ ပန်းထိပ်ရွာနေ (ဦးဘသီး-ဒေါ် ခန့်မေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာ ရွတ်မြို့နယ်၊ အနောက်အောင်မြေသာ စည်အိမ်ရာ၊ တိုက် ၇၊ အခန်း ၂၀၃နေ ဦးကျန်ထွန်း-ဒေါ်စန်းမူ၊ ဒေါ်သန်းမူ၊ အင်းစိန်မြို့နယ်နေ (ဦးအောင်လင်း)- ဒေါ်ခင်စန်းဝင်း၊ ကလေးမြို့နေ ဦးစော ကျော်ဦး-ဒေါ်တိုးတိုးမူ (မြန်မာ့စီးပွား ရေးဘဏ်၊ လက်ထောက်မန်နေဂျာ၊ ကလေးမြို့)တို့၏အစ်မ၊ မမီဇင်မာဖြူ၊ ကိုမျိုးဇော်လတ်၊ မဇာခြည်မောင်မြင့်၊ ကိုမန်းခိုင်-မငယ်ငယ်ထွဋ်၊ ကိုမင်းခန့် အောင်-မမြတ်မွန်၊ကိုရာဇာထွန်း-မလဲ့ ဝတ်ရည်တွယ်တာ၊ ကိုစည်သူအောင်- မမျိုးသန္တာအောင်၊ မောင်ဇွဲသူရကျော်၊ မောင်ရှင်းသန့်ကျော်၊ မမေမြန်မာမျိုး တို့၏အဒေါ်၊ မောင်ဖြိုးမောက်မိုရ်၊ မထက်နဒီတို့၏အဘွားသည် ၂၇-၇- ၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁၀း၁၀ နာရီတွင်ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန် သွားပါ၍ ၂၉-၇-၂၀၁၅ရက် (ဗုဒ္ဓဟူး နေ့)ညနေ ၃နာရီတွင်ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်
**(ဂါတ်ဗိုလ်၊ မြန်မာ့မီးရထား)**
**အသက်(၉၂)နှစ်**

ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ရတနာပန်းခြံ၊ အမှတ် ၂၈၇နေ ဒေါ် တင်မြ၏ခင်ပွန်း၊ဒေါ်မြမြအေး၊ဦးဝင်း နိုင်(ရထထအထူး၊ မြန်မာ့မီးရထား)- ဒေါ်တင်တင်ခိုင်၊ ဦးခင်ဇော် (လ/ထ ညွှန်မှူး၊ ဘဏ္ဍာရေး၊ လွှတ်တော်၊ အိမ် တော်ပြင်/ထိန်းအဖွဲ့၊ အိုးအိမ်ဦးစီးဌာန၊ နေပြည်တော်)-ဒေါ်လှလှအေး(ခ)စုမာ (ဆည်မြောင်းဦးစီးဌာန)၊ ဦးချိုချို (ရထထ အထူးမြန်မာ့မီးရထား)-ဒေါ် ခင်လေး၊ ဦးစောလှသိန်း-ဒေါ်သီတာ၊ ဒေါ်သီဂီဆွေတို့၏ဖခင်သည် ၂၆-၇- ၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ် လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၅ရက် ညနေ ၃နာရီတွင် ရွှေပြည်သာ (ည) ရပ်ကွက်၊ ကျူချောင်အအေးတိုက်မှ ကျူချောင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကား များ မွန်းလွဲ၂း၁၅တွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၈- ၂၀၁၅ရက် နံနက် ၇နာရီမှ ၁၀နာရီ အထိ ရက်လည်ဆွမ်းကျွေးတရား တော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးညွန့်သွင် (လေးတူး)
**အုတ်ကျင်းဂုန်လျှော်စက်ရုံ(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ အမှတ် ၂၀၊ အခန်း ၃နေ (ဦးဘိုးသွင်-ဒေါ်စောညွန့်)တို့၏ သား၊(ဒေါ်ကြည်ကြည်သွင်)၊ (ဒေါ်နုနု သွင်)၊ ဦးမောင်မောင်သွင်၊(ဦးမျိုးသွင်) တို့၏ညီ/မောင်၊ တူ၊ တူမ ၁၃ယောက် တို့၏ဦးလေးသည် ၂၆-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် ရန်ကုန် အထွေထွေရောဂါကုဆေးရုံကြီး၌ကွယ် လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါ မည်။) ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ် ဒါယကာကြီး
**ဦးတင်စိုး**
**အရာခံဗိုလ်(ငြိမ်း)**
**အသက်(၈၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီးကျေးရွာ၊ အနောက်ပိုင်းနေ (ဦးသိန်းမောင် - ဒေါ်ချစ်)တို့၏သား၊ (ဦးချစ်သန်း - ဒေါ်ကြွေ)တို့၏ သား သမက်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၁)ရပ်ကွက်၊ အမှတ် ၂၈၊ ဂန္ဓမာ လမ်းနေ ဒေါ်သိန်းမြင့်၏ခင်ပွန်း၊ ဦးထွန်းထွန်းဦး၊ ဦးဝင်းကိုကို၊ဦးအောင် ဇော်မိုး၊ ဦးမျိုးမင်းထွန်း-ဒေါ်သဇင် အေးတို့၏ဖခင်၊ မောင်ကောင်းခန့်ဇော်၊ မောင်အောင်ကျော်ဟိန်းတို့၏ အဘိုး သည် ၂၅-၇-၂၀၁၅ရက် (စနေနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇- ၂၀၁၅ရက် (သောကြာနေ့)တွင် အထက်ပါ ဂန္ဓမာလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးရှိန်မြင့်
**ကပအမ ၁၆၄၈၃၊ ပည/၄၁**
**တပ်မတော်-ရေ(ငြိမ်း) F.G**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ဇဗ္ဗူလ ၁လမ်း၊အမှတ် ၁၀၀၆နေ (ဦးထွန်း-ဒေါ်ခင်မြင့်)တို့၏ သား၊ ကရင်ပြည်နယ်၊ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းဦး-ဒေါ် အေးမဥ္ဇူထွန်း၊ ဒုတိယဗိုလ်မှူးကြီး သက်နိုင်(ရန်ကုန်တိုင်းစစ်ဌာနချုပ်)- ဒေါက်တာစိုးစိုး(အထူးကုဆရာဝန်ကြီး ဓာတ်မှန်)တို့၏အစ်ကိုကြီး၊ ဒေါ်နီနီ လွင်(စာရင်းစစ်၊ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ ကိုကောင်းဇော် (OILER) C.S.L သင်္ဘောကုမ္ပဏီ၊ ဗိုလ်ကြီး ကောင်းမြတ်(ခမရ-၅၈၄)တို့၏ဖခင်၊ မောင်ဇွဲထက်ဦး၊ ပွင့်ငုံသက်၊ဖူးငုံသက်၊ ပြေငြိမ်းခန့်၊ သက်မှူးနဒီတို့၏ဘကြီး သည် ၂၆-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၈-၇-၂၀၁၅ရက်(အင်္ဂါ နေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ် ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဓမ္မရက္ခိတကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်**
**ဘဒ္ဒန္တသုဓမ္မိသရ မဟာထေရ်မြတ်** (ရေကြည်)
**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ မိုလ်တထောင်မြို့နယ်၊(၂)ရပ်ကွက်၊ ဝတ်ကျောင်း လမ်း၊ ဓမ္မရက္ခိတကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ဖြစ်တော် မူသော ဘဒ္ဒန္တသုဓမ္မိသရ မဟာထေရ်မြတ်(ရေကြည်) (သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ B.A Buddhism) မဟာထေရ်မြတ်ကြီးသည် (၁၃၇၇ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၉ရက်) ၂၅-၇-၂၀၁၅ရက် (စနေနေ့) ည ၈း၄၅နာရီတွင် ဘဝ နတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော် မြတ်ကို (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက်) ၂၉-၇-၂၀၁၅ရက်(ဗုဒ္ဓဟူး နေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ဓမ္မရက္ခိတကျောင်းတိုက်ကြီးမှ ရေဝေးသုသာန် သို့ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည် ဖြစ်သောကြောင့် မရဏာနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းနိုင်ရန်အလို့ငှာ ကြွရောက် ကြပါရန် ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ဆရာတော်အားရည်စူး၍ (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ရက်) ၂-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) တွင် ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသောကြောင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ဈာပနဖြစ်မြောက်ရေးကော်မတီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးမြင့်စိုး** အသက်(၈၁)နှစ်
**အထက်တန်းသုတေသနအရာရှိ**
**မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့**
**အထွေထွေမန်နေဂျာ EXCEL PROJECT MLRC**
**ဥက္ကဋ္ဌ(အိမ်မဲမြို့နယ်အသင်း)**

အိမ်မဲမြို့နေ (ဦးရွှေထိုက်-ဒေါ်သိန်း)တို့၏သား၊ ရန်ကုန်မြို့၊ တောင် ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ၄က်တော်လမ်း၊ အမှတ် ၁၈၂နေ (ဒေါ်သန်း သန်းမြိုင်)၏ခင်ပွန်း၊ (ဒေါ်မေစိုးဦး)၊ ဦးအောင်ဆွေဦး(ဒု/ညွှန်ဆရာအတတ် ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နေပြည်တော်)-ဒေါ်မေစိုးထိုက်၊ (ဦးစိုးတေဇ)၊ ဦးခင်မောင်ဝင်း(Offshore Malaysia)-ဒေါ်မေစိုးထွေးတို့၏ချစ်လှစွာသော ဖခင်ကြီး၊မောင်ရှင်းခန့်လင်း(Grade II-B,TTC လှိုင်)၏အဘိုးသည် ၂၆-၇- ၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၇း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၇- ၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးမြင့်စိုး** အသက်(၈၁)နှစ်
**အထက်တန်းသုတေသနအရာရှိ**
**မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့**
**အထွေထွေမန်နေဂျာ EXCEL PROJECT MLRC**
**ဥက္ကဋ္ဌ (အိမ်မဲမြို့နယ်အသင်း)**

အိမ်မဲမြို့နေ(ဦးရွှေထိုက်-ဒေါ်သိန်း)တို့၏သား၊ ရန်ကုန်မြို့နေ ဦးမြင့် ဝင်း-ဒေါ်လှရီ၊ ဦးစိုးလွင်-ဒေါ်ကြည်ကြည်နု၊ (ဦးခင်မောင်အေး)-ဒေါ်ဝေဝေ မြင့်(အလက-၁၊ ဒဂုံ)တို့၏အစ်ကို၊ ဦးဝင်းကြည်-ဒေါ်မြင့်မြင့်ဟန်၊ ဦးရှုမြင့်- ဒေါ်နန့်ထွန်းမေ၊ (ဦးရှုဆင့်)-ဒေါ်ရှုယဉ်၊ ဒေါ်ကြူကြူခင်၊ ဦးဇော်ညွန့်(စက်ရုံ မှူး၊ အုတ်စက်ရုံမော်ဘီ)-ဒေါ်နန်းယုယုမော်တို့၏ဦးလေးသည် ၂၆-၇-၂၀၁၅ ရက်(တနင်္ဂနွေနေ့)ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၅ ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမ၊ တူ/တူမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း ဒါယိကာမကြီး
**ဒေါ်မြသိန်း** (တောင်တွင်းကြီး)
**ကျောင်းဆရာမ(ငြိမ်း)၊ မြို့မမူလွန်ကျောင်း(တောင်တွင်းကြီးမြို့)**
**အလက(၇)တောင်ဥက္ကလာပ**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ မဟာမြိုင် အိမ်ရာ၊ တိုက် ၁၄၊ A-2 နေ (ဦးလေးညီ-ဒေါ်လှရင်)တို့၏သမီး၊ (ဦးချို- ဒေါ်အေးမြင့်)တို့၏သမီးချွေးမ၊ ဦးရွှေသန်း(အထက်တန်းရှေ့နေ၊ ရန်ကုန်တိုင်း တရားရုံး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးလှသောင်း-(ဒေါ်ခင်လေးနွယ်)၊ ဦးတင်စိန်-ဒေါ်တင်ဝင်းမြင့်တို့၏အစ်မ၊ ဦးဝင်းမြင့်အောင်(ခ)ဦးကျော်ကျော်- ဒေါ်ခင်ခင်နှင်း၊ မောင်ကျော်သက်၊ မနွယ်နွယ်နှင်းတို့၏မိခင်၊ မဆုထိပ်ထားနှင်း (ဆေး-၁၊ ရန်ကုန်)၊ မောင်ဟိန်းထက်နိုင် (ကောင်းစုံ ကိုယ်ပိုင်အထက်တန်း ကျောင်း)တို့၏အဘွားသည် ၂၇-၇-၂၀၁၅ရက် နံနက် ၇း၂၀နာရီတွင် OSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၅ ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှမြတ်စိုး(ခ)
## တိုးတိုးစိုး(ခ)ကိုတိုးကြီး
**နေပြည်တော်ပျဉ်းမနား/တပ်ကုန်း**
**(ETG)Export Trading Group Co.,Ltd. (Yangon Branch)**
**(သစ်တောဖက်စပ်ဝန်ထမ်းဟောင်း)**
**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့ ၁၃လမ်း၊အမှတ် ၁၀၂၈/ခနေ ဦးကြည် စိုး(ရုံပိုင်ကြီး၊ မြန်မာ့မီးရထား)-(ဒေါ် ခင်သန်းနွဲ့)တို့၏သား၊ ဦးကျော်စွာစိုး (IKBZ အာမခံလုပ်ငန်း၊ ရုံးချုပ်)- ဒေါ်နီလာဌေးတို့၏ညီ/မောင်၊ ဒေါ် အိရွှေဇင်စိုး (အထက်တန်းရှေ့နေ)၏ အစ်ကို၊ မောင်ခန့်ဇေယျာ(ခ)ကိုးကိုး၏ ဦးလေးသည် ၂၆-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၆နာရီတွင် တံတားဦးမြို့နယ်၌ ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁-၈-၂၀၁၅ရက် (စနေ နေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်(ပွဲနတ်ဆာ)
**လ/ထ အထွေထွေမန်နေဂျာ**
**(စစ်/ကိုယ်)**
**ကုန်သွယ်ရေး(ငြိမ်း)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊မြောက်ဒဂုံမြို့နယ်၊(၂၈) ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ် ၆၉၅နေ (ဦးဆောင်းတင်-ဒေါ် ကြည်)တို့၏သား၊ (ဦးပွန်းစွန်-ဒေါ် ကြင်ရွှေ)တို့၏သားသမက်၊ ဒေါ်ကြင် မြင့်၏မောင်၊ ဒေါ်ယဉ်တီ၏ခင်ပွန်း၊ ဒေါက်တာရဲထွဋ် - ဒေါ်အေးအေးသန့်၊ ဦးမင်းစိုး-ဒေါ်ဝိုင်းဝိုင်းထွန်း၊ ဦးနိုင် စိုးပိုင် - ဒေါ်သက်သက်အောင်တို့၏ ချစ်လှစွာသောဖခင်၊ မရူဘီဘာရဏီစိုး (Ruby Birany Soe)၏အဘိုး၊ တူ/ တူမ ငါးယောက်တို့၏ ဦးလေးသည် ၂၆-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၈း၅၀နာရီတွင်ဗဟိုရ်စည်ဆေးရုံ၌ကွယ် လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက် ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၈-၂၀၁၅ရက် (စနေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ရထားသံလမ်းနှင့်တံတားများ ရေနစ်မြုပ်မှု အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာ့မီးရထား တိုင်း(၂)နယ်မြေ၊ မဲဇာ-ဘုံချောင်းကြား မိုင်တိုင် (၅၇၃/၁၄-၁၆)မှ (၅၇၄/၇-၁၁)အထိ ရထားသံလမ်းပေါ်သို့ တစ်ပေ နှစ်လက်မခန့်အထိ ရေကျော်လျက်ရှိရာ သံလမ်းတစ်လျှောက် ဝဲ၊ ယာ တစ်မိုင်ခန့်ရှိသဖြင့် ဇူလိုင်၂၆ ရက် နံနက် ၄ နာရီ မိနစ် ၅၀ တွင် အဆိုပါ ရထားလမ်းပိုင်းကို ပိတ်ထားခဲ့သည်။ သို့ရာ တွင် ဇူလိုင် ၂၇ ရက် နံနက် ၆ နာရီတွင် ရေတစ်ပေခန့် ကျဆင်းသွားသောကြောင့် ကျောက်ဖြည့်တင်းခြင်းနှင့် လမ်းပိုင်းပြုပြင်ခြင်းများပြုလုပ်ပြီး အဆိုပါလမ်းပိုင်းကို ညနေ ၅ နာရီတွင် ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ မော်လူး-နန့်စီးအောင်ဘူတာကြားရှိ တံတားအမှတ်(၅၀၄) ရေတိုက်စားမှု ဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထားတိုင်းအမှတ်(၁)မှ အင်ဂျင်နီယာမှူး (မြို့ပြ)ဦးစီးပြီး လုပ်သား ၃၂ ဦးဖြင့် ဇူလိုင် ၂၅ ရက် နံနက် ၇ နာရီခွဲမှစ၍ တိမ်းစောင်းနေသော ဂါဒါပေါင်များတည့်မတ်ခြင်း၊ ရေကျော်နေရာများပြုပြင်ခြင်း၊ မိုင်တိုင်အမှတ် (၆၁၁/ ၁၅-၁၆) ရေကျော်နေရာများသို့ ပင်ဘော၌ရှိသော (၆×၉) လက်မရှိသော ကျောက်ကြီးများ၊ (၁×၂)လက်မရှိ လမ်းခင်းကျောက်များ၊ *စာမျက်နှာ ၆ ကော်လံ ၆* ❐



စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ မိုးသည်းထန်မှုကြောင့် တောင်သူ ၇၈၀၉ ဦး၏ စိုက်ပျိုးပြီး စပါးစိုက်ခင်း ၃၄၆၁၇ ဧက ရေနစ်မြုပ်ခဲ့ရာ ရေကြီးနစ်မြုပ်သောတောင်သူများအား နိုင်ငံတော်အစိုးရက လယ်ထွန်စက်များနှင့် အခမဲ့ထွန်ယက်ပေးနေမှုကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။
(သတင်း၊ စာမျက်နှာ-၁၀) (ဓာတ်ပုံ-မြို့နယ် ပြန်/ဆက်)

# မက္ကဆီကိုအသင်း ကွန်ကာကပ်ဖလားဆွတ်ခူး

**ဖီလာဒဲလ်ဖီးယား ဇူလိုင် ၂၇**

ကွန်ကာကပ်ဖ ရွှေဖလားဗိုလ်လုပွဲကို တနင်္လာနေ့နံနက်ပိုင်းက ဂျမေကာနှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မက္ကဆီကိုအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

မက္ကဆီကိုအတွက် သွင်းဂိုးများကို ၃၁ မိနစ်တွင် ဂွါဒါဒို၊ ၄၇ မိနစ်တွင် ကော်ရိုနာ၊ ၆၁ မိနစ်တွင် ပါရယ်လ်တာတို့က သွင်းယူခဲ့သည်။ ဂျမေကာအတွက် တစ်လုံးတည်းသော ချေပဂိုးကို မိနစ် ၈၀ တွင် မတ်တော့စ်က သွင်းယူခဲ့သည်။ မက္ကဆီကိုအသင်းသည် ယခုပွဲ အနိုင်ရသည့်အတွက် ကွန်ကာကပ်ဖလား (၁၀) ကြိမ်မြောက်ဆွတ်ခူးခြင်းဖြစ်သည်။ ဂျမေကာအသင်းသည် ဗိုလ်လုပွဲသို့ ယခုနှစ်တွင် ပထမဦးဆုံးအကြိမ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ကွန်ကာကပ်ဖလားကို ၁၉၆၃ ခုနှစ်တွင် စတင်ခဲ့ပြီး မက္ကဆီကိုအသင်းသည် ကွန်ကာကပ်ဖ ချန်ပီယံရှစ်အမည်ဖြင့် ဖလားသုံးကြိမ်၊ ကွန်ကာကပ်ဖ်ရွှေဖလားအမည်ဖြင့် ခုနစ်ကြိမ်အထိ ရရှိခဲ့သဖြင့် အအောင်မြင်ဆုံးအသင်း ဖြစ်သည်။ ဒုတိယ *စာမျက်နှာ ၉ ကော်လံ ၆* ✻



# အဝါရောင်အဆင့် မုန်တိုင်းငယ်ဆက်လက်တည်ရှိ မြန်မာနိုင်ငံဘက်ဦးတည်မည့် အခြေအနေမရှိ

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့ မြန်မာစံတော်ချိန်မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၉၀ ခန့်၊ မြန်မာနိုင်ငံ မောင်တောမြို့၏ အနောက်-အနောက်မြောက်ဘက် မိုင် ၁၄၀ ခန့်နှင့် စစ်တွေမြို့၏ အနောက်မြောက်ဘက် မိုင် ၁၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန်မွန်းလွဲ ၁ နာရီခွဲတွင် မြောက်လတ္တီကျု ၂၂ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၀ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ရုတ်တရက်ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် နှိုးဆော်ထားသည်။ **(မိုး/ဇလ)**




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488

